www.burmeseclassic.com



BURMESE CLASSIC .com

# ဒေါက်တာမတင်ဝင်း

( ပညာရေးတက္ကသိုလ် )

# မိမိကိုယ်ကို သတ်သေသူများ

Than
Myint
Aung

www.burmeseclassic.com

www.burmeseclassic.com

**မိမိကိုယ်ကိုသတ်သေသူများ**
ပထမအကြိမ်၊ ၂၀၀၄ ခုနှစ် အောက်တိုဘာလ၊ အုပ်ရေ ၁၀၀၀

**အဖုံးပန်းချီ သန်းမြင့်အောင်**

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၉၀၈/ ၂၀၀၄(၁၀)နှင့်
စာမူခွင့်ပြုချက်အမှတ် ၈၀၀/ ၂၀၀၄(၉)တို့အရ
ဦးကျော်ဦး(၀၃၉၉၀) ပါရမီစာပေ၊ အမှတ် ၂၃၀၊ ၂၉ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်က ထုတ်ဝေ၍ မျက်နှာဖုံးနှင့်
အတွင်းစာသားကို ဦးကျော်သင်း(၀၅၈၂၉) သံလွင်ဦး
ပုံနှိပ်တိုက်၊ အမှတ် ၁၄၈၊ ၅၁ လမ်း၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်က ပုံနှိပ်သည်။

**တန်ဖိုး ၇၀၀ ကျပ်**

**ပါရမီစာပေ**
၂၃၀၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်(ဖုန်း ၂၅၃၂၄၆)
၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်
E-mail paramibk@myanmar.com.mm

BURMESE CLASSIC .com

## မာတိကာ

စာရေးသူ့အမှာ ၅
နိဒါန်း ၉
၁။ မိမိကိုယ်ကို ရှင်အောင်မွေးသူများ ၁၇
၂။ ရှင်သန်ချင်လျက် အမြစ်မသက်သူ ၂၆
၃။ ကျွန်တော် သေသင့်ပါတယ် ၃၄
၄။ မိမိကိုယ်ကို အရစ်ကျ သတ်သေနေသူများ ၄၄
၅။ ကိုယ့်ကိုယ်ကို ပြန်စားသူများ ၅၂
၆။ အကြွေးတင်ရင် ဆွေးမြည့် ကြေကွဲရတတ်တယ် ၅၉
၇။ ဘဝရှင်သန်ချင်ရင် အားမလျော့အောင် အစဥ်အားသွင်းထားမှ ရှင်သန်တယ် ၆၄
၈။ မနေ့က မနက်ပိုင်းမှာ ကျွန်မ၏တစ်စိတ်တစ်ဒေသ သေခဲ့သည် ၇၀
၉။ တကယ်တမ်း မပျော်ရွှင်နိုင်ရင် သေတာထက်ဆိုးသေးတယ် ၇၈
၁၀။ အသက်နဲ့ လောင်းကြေးမထပ်ခင်မှာ စဉ်းစားနော် ၈၆
၁၁။ သေတာထက် သည်းတဲ့ပြဿနာမရှိဘူး ၉၄

www.burmeseclassic.com

www.burmeseclassic.com




၁၂။ သေလောက်အောင် စိတ်ဆင်းရဲရခြင်း
အကြောင်း ၁၀၁

၁၃။ ဒေါသနဲ့သေတာတာ သိပ်ပြီးရှုံးတဲ့
ကိစ္စဖြစ်တယ် ၁၀၈

၁၄။ လူတွေမှာ သိပ်အားကောင်းတဲ့
အသက်ဓာတ်ရှိတယ် ၁၁၄

၁၅။ ကိုယ့်ကိုယ်ကို ပြန်မထူနိုင်ရင်
သေတတ်တယ် ၁၂၁

၁၆။ ပြဿနာတစ်စုံတစ်ရာကြောင့် မသေသင့်ဘဲ
သေရတာ အပြစ်ကြီးတယ် ၁၂၉

၁၇။ အတုယူမှားပြီး မိမိကိုယ်နဲ့ မိမိဘဝကို
ဖျက်ဆီးမပစ်ကြနဲ့ ၃၅

၁၈။ မသေလို့ ပျော်ရ သြော်ကောင်းလေစွတကား ၁၄၂

၁၉။ မသတ်ဘဲနဲ့လည်း သေတတ်တယ် ၁၄၉

၂၀။ လူတွေစိတ်ဓာတ်မကျဖို့
ပတ်ဝန်းကျင်မှာလည်း တာဝန်ရှိတယ် ၁၅၄

၂၁။ မမှန်တဲ့နည်းနဲ့ သေခြင်းဟာ
ထွက်ပေါက်မဟုတ်ဘူး ၁၆၀

၂၂။ မိမိကိုယ်ကို သတ်သေတဲ့နည်းကို
ဘဝကိုဆောက်တည်ခြင်းနဲ့ အစားထိုးပါ ၁၆၆

၂၃။ အရှုံးကို အပြုံးနဲ့ရင်ဆိုင်ရင်း
အသက်ကို ရှင်အောင်မွေးပါ ၁၇၄


## စာရေးသူ့အမှာ

မိမိကိုယ်ကို သတ်သေသူများ ဟူသောအမည်သည် ကြောက်ဖွယ် လန့်ဖွယ်ကောင်းသော အမည်စင်စစ် ဖြစ်ပါသည်။ လူတို့၏အသက်မှာ ပြောပလောက်အောင် ရှည်လှသည် မဟုတ်ပါ။ ထိုကဲ့သို့ များစွာတိုတောင်းလှသော ကာလတွင် လူဖြစ်ရကျိုးနပ်ရန် ရုန်းကန်လှုပ်ရှားနေရသည်မှာလည်း အချိန်များစွာကုန်ပါသေးသည်။ လူဖြစ်ရကျိုးမနပ်ဘဲ သေဆုံးသွားရသည်ဆိုလျှင်လည်း သေဆုံးသူအနေဖြင့် မသိသော်လည်း ကျန်ရစ်သူတွေးတောတတ်သူများအနေဖြင့် သြော် ကုသိုလ် အကုသိုလ် လောက်တောင်မှ မသိဘဲ သေသွားရရှာတယ်ဟု စိတ်စက်မကောင်းစွာ ပြောတတ်ကြသည်။

ထိုသို့ မိမိ၏အသက်ကို မိမိ မမှန်ကန်သောနည်းဖြင့် အဆုံးသတ်သွားသည့်ကိစ္စနှင့် ပတ်သက်သောပြဿနာကို စိတ်ပညာရှုထောင့် မှုခင်းပညာရှုထောင့်တို့မှ ချဉ်းကပ်ရေးသားထားသည့်ကျမ်းကြီးကျမ်းခိုင်များ ပညာပေးစာအုပ်များလည်း မနည်းပင်ရှိပါသည်။ အဘယ့်ကြောင့် မိမိကိုယ်ကို သတ်သေရသနည်းဟူ၍ စဉ်းစားသုံးသပ်သော စာအုပ်များလည်း ရှိပါသည်။

စာရေးသူကမူ ထိုကဲ့သို့ သွားသော သုတေသနနှင့်

www.burmeseclassic.com



ယှဉ်သည့် စာအုပ်မျိုးကို မရေးသားနိုင်ပါ။ ရေးသားရန်လည်း အချိန်မပေးနိုင်ပါ။ စာရေးသူ ရေးသားသော သတ်သေခြင်းသည် အသက်ကို သတ်ခြင်းတစ်ခုတည်းကို မိမိဘာသာ သတ်မိခြင်းနှင့်သာ ပတ်သက်သည်မဟုတ်ဘဲ မိမိ၏လုပ်ငန်း မိမိ၏သိက္ခာတို့ကို မိမိဘာသာ အညွန့်ကျိုးအောင် ချိုးမိသောသူများနှင့်လည်း ပတ်သက်ပါသည်။ မိမိ၏အဖိုးတန်အချိန်များကို အဟောသိကံ လုပ်မိသူများ၏အကြောင်းလည်း ပါဝင်ပါသည်။ ထုံးစံအတိုင်း စာရေးသူအားသန်သော တွေးတောသည့်ရှုထောင့်ကို အလေးထားကာ ရေးသားသော စာအုပ်တစ်အုပ် ဖြစ်ပါသည်။

ဤစာအုပ်ဖြစ်လာမည့် ဆောင်းပါးများကို မရေးခင် 'ရှင်ခြင်းနှင့်သေခြင်းကြားမှ ကျွန်မတို့တစ်တွေ' ကို အချစ်ဂျာနယ်တွင် ကျွန်မရေးသားခဲ့ပါသည်။ ထိုဆောင်းပါးများ ရေးသားရင်း မိမိကိုယ်ကို သတ်သေသည့်သူများ၊ အသက်ကို မသတ်သော်လည်း ဂုဏ်ကိုသတ်သည့်သူများ၊ သိက္ခာကို သတ်သည့်သူများ၊ မိမိ၏ပျော်ရွှင်မှုကို မိမိဘာသာ ဆုံးရှုံးအောင် ပြုမူမိသူများ စသည်ဖြင့် လူအမျိုးမျိုးတို့၏အကြောင်းကို ကြိုးစားကာ တင်ပြထားပါသည်။

လူအမျိုးမျိုးဖြစ်နေရသည်မှာ စိတ်အထွေထွေကြောင့် ဖြစ်ပါသည်။ စိတ်အမျိုးမျိုးတို့တွင် သေခြင်းကို တွန်းပို့နေသည်မှာ သတိတရားမရှိသောကြောင့်ဖြစ်သည်ဟု ဘုရားဟောနှင့်အညီ ဆိုရပါမည်။ သတိတရားကို လွှတ်ထားလိုက်မိသူသည်



အချိန်တိုင်းလိုလို မိမိကိုယ် စိတ် နှုတ်တို့ကြောင့် မိမိဘာသာရန်ပြုသည်နှင့်တူသော အလုပ်များကို လုပ်မိတတ်ကြသည့် အကြောင်းကို မိမိတို့ကြုံခဲ့ရသည့်သူများ၏ အကြောင်းနှင့်သော်လည်းကောင်း မိမိ၏အကြောင်းနှင့်သော်လည်းကောင်း နှိုင်းယှဉ်၍ စဉ်းစားမိကြစေလိုပါသည်။ ထိုသို့စဉ်းစားကာ ဆင်ခြင်မိပြီဆိုပါက စာရေးသူ ရေးရကျိုးနပ်သွားသည့် စာတစ်အုပ်ဖြစ်သွားပြီဟု ဆိုနိုင်ပါလိမ့်မည်။

စာဖတ်သူအပေါင်းကို မေတ္တာပို့သလျက်ရှိပါသည်။

www.burmeseclassic.com

# နိဒါန်း

စာဖတ်သူတို့ရေ

ရှင်ခြင်းနဲ့ သေခြင်းအကြောင်းကို အပုဒ် ၂၀ တိတိ ရေးပြီးတော့ ဆက်ရေးမိတဲ့ခေါင်းစဉ်ကြီးကလည်း ကြည့်ပါဦးတော့၊ 'မိမိကိုယ်ကို သတ်သေသူများ' တဲ့။ သို့ပေမယ့် စာဖတ်သူများ ထိတ်လန့်ကြောက်ရွံ့ခြင်း နှလုံးမသာယာဖြစ်ခြင်း စတဲ့မကောင်းတဲ့ခံစားမှုမျိုးကို မခံစားစေရပါဘူး။ ဒီခေါင်းစဉ်ကို စပြီးရေးတော့မယ်ဆိုတော့ ထုံးစံအတိုင်း သမီးကို ဘာက စပြီးရေးမယ်ဆိုတာကို ပြောပြပါတယ်။ ပြောရင်းပြောရင်း သားအမိနှစ်ယောက် ရယ်လိုက်ရတာ မောနေတာပါပဲ။

ကိုင်း စလိုက်ကြစို့နော်။ တစ်ခါတုန်းက တောရွာတစ်ရွာမှာ ဖြစ်ခဲ့တာပါတဲ့။ မိုးကျချိန်မှာ ဖားရိုက်ဖို့ ဦးကြီးတစ်ယောက်က မီးအုပ်ဆောင်းနဲ့ ဖားရိုက်ထွက်ခဲ့ပါသတဲ့။ သူက သူသွားနေကျ ရွာဆိုးကုန်းဘက်ကို ထွက်ခဲ့ပါတယ်။ ရွာဆိုးကုန်းဆိုတာ ရွာတစ်ရွာလုံး အကြောင်းမလှတဲ့အခါမှာ တခြားနေရာကို ပြောင်းသွားတော့ ကျန်ရစ်တဲ့သစ်ပင်တို့ တဲပျက်တို့ကို တောဖုံးပြီး ကုန်းဖြစ်နေတဲ့နေရာကို ခေါ်တာပါ။ အဲသည်နေရာကို နေ့လယ်မှာတောင် လူသူလေးပါး မဖြတ်ချင်

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရွာတိုင်းမှာ သင်္ချိုင်းရှိတယ်လေ။ သင်္ချိုင်းဟောင်းဆိုတော့ လူတွေက ပိုကြောက်တတ်ကြပါတယ်။ အကြောင်းကတော့ လူသူကင်းဝေးနေတဲ့အပြင် ပိုပြီး ပျက်စီးနေလို့ ဖြစ်ပါတယ်။

ဦးကြီးက ရွာဆိုးကုန်းဘက်ကိုသွားတာက မကြောက်တတ်လို့ပါပဲ။ လူသူအများမလာလေ လိုချင်တဲ့ဖားတွေက ပိုပြီးဆူဖြိုးလေလေပေါ့။ အကောင်ကြီးတဲ့အထိ နေကြရတာကိုး။ အဲသည်လို သူက ရွာဆိုးကုန်းဘက်ကို မီးအုပ်ဆောင်းကလေးနဲ့ သွားနေတုန်းမှာ အဲသည်ညကျမှ ထူးထူးခြားခြား သူ့ရှေ့ မလှမ်းမကမ်းမှာ မီးအုပ်ဆောင်းကိုင်ပြီး လျှောက်သွားနေတဲ့ သူတစ်ယောက်ကို မြင်ရပါတယ်တဲ့။ ဦးကြီးက အံ့ဩသွားတာပေါ့။ အောင်မယ် ငါ့စားကျက်လုမယ့်ကောင် တစ်ကောင်တော့ ပေါ်လာပြီ။ ဘယ်သူပါလိမ့်မလဲဆိုပြီး ခပ်သုတ်သုတ် လိုက်ပါတယ်တဲ့။ အနားရောက်တော့လည်း မီးအုပ်ဆောင်းအရောင်ဆိုတာ အောက်ဘက်ကိုသာ ဖြာနေတတ်တော့ ဘယ်သူမှန်း မသဲကွဲပါဘူးတဲ့။

သို့ပေမယ့် ရွာသားချင်းရော ရွာနီးချုပ်စပ်က သူများကိုရော သိသူများတဲ့ ဦးကြီးက ဟေ့ကောင်လို့ ခပ်ဆတ်ဆတ် အသံကျယ်ကျယ်နဲ့လည်း ခေါ်လိုက်ရော ရှေ့ကလူက အောင်မယ်လေးဗျဆိုပြီး အော်ရင်း ခုန်လိုက်တာ ချော်ပြီး လဲပါလေရောတဲ့။ သူလဲကျသွားမှ ဦးကြီးရဲ့ မီးအုပ်ဆောင်းအရောင်နဲ့ သူ့မျက်နှာကို မြင်ရပါတယ်။ သြော် ဟကောင် ဖြားကြီးလို့



ဦးကြီးက လှမ်းခေါ်ရင်း မင်းဘာလုပ်ဖို့ ရွာဆိုးကုန်းကို လာတာလဲလို့မေးတော့ ဖြားကြီးက ရုတ်တရက် မဖြေဘူးတဲ့။ သူ့မီးအုပ်ဆောင်းကလည်း သူလဲအကျမှာ ဘေးဘက်ကို စဉ်သွားပြီး မီးငြိမ်းသွားပါသတဲ့။ ဦးကြီးက မဖြေလေလေ သေသေချာချာ ကြည့်လေလေဆိုတော့ ဖြားကြီး လက်တစ်ဖက်မှာ ကြိုးခွေကြီးကိုင်ထားတာကိုလည်း မြင်ရပါသတဲ့။ အဲသည်တော့ ဟကောင်၊ ကြိုးခွေက ဘာလုပ်ဖို့လဲ၊ ထစမ်းပါဦးဆိုတော့ ကျုပ် ကျုပ်လေ စိတ်ညစ်လွန်းလို့ ရွာဆိုးကုန်းက ကုက္ကိုပင်မှာ ဆွဲကြိုးချ သေမလို့ပါဗျာလို့ ဖြေရင်း ဖြားကြီးက ထလာပါသတဲ့။

အဲသည်တော့ ဦးကြီးက စိတ်တိုလာတာနဲ့ သေမယ်ဆိုလည်း ကြယ်ရောင်တွေ ရှိနေသားပဲ။ ဖားရိုက်ထွက်တာမှ မဟုတ်ဘဲ၊ ဘာဖြစ်လို့ မီးအုပ်ဆောင်းကို ယူလာရသလဲလို့ ငေါက်ပြီးမေးတာပေါ့လေ၊ တောမှာဆိုတော့ တစ်ရွာလုံးက ဆွေလိုမျိုးလိုနေကြတာလေ။ ကိုယ့်ဦးကြီးအရင်းမဟုတ်ပေမယ့် ဦးကြီးလို့ခေါ်သလို ဦးကြီးအရင်းလိုလည်း ချစ်ခင်လေးစားကြတော့ ငေါက်တာနဲ့ ပိုကြောက်သွားပြီး ဖြားကြီးက မြွေ မြွေ ကိုက်မှာစိုးလို့ပါဗျာလို့ ဖြေပါသတဲ့။ ကျွန်မကသမီးကို အဲသည်အကြောင်းရောက်အောင် ပြောပြပြီးတာနဲ့ နှစ်ယောက်သား ဝါးကနဲ ရယ်မိကြပါတယ်။

ဦးကြီးက စိတ်တိုသွားတာပေါ့။ သေမယ့်အရေးမှာ မြွေကိုက်မှာစိုးရသေးသလားဟဲ့လို့ အော်ရင်း ကိုင်း ငါလည်း

www.burmeseclassic.com

www.burmeseclassic.com



သွားတော့မယ်။ မင်းသေချင်လည်း ဆက်သာသွားတော့လို့ ပြောတော့ မောင်ဖြားကြီးက နေပါဦး ဦးကြီးရယ်၊ ကျုပ် မီးအုပ်ဆောင်းက ငြိမ်းသွားလို့ ဦးကြီးနဲ့လိုက်ပါရစေဆိုပြီး လိုက်လာပါသတဲ့။ အောင်မယ် ရွာဆိုးကုန်းက သင်္ချိုင်းနားကိုရောက်တော့ သူက သမ္ဗုဒ္ဓေကို အယောင်ယောင်အမှားမှားနဲ့ ရွတ်သေးတာပါတဲ့။

မောင်ဖြားကြီး မသေဖြစ်ပါဘူး။ ရွာဘက်ကို ဦးကြီး ပြန်လာတော့ သူကလည်း ကုပ်ကုပ် ကုပ်ကုပ်နဲ့ ပြန်လိုက်လာတာတဲ့။ တခမ်းတနား မီးအုပ်ဆောင်းကိုပါယူပြီး သေမလို့ ထွက်သွားတဲ့ မောင်ဖြားကြီးလည်း လူကတော့ မသေပါဘူး။ နာမည်ကတော့ ရွာသားတွေပါးစပ်ဖျားမှာ ပျက်သွားတော့တာပေါ့။ ရယ်ပွဲဖွဲ့စရာ ဖြစ်သွားတော့တာပေါ့။

ကိုင်း တစ်ယောက်လောက်နဲ့ ရယ်စရာမဟုတ်သေးပါဘူး။ နောက်တစ်ယောက်အကြောင်း ပြောကြသေးတာပေါ့။ ရွာတစ်ရွာမှာ ဖြစ်တာပါပဲ။ ရွာကလူတွေချည်း မိမိကိုယ်ကို သေကြောင်းကြံတာ မဟုတ်ပါဘူး။ မြို့ဆိုတော့ လူနေကျပ်ပြီး ဖြစ်ရပ်တွေကို သိဖို့က မလွယ်ပါဘူး။ အဲဒါကြောင့် မြို့က လူတွေအကြောင်းကို မပြောမိတာပါ။

ကိုင်း ဆက်ပြီး ပြောပါရစေ။ ရွာသားတစ်ယောက်က သစ်ပင်ပေါ်ကိုတက်ပြီး သူ့ကိုယ်သူကြိုးကွင်းစွပ်ပြီး ခုန်ချတဲ့ အထိ အောင်မြင်ပါတယ်။ ကြိုးကွင်းမှ နှစ်ကွင်းတောင် စွပ်



တာပါတဲ့။ သို့ပေမယ့် သူက မသေပါဘူး။ ဘာဖြစ်လို့ မသေသလဲဆိုတော့ သူကြိုးကွင်းစွပ်တာက လည်ပင်းမှာ မစွပ်ဘဲ ချိုင်းတစ်ဖက်တစ်ချက်မှာ တစ်ကွင်းစီစွပ်တာပါတဲ့။ အဲသည်တော့ ခုန်ချလိုက်တာနဲ့ ပခုံးအဆစ်တွေက ပြုတ်ပြီး လူက မသေဘဲ ကြိုးတန်းလန်းနဲ့ ချာလည်ချာလည်ဖြစ်ပြီး လာကြပါဦးဗျ၊ ကယ်ကြပါဦးဗျလို့ အော်နေရပါသတဲ့။ ဒုက္ခ ဒုက္ခ။ လူတွေက တွေ့ပြီး ကယ်ရတာပေါ့။

အဲသည်လို ကယ်ပြီးမှ သူ့သူငယ်ချင်းက ဟကောင်မင်းဘာဖြစ်လို့ အဲသည်လို ကြိုးကွင်းနှစ်ကွင်း တန်းလန်းနဲ့ ဒုက္ခရောက်နေရတာတုံးလို့ မေးပါသတဲ့။ သတ်သေတယ်လို့ ဆိုရအောင်ကလည်း ကြိုးက လည်ပင်းမှာစွပ်ထားတာမဟုတ်၊ ကြိုးကလည်း နှစ်ကွင်းဖြစ်နေတော့ လူသူမရှိမှ မေးရတာပေါ့လေ။ အဲသည်တော့ သေကြောင်းကြံတဲ့သူက ငါသေချင်လို့ သေကြောင်းကြံတာပါကွာလို့ ဖြေပါသတဲ့။ အဲသည်တော့ သူငယ်ချင်းက ဟကောင် မင်းက သေကြောင်းကြံတာဆိုရင် ဘာဖြစ်လို့ ကြိုးကို လည်ပင်းမှာမစွပ်တာလဲလို့ ဆက်ပြီး မေးပြန်တာပေါ့။ သေကြောင်းကြံသူကလည်း ဖြေပါသတဲ့။ လည်ပင်းမှာစွပ်ရင် လည်ပင်းအစ်မှာပေါ့ကွလို့ ဖြေပါသတဲ့။ အဲသည်လိုပါပဲ။ လူ့လောကမှာ ရယ်စရာတွေက ကြိကြိဖန်ဖန်တွေ ရှိနေတတ်ပါတယ်။

ကျွန်မရေးတော့မှ စာဖတ်သူများထဲမှာလည်း ပြောချင်စရာ သေကြောင်းကြံနည်းအမျိုးမျိုး ရှိနေမှာဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနဲ့ ဆိုဗီယက်မှာ အတူတူစာသင်ခဲ့တဲ့ ဆရာကြီး တစ်ယောက်က တိုက်အမြင့်ကြီးတွေကို ကြည့်ရင်း အင်း သည်လိုတိုက်ပေါ်က ခုန်ချရင်တော့ သေလောက်ပါတယ်လို့ မဦးမချွတ် ပြောလိုက်ပါတယ်။ ကျွန်မက လန့်သွားပြီး ဟာ ဆရာကြီး။ ဘာတွေပြောနေတာလဲလို့ မေးမိတာပေါ့။ ဆရာကြီးက မဟုတ်ဘူး ဆရာမ၊ ကျွန်တော်တွေးနေတာက အဲသည်လောက်မြင့်တဲ့တိုက်ပေါ်က သေချင်လို့ ခုန်ချရင်း အောက်မရောက်ခင် စိတ်ပြောင်းသွားရင် ဒုက္ခပဲလို့ တွေးမိလို့ပါဗျာလို့ ပြောပါတယ်။

ကျွန်မကလည်း ဆရာကြီးနှယ် ကြံကြံဖန်ဖန်တွေးတတ်တယ်။ ဒါပေမဲ့ ခုန်ချတဲ့သူတွေ အဲသည်လိုစိတ်ပြောင်းမပြောင်းကို သုတေသနလုပ်ဖို့ မလွယ်ဘူးထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အောက်ရောက်ရင် သေကုန်ကြတာကိုးလို့ ပြောတော့ သူငယ်ငယ်က နေခဲ့တဲ့မြို့ကလေးမှာ သူကိုယ်တိုင်မြင်ခဲ့တာကို ပြန်ပြောပါတယ်။

လူငယ်ကလေးတစ်ယောက်ဟာ မိန်းကလေး တစ်ယောက်က ပြန်မချစ်လို့ သူ့ကိုယ်သူ သတ်သေမယ်ဆိုပြီး အဆိပ်သောက်ချလိုက်ပါသတဲ့။ သောက်ပြီးလို့ မကြာခင်မှာ အိမ်ပြင်ထွက်ပြီး လာသမျှလူတွေကို ကယ်ကြပါဦးဗျာ။ ကျွန်တော် အခုပဲ အဆိပ်သောက်မိပါတယ်။ ဒါပေမဲ့ မသေချင်တော့ပါဘူး။ ကယ်ကြပါဦးဆိုပြီးတော့ ငိုကြီးချက်မနဲ့ အကူအညီ တောင်းပါသတဲ့။ ကြားတဲ့သူများကလည်း ဟာ ခက်



လိုက်တဲ့ကောင်ဆိုပြီး ဆေးရုံကို မြန်မြန်ပို့ရတာပေါ့။ သေတော့ မသေပါဘူး။ သေကြောင်းကြံစည်မှုနဲ့ အမှုဖြစ်တာတို့ အားလုံးက သူ့ကိုမြင်တာနဲ့ ချဉ်ကုန်ပါသတဲ့။ ကောင်မကလေးကဆိုရင် သူ့ကိုမြင်ရင် မစင်ကိုမြင်ရသလို ဖြစ်တာပေါ့။ သူ့နာမည်က မလိုဘဲ ပါနေရတာကိုး။

ကိုင်း ဒေါက်တာမတင်ဝင်း ဘာများရေးချင်လို့ အဲသည်လို ကြောင်တောင်တောင် လူတွေအကြောင်းကို ရေးနေရတာလဲဆိုတာကို ဆက်ပြီးပြောပြချင်ပါတယ်။ အခုတင်ပြခဲ့တဲ့အထဲမှာ လူတွေဟာ စိတ်ညစ်လွန်းလို့ စိတ်ဓာတ်ကျလွန်းလို့ သေကြောင်းကြံရာမှာတောင် ဘဝကိုခင်မင်တွယ်တာနေတဲ့ ဘဝတဏှာကို သိသိသာသာ ပြနေခဲ့ပါတယ်။ သူ့ဘာသာသူတော့ သိချင်မှ သိမှာပေါ့လေ။ သေဖို့အသွား လမ်းမှာ မြွေကိုက်မှာစိုးတဲ့သူ၊ လည်ပင်းအစ်မှာစိုးလို့ လည်ပင်းမှာ ကြိုးကွင်းမစွပ်တဲ့သူ၊ အဆိပ်သောက်ပြီးမှ ကူပါကယ်ပါလုပ်နေတဲ့သူ စသည်ဖြင့်ပေါ့လေ။

တကယ်တော့ လူတိုင်း သေရမှာ ကြောက်ပါတယ်။ အဲသည်လို သေရမှာကြောက်တဲ့သဘောက လူများရဲ့ ပုံမှန်သဘောထား ဖြစ်ပါတယ်။ **ပုံမှန်သဘောထားကို ဖောက်ပြီး သေကြောင်းကြံတာက သူ့စိတ်အထားဟာ ပုံမှန်နေရာမှာ မရှိတော့လောက်အောင် လွဲချော်သွားလို့** ဖြစ်ပါတယ်။ စိတ်ဓာတ်ကျတဲ့သဘောပေါ့။ သို့ပေမယ့် စိတ်က ရုတ်ခြည်းပြောင်းတတ်တော့ သေချင်လျက်နဲ့ မသေအောင်လုပ်နေတတ်တာကို ဆင်

www.burmeseclassic.com



ခြင်ကြည့်ရင် မြင်သာပါတယ်။ ပြီးတော့ သေမယ့်သူဟာ စိတ်ဓာတ်ကျတာထက် လက်စားချေလိုတဲ့ ဦးတည်ချက်ကလည်း ရှိနေပါလိမ့်မယ်။ သူသေမှ သိမယ်။ ခံစားရစေမယ်ဆိုတာမျိုးပေါ့။ ဘယ်လိုပဲဖြစ်ဖြစ်လေ လူ့ဘဝမှာ အဖိုးအတန်ဆုံးဖြစ်တဲ့ ဘဝနဲ့ရင်းပြီး လောင်းကစားလုပ်တဲ့ သဘောမျိုးပါပဲ။

ကျွန်မ တကယ်တမ်း တင်ပြချင်တာကတော့ အသက်ကို ဘဝနဲ့ညီမျှကိန်းဆွဲပြီး ကိုယ့်ဘဝကို သိသိတစ်မျိုး၊ မသိဘဲနဲ့ တစ်မျိုး ကိုယ့်ဘာသာကိုယ်ဖျက်ဆီးနေတာ၊ တိုးတက်မယ့်အညွန့်ကိုဖြတ်ပြီး ကိုယ့်ဘာသာကိုယ် သတ်နေတာတွေကို တင်ပြချင်တာပါ။

## မိမိကိုယ်ကို ရှင်အောင်မွေးသူများ

မိမိကိုယ်ကို သတ်သေသူများဆိုတဲ့ ခေါင်းစဉ်အောက်မှာ ရှင်အောင် မွေးသူများအကြောင်းကို ပြောကြည့်သေးတာပေါ့။

အခုတလောမှာ မြန်မာ့ရုပ်မြင်သံကြား ပရိသတ်များ စိတ်ဝင်စားနေကြတဲ့ ကိုရီးယားဇာတ်ကားများကို သာဓကအဖြစ်ထားပြီး မိမိကိုယ်ကို ရှင်အောင် မွေးသူများအကြောင်းကို ပြောကြည့်ကြရအောင်ပါ။ အဲသည်လိုမပြောခင်မှာ ကိုရီးယားဇာတ်ကားများကို လူကြိုက်ဘာကြောင့်များသလဲဆိုတာ ကျွန်မစဉ်းစားမိသလို ပြောဆိုကြည့်ပါရစေ။

ပထမအချက်က လူများစုကို ကိုယ်စားပြုတာပါ။ သူဌေးတွေပါနေပေမယ့် ပဓာနဇာတ်ဆောင်များက လူပ်ရှားရုန်းကန်ကာ ကြိုးစားနေရသူ လူငယ်လူရွယ်များကို ကိုယ်စားပြုပါတယ်။ အဲသည်လို ကြိုးကြိုးကုတ်ကုတ် အားထုတ်နေတဲ့အချိန်မှာ ရုန်းကန်နေကြရတဲ့သူအချင်းချင်းကြားမှာ သဘောထားမှန်တဲ့သူနဲ့ သဘောထားမမှန်တဲ့သူဆိုပြီးလည်း သိသာစွာကွဲပြားသွားပါတယ်။

ဇာတ်လမ်းကလည်း လူငယ်များအတွက် စိတ်ဝင်စားဖွယ်ကောင်းသလို သဘောထားမှန်တဲ့ ကြိုးစားတဲ့သူများဟာ

www.burmeseclassic.com



နောက်ဆုံးတော့ နေရာကောင်းတစ်ခု ရလာတာပဲဆိုတဲ့ မျှော်လင့်ချက်ကိုလည်း ကိုရီးယားဇာတ်ကား အများစုမှာ ပေးထားတတ်ပါတယ်။

ပြီးတော့ ကိုရီးယားဇာတ်ကားများထဲက ဇာတ်ဆောင်များဟာ အမှုအရာ သေမသွားတတ်ပါဘူး။ လူဆိုးဆိုရင် လူကောင်းခန်းကို ဘယ်တော့မှ ပြန်မရောက်တော့တာမျိုး မဖြစ်ပါဘူး။ လူကောင်းအဖြစ် သရုပ်ဆောင်တဲ့ ဇာတ်ကောင်ဟာ လူဆိုးအဖြစ် သရုပ်ဆောင်ရတော့လည်း မဲ့ရွဲ့ပြတာမပါဘဲနဲ့ တကယ့်ကိုကြောက်စရာဖြစ်အောင် သရုပ်ဆောင်တတ်ပါတယ်။ နောက်တစ်ကားကျတော့လည်း သူက လူကောင်းဖြစ်နေပြန်ရော။ ဥပမာကို ထင်ရှားစွာပြမယ်ဆိုရင် သိပ်လှတဲ့ သိပ်တော်တဲ့ ယူမီဘဝမှာ လူမုန်းအများဆုံး ဇာတ်ရုပ်ကို စီးထားခဲ့တဲ့ အမျိုးသမီးဇာတ်ဆောင်ဟာ ရင်ယှိုအဖြစ် နောက်တစ်ကားမှာ သရုပ်ဆောင်တော့လည်း တကယ့်ကိုရိုးသားတဲ့သူ သစ္စာရှိတဲ့သူ ချစ်တတ်တဲ့သူကလေး ဖြစ်ပြန်ရော။ အဲသည်လို Character actor များဖြစ်ဖို့ရာ သရုပ်ဆောင်ပညာမှာ ကျွမ်းဖို့လည်း လိုပါလိမ့်မယ်။ ဘေးကလည်း ပံ့ပိုးနိုင်ရပါလိမ့်မယ်။

ကျွန်မ သတိထားမိတာကတော့ မိတ်ကပ်ကလည်း စကားပြောပါတယ်။ မိတ်ကပ်အရောင်ရင့်ရင့်နဲ့ ကောက်ကြောင်း ထင်းထင်းဆိုရင် မျက်နှာကြောက မာသွားတတ်တာကိုး။ အမှုအရာကလည်း လိုအပ်ပါတယ်လေ။ ဒါရိုက်တာရင် လုပ်ခဲ့တဲ့သူက တည်ကြည်အေးဆေးတယ်။ မိတ်ကပ်လည်း



သင့်တင့်စွာပေးထားပါတယ်။ ဒေါက်တာကင်အဖြစ် သရုပ်ဆောင်ရတော့ မိတ်ကပ်လည်း ပိုပြီးတင်ထားပါတယ်။ သရုပ်ဆောင်တဲ့နေရာမှာလည်း မျက်လုံးအကြည့် စူးရဲပါတယ်။ လှုပ်ရှားမှုက ပိုပြီးမြန်တယ်။ လက်ကအစ လမ်းလျှောက်ရင်ကားနေတယ်စသည်ဖြင့် အကြံကြီးသူ ကြိုးစားသူ မညှာတာသူအဖြစ် အောင်မြင်စွာ သရုပ်ဆောင်ခဲ့ပါတယ်။

များသောအားဖြင့် ကိုရီးယားကားထဲမှာ ဆိုးရတဲ့သူနဲ့ ပတ်သက်ရင်လည်း ဇာတ်ကြောင်းမှာ ဖြေစရာကလေးတွေ ပါတတ်ပါတယ်။ ပဓာနဇာတ်ဆောင်များဆိုရင် အဲသည်လို ဖြေထားတဲ့ဇာတ်ကွက်တွေ ပိုပြီးပါတာပေါ့လေ။ ကိုင်းပါလေ ကျွန်မပြောတာတွေကို ပွဲကြည့်ပရိသတ်အချင်းချင်းမို့ သဘောတူကြမှာ ဖြစ်ပါတယ်။

အခုပြသဆဲဖြစ်တဲ့ 'ဟိုတယ်ချစ်သူ'ဇာတ်ကားထဲမှာ ဟိုတယ်ပိုင်ရှင်ကအစ ဟိုတယ်ဝန်ထမ်းအားလုံး ကျရာနေရာကနေပြီး ဧည့်သည်များ စိတ်ကြိုက်ဖြစ်အောင် ကြိုးစားကြပုံတွေကို ပြသထားတာ ကြည့်ကြရပါတယ်။ အဲသည်လို သေသေချာချာ ကြိုးစားကြရင်လည်း အမှားအယွင်းမကင်းနိုင် ဖြစ်တတ်ကြပါတယ်။ တကယ်တော့ ဟိုတယ်ကိုလာပြီး တည်းခိုတဲ့အခါ ငွေကြေးအများကြီးပေးပြီး တည်းခိုပေမယ့် အဲသည်ညှော့သည်က အိမ်ပြန်သွားရင် သူလိုငါလိုလူတွေပဲ များပါတယ်။ တချို့ဆိုရင် တစ်ပြားကို နှစ်ပြားမှတ်လို့ ခွာသွားသူတွေတောင်မှ ဖြစ်နေနိုင်ပါသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့် တာဝန်နဲ့လာရသခိုက် သူများစရိတ်နဲ့ လာရသခိုက် ကောင်းကောင်းနေလိုက်မယ်ဟဲ့ဆိုပြီး လာရောက်တည်းခိုသူများလည်း ရှိနိုင်တာပေါ့။ ကုမ္ပဏီစရိတ်ကို စားနိုင်တဲ့သူများဆိုရင်ပေါ့လေ။ အဲသည်လို လူမျိုးထဲက တချို့ဟာ သောက်စားမူးယစ်ပြီး ဂျီကျတတ်ပါတယ်။ ရုပ်ရှင်ထဲမှာလည်း သူဌေးသားကလည်း ကုမ္ပဏီဝန်ထမ်းအဖြစ် အမေခိုင်းလို့သာ လုပ်နေရတယ်၊ ထောင့်က မကျိုးချင်။ အဲသည်အထဲမှာ ဧည့်သည်ကလည်း သိပ်မူးပြီး ပြဿနာဖြစ်ကြပါတယ်။ ကုမ္ပဏီက မန်နေဂျာတို့ အထွေထွေမန်နေဂျာတို့ ရောက်လာတဲ့တိုင်အောင် ဧည့်သည်က မကျေနပ်ဘဲ စာနယ်ဇင်းတွေသိသွားရင် ဘာမှတ်သလဲ။ ရဲကိုခေါ်မယ်စသည်ဖြင့် ဟိုတယ်စီးပွားရေးကို ထိခိုက်နိုင်မယ့် နိုင်ကွက်တွေကို လုပ်မယ်လို့ ခြိမ်းခြောက်နေပါတယ်။ နောက်တော့ ဟိုတယ်ပိုင်ရှင်သူဌေးဖြစ်သူ အမျိုးသမီးကြီးဟာ ဧည့်သည်ရှေ့မှာ နာရီဝက်ကြာအောင် ဒူးထောက်ပြီး တောင်းပန်ခဲ့ရပါတယ်။ ဟိုတယ်မှာ ကျွန်မက တာဝန်အရှိဆုံးဆိုတော့ ကျွန်မပဲ တောင်းပန်ပါရစေဆိုပြီး သားလောက်အရွယ် ဧည့်သည့်ရှေ့မှာ ဒူးထောက်တောင်းပန်တာပါ။ ကျွန်မသတိထားမိတာကတော့ သူတို့ဆီမှာ ဒူးထောက်တောင်းပန်တာဟာ အလေးနက်ဆုံး တောင်းပန်ခြင်း ဖြစ်ပါတယ်။

ဟိုတယ်ပိုင်ရှင် အမျိုးသမီးကြီးဟာ သူ့အတွက် ဝမ်းနည်းပြီး မျက်ရည်ကျနေတဲ့ မန်နေဂျာ အမျိုးသမီးကလေးကို ပြောတဲ့စကားက သိပ်ကောင်းတာပါပဲ။ ဟိုတယ်မှာလာပြီး



တည်းခိုတဲ့ဧည့်သည်များဟာ အပြင်ရောက်သွားရင် သူလိုငါလို လူများဖြစ်နိုင်ပါတယ်တဲ့။ ဒါပေမဲ့ ငါတို့ဟိုတယ်ကို ရောက်လာတယ်ဆိုရင်တော့ ငါတို့ဧည့်သည်ဖြစ်သွားပြီ။ ငါတို့ဟာ သူတို့စိတ်တိုင်းကျဖြစ်အောင် ဆောင်ရွက်ပေးဖို့ တာဝန်ရှိပြီ။ အဲသည်လိုလုပ်ပေးနိုင်ရင် ငါပျော်တာပါပဲဆိုတဲ့ အသွားမျိုးနဲ့ စကားကို ပြောခဲ့ပါတယ်။

တကယ်တော့ ဧည့်သည်များ လာရောက်တယ်ဆိုရင် ကိုယ်မကြိုက်တဲ့ အပြုအမူကိုလုပ်နေသည်ဖြစ်စေ အိမ်ရှင်က သည်းခံပြီး ပြုစုရတာ ယဉ်ကျေးတဲ့သူတိုင်းရဲ့ တာဝန်ဖြစ်ပါတယ်။ ဟိုတယ်များမှာဆိုရင်တော့ အကောင်းဆုံးသော ဝန်ဆောင်မှုကို ပေးရမှာပေါ့။ သူများအိတ်ထဲက ပိုက်ဆံတွေအများကြီးကို ကိုယ့်အိတ်ထဲရောက်လာအောင် လုပ်ရတဲ့ကိစ္စပဲလေ။ ဧည့်သည်က ကိုယ့်လောက်မချမ်းသာဘူးပဲ ထားပါ။ များသောအားဖြင့်လည်း အဲသည်လိုပါပဲ။ သို့သော် ဘယ်လိုဧည့်သည်မျိုးရဲ့ ငွေကြေးကိုမဆို တန်ဖိုးထားပြီး ဝန်ဆောင်မှုအပြည့်ပေးရမှာပါပဲ။ အဲသည်လိုလုပ်တတ်လို့လည်း သူတို့ဆီမှာ အပြိုင်အဆိုင်များသလောက် အပြိုင်အဆိုင်များထဲမှာ ထူးထူးချွန်ချွန် ထိုးဖောက်ဆောင်ရွက်တတ်တဲ့သူတွေက ပိုပြီးကြီးပွားသွားကြတာပဲပေါ့။

တစ်ခါတုန်းက နိုင်ငံတစ်နိုင်ငံက မြန်မာသံရုံးမှာ အမှုထမ်းနေတဲ့ အရာရှိကြီးတစ်ဦးရဲ့ မိခင်ဟာ အလည်အပတ်သဘောမျိုးနဲ့ နိုင်ငံခြားတိုင်းပြည်တစ်ပြည်မှာ ရောက်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com



သားထံကို လိုက်သွားပါတယ်တဲ့။ သူ့သားနဲ့ ကားပေါ်မှာ လိုက်သွားရုံပဲဆိုပြီး အဝတ်အစားလည်း လဲမသွားမိပါဘူးတဲ့။ သို့ပေမယ့် သူ့မှာ ပိုက်ဆံလည်းပါလာတယ်။ စိန်ရွှေရတနာ လက်ဝတ်တန်ဆာများ ရောင်းတဲ့ဆိုင်ကို ရောက်တော့ ဝင်ကြည့်ချင်စိတ်လည်းပေါ်လာတာနဲ့ ဝင်ကြည့်ပါသတဲ့။ သူဟာ အနွေးထည်အဟောင်းကြီးကို ဝတ်ထားတဲ့တိုင် အရောင်းစာရေးများက လေးလေးစားစားနဲ့ ပစ္စည်းများကို ပြပါသတဲ့။ အဲသည်တော့ စိန်လက်စွပ်တစ်ကွင်း ဝယ်ဖြစ်ပါသတဲ့။

မြန်မာနိုင်ငံမှာတော့ ကျွန်မတို့တက္ကသိုလ်ကျောင်းသူဘဝကတည်းက ပြောစကားတစ်ခုရှိပါတယ်။ စိန်လက်စွပ်သွားဝယ်မယ်ဆိုရင် စိန်လက်စွပ်ရွေးမယ့်လက်မှာ ပတ္တမြားလက်စွပ်ကလေးဖြစ်ဖြစ် ဝတ်သွားနော်။ နို့မဟုတ်ရင် စိန်လက်စွပ်ကို ကောင်းကောင်းပြမှာ မဟုတ်ဘူး။ ဖိနပ်ဝယ်မလို့လား၊ ဖိနပ်စုတ်ကိုတော့ စီးမသွားလေနဲ့ စသည်ဖြင့်ပေါ့လေ။ အခုခေတ်လိုခေတ်အမြင်နဲ့ စီးပွားရေးအမြင် ပွင့်လန်းပါတယ်လို့ ပြောရမယ့်ခေတ်မှာတောင်မှ အဲသည်အစဉ်အလာကို မဖျက်နိုင်ကြသေးပါဘူး။ ပိုတောင်ကဲနေတတ်ကြပါတယ်။ တချို့စတိုးဆိုင်ကြီးတွေကို ဝင်သွားတဲ့အခါ ဘာများအလိုရှိပါသလဲရှင်လို့ ပြုံးပြုံးကလေး မေးမယ်များ မထင်ပါလေနဲ့။ မျက်နှာတင်းတင်း မျက်နှာသေသေနဲ့ 'ယနေ့ရောက်လာ မိတ်သဟာ ငါတို့လောက်မှ မချမ်းသာ' ဆိုတဲ့ သဘောနဲ့ ကြည့်နေတတ်ကြပါတယ်။ တချို့သောစတိုးဆိုင်များမှာ အရောင်းစာရေးများ



က သူဌေးမိသားစုရဲ့ ဆွေမျိုးတွေဆိုတော့ ယဉ်ကျေးဖွယ်ရာ ပြုရမယ်ဆိုတာ သူတို့နဲ့မဆိုင်သလို အောက်မေ့နေတတ်ကြပါတယ်။ ထူးတော့လည်း မထူးပါဘူး။ ရိုးရိုးအရောင်းဝန်ထမ်းများလည်း အဲသည်လိုပါပဲ။

သူတို့တွေးသလို လာသမျှလူအများစုဟာ သူတို့လောက် မချမ်းသာတာတော့ အမှန်ပါပဲ။ သို့ပေမယ့် အဲသည်လို သာမန်လူများ လူလတ်တန်းစားများရဲ့ အိတ်ထဲက ပိုက်ဆံတွေ သူတို့စတိုးဆိုင်ထဲကိုဝင်လာလို့ သူတို့မီးခံသေတ္တာထဲကို ရောက်လာလို့ သူတို့ချမ်းသာလာတာ မဟုတ်ပါလား။ ဘယ်သူ့မှ မရောင်းရရင် နေပါစေဆိုပြီး စတိုးဆိုင်ထပြီးဖွင့်တာ မဟုတ်ပါဘူး။ ရောင်းချင်လို့ ဖွင့်တာဖြစ်ပါတယ်။ သို့ပေမယ့် မရောင်းရလေ ကြိုက်လေဆိုတဲ့ မော့တော့တော့မျက်နှာနဲ့ ဆက်ဆံရေးကျဲနေကြသမျှ သူတို့ဆီမှာ အကုန်သုံးခဲ့မယ့်ပိုက်ဆံတွေဟာ ဝင်လာသူများရဲ့ အိတ်ထဲမှာ ပြန်ပါသွားမှာပါပဲ။

ကြွယ်ဝတဲ့နိုင်ငံမှာ အင်္ကျီအဟောင်းနဲ့ စိန်လက်စွပ်ဝယ်နိုင်ခဲ့ပေမယ့် မြန်မာနိုင်ငံမှာ ဖိနပ်ကိုကြိုက်လို့ အရောင်ရွေးချင်တာနဲ့ တခြားအရောင်တွေ ထပ်ပြီးထုတ်ပေးပါဦးလို့ ပြောတော့ တကယ်ဝယ်မှာလားလို့ ပြန်မေးတာကို ခံရဖူးပါတယ်။ ဝယ်မှာမို့ ရွေးတာပေါ့။ တကယ်တော့ ဒီတစ်ခါကြည့်များပြီး မဝယ်ဘဲ ပြန်သွားတဲ့အထိ ချိုသာယဉ်ကျေးစွာ ဆက်ဆံလိုက်ပါ၊ နောက်တစ်ခါကျတော့ ပုံအောပြီး ဝယ်သွားမှာဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မဝယ်လည်း ကိစ္စမရှိလို့ မအောက်မေ့ပါနဲ့။ ပစ္စည်းသခေါ်ရ လူသခေါ်ရပါ။ ကိုယ့်ချွတ်ယွင်းချက်ကြောင့် ငွေတွေသဲထဲသွန်သလို ပျောက်သွားတဲ့သူတွေ မနည်းမနောရှိပါတယ်။ တကယ်တော့ လူများချမ်းသာတယ်ဆိုတာ နတ်ချမ်းသာနဲ့ယှဉ်ရင် မြက်ဖျားက နှင်းပေါက်လောက်ပဲရှိပါတယ်လို့ မှတ်သားရဖူးပါတယ်။ ကြွယ်ဝတဲ့နိုင်ငံများက သူဌေးသူကြွယ်များသူတို့စီးပွားရေးလုပ်ငန်းများနဲ့ ယှဉ်ရင် ကျွန်မတို့လိုနိုင်ငံက သူဌေးများဟာ ဘာမှမချမ်းသာသေးပါဘူး။ ဘယ်လောက်မှ မကြီးကျယ်သေးပါဘူး။ ဘာကွာလို့လဲ၊ နည်းစနစ်ကွာလို့ပါ။ ကုန်ရောင်းကုန်ဝယ် အလုပ်လုပ်တယ်ဆိုရင် များများနဲ့မြန်မြန်ရောင်းရဖို့က အရောင်းတတ်ရမယ်လေ။ အဲသည်လို မဟုတ်တော့ စီးပွားရေးက မရှင်သန်ဘူး။ ပိုင်ရှင်နဲ့တကွ အလုပ်သမားအားလုံးလည်း မရှင်သန်နိုင်ပါဘူး။ လုပ်ငန်းမသေရုံတမယ်၊ မပိတ်ရရုံတမယ်ဆိုသလို အလုပ်လုပ်နေရတာ ကိုယ့်ချွတ်ယွင်းချက်ကြောင့်ဆိုတာကို နားမလည်လို့ ဖြစ်ပါတယ်။

ကိုင်း ကိုယ့်ဘာသာကိုယ် ရှင်သန်အောင်မွေးချင်ပါသလား။ ဘယ်လိုအလုပ်မျိုးကို လုပ်သည်ဖြစ်စေ စိတ်ပါလက်ပါနဲ့ ကျိုးကျိုးနွံနွံ ကြိုးကြိုးစားစား လုပ်ပါလေ။ အဲသည်လို ကျိုးကျိုးနွံနွံလို့ ပြောတာဟာ လူလူချင်းကျိုးနွံတာကို ပြောချင်တာ မဟုတ်ပါဘူး။ ကိုယ့်အလုပ်ကို ကိုယ်တိုင်တန်ဖိုးထားပြီး ရိုသေစွာလုပ်တာကို ပြောတာပါ။ အဲသည်လိုလုပ်တာဟာ ဆက်ဆံရတဲ့သူများကလည်း ကျေနပ်နိုင်တဲ့နည်းဖြစ်ပါတယ်။



အဲသည်နည်းဟာ ဘဝအကွေ့ပေါင်းများစွာမှာ ကြုံတွေ့ရမယ့် အခက်အခဲတိုင်းကို ကျော်လွှားနိုင်မယ့်နည်း ဖြစ်ပါတယ်။

အဲသည်လိုလူမျိုးဟာ သိက္ခာရှိရှိ တည်တည်ကြည်ကြည်နဲ့ နေထိုင်နိုင်ပါတယ်။ သေသွားရင်တောင်မှ နာမည်မသေတဲ့သူတွေဟာ အလုပ်ကိုတန်ဖိုးထားပြီး သိက္ခာကိုထိန်းတဲ့သူ၊ ကိုယ်နဲ့ဆက်ဆံရသမျှ လူတွေကို လေးစားတတ်တဲ့သူများဖြစ်ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ရှင်သန်ချင်လျက် အမြစ်မသက်သူ

သူ့ကိုစပြီးတွေ့ရတဲ့အချိန်တုန်းက အေးဆေးချိုမြတဲ့ မျက်နှာထားကလေးနဲ့ ခင်မင်စရာကောင်းတယ်လို့ စိတ်ထဲမှာ ခံစားလိုက်ရပါတယ်။ သူနဲ့မိတ်ဆက်ပေးတဲ့သူက သူ့ဆရာ၊ ကျွန်မရဲ့ ငယ်တပည့် အင်ဂျင်နီယာတစ်ယောက် ဖြစ်ပါတယ်။ နယ်မြို့တော်တစ်ခုကို ကျွန်မရောက်သွားတဲ့အခါမှာ ကျွန်မတပည့်က လည်စရာနေရာ အနှံ့အပြားကို သွားလို့ရအောင် ကားပေးပါတယ်။ အဲသည်ကားနဲ့အတူ သူပါလာတာပါပဲ။ သူက ယာဉ်မောင်းတစ်ယောက် ဖြစ်ပါတယ်။

အစောပိုင်းက မလိုက်တော့ဘူးလို့ပြောတဲ့ နယ်က တက္ကသိုလ်ဆရာမများကလည်း ကားကောင်းနဲ့သွားရမယ်ဆိုတော့ လိုက်မယ် လိုက်မယ်ဆိုပြီး ပြုံးပြီးတက်ကြပါတယ်။ အဲသည်အချိန်မှာ ကားမောင်းတဲ့ကလေးက စိတ်ရှည်စွာ ချိုသာစွာနဲ့ ကားပေါ်မှာ နေရာချထားပေးပါတယ်။ ကျွန်မတို့ အလည်သွားတဲ့မြို့ကလည်း သစ်ပင်ကအစ ဝယ်ချင်စရာဖြစ်နေတော့ အပြန်ခရီးမှာလည်း မောင်မင်းကြီးသားကလေးက မငြူစူရှာပါဘူး။ ကားပေါ်မှာ သဘောကောင်း မနောကောင်းနဲ့ နေရာချထားပေးရှာပါတယ်။ ကျွန်မတို့ ပင်တိုင်စခန်းချတဲ့



မြို့တော်ကိုရောက်တော့ ကျွန်မတပည့်များက ကျွန်မကို ထမင်းကျွေးမွေး ဧည့်ခံပါတယ်။ အဲသည်ထမင်းစားပွဲမှာ လိုက်စားဖို့ ကျွန်မတပည့်က အဲသည်ယာဉ်မောင်းသူငယ်ကိုပါ ဖိတ်ပါတယ်။ အဲသည်တော့မှ ကျွန်မတို့ထမင်းစားပြီး အပြန်မှာ တည်းခိုတဲ့ဟိုတယ်ကို ပြန်ပို့ဖို့ လွယ်မှာကိုး။

ထမင်းစားသောက်ပြီး ကန်တော့ကြတော့ ကျွန်မတပည့်များနဲ့အတူ အဲသည်သူငယ်လည်း လိုက်ပြီးကန်တော့ပါတယ်။ သူလည်း သူ့ဆရာနဲ့ သူငယ်ချင်းများရတဲ့ စာအုပ်မျိုးကို ကျွန်မရဲ့လက်ဆောင်အဖြစ် ရခဲ့ပါတယ်။ ဟိုတယ်ကို ပြန်လာတဲ့လမ်းမှာ သူငယ်က သူ့ကိုဗေဒင်ဟောထားတယ်တဲ့။ ထူးခြားတဲ့ပုဂ္ဂိုလ်တစ်ဦးနဲ့ သည်လပိုင်းမှာ တွေ့ရမယ်လို့ ဟောထားတာဖြစ်ပါတယ်တဲ့။ အခုတော့ မှန်နေပါပြီတဲ့။ ကျွန်မကတော့ ဟဲ့ကောင် မင်းက ငါ့ကို ဝိဇ္ဇာလမ်းလိုက်တဲ့သူလို့များ အောက်မေ့နေရင်တော့ မှားပြီ။ ငါက သာမန်လူတစ်ယောက်ပါပဲလို့ ပြောပြီး ရယ်လိုက်မိပါသေးတယ်။

အဲသည်ကလေးကို နောက်တစ်ခါ ခရီးထွက်တော့ တွေ့ရပါသေးတယ်။ သူ့ဆရာ (ကျွန်မတပည့် မဟုတ်ပါဘူး) ရဲ့ ကားကို မောင်းပေးနေတယ်လို့ဆိုတာနဲ့ ကျွန်မတို့ကုန်ကုန်ကို မပြန်မချင်း ငှားစီးကြပါသေးတယ်။ အဲသည်သူငယ်က တော်လိုက်တာတော့ မပြောပါနဲ့တော့။ ကျွန်မက မုန့်ပေါင်းနဲ့ အကြော်ပူပူနွေးနွေးကို စားချင်တယ်ဆိုတဲ့အကြောင်းကို ပြောမိတော့ ကျွန်မနဲ့ပတ်သက်တဲ့ ဆရာမများက ခရီးတိုတစ်ခုက

www.burmeseclassic.com

www.burmeseclassic.com



ပြန်လာတဲ့ ကျွန်မစားဖို့ မုန့်ပေါင်းနဲ့အကြော်ကို ၂ နာရီလောက် စောပြီး ဝယ်ထားပေးကြပါတယ်။ ကျွန်မတို့ပြန်တာ နောက်ကျတော့ ပျော့ပျောင်းသင့်တဲ့မုန့်တွေက မာခေါက်ခေါက်တွေဖြစ်ပြီး ကြွပ်ရွသင့်တဲ့မုန့်တွေက ပျော့နေကြပြီဖြစ်ပါတယ်။ မုန့်ကလည်း ထပ်ဝယ်လို့မရတော့ အဲသည်မုန့်များကိုပဲ စားပြီး အလွန်ခါးတဲ့ ကော်ဖီကိုသောက်ကာ ပြန်ခဲ့ရပါတယ်။ အဲသည် အကြောင်းကို သိထားတဲ့သူငယ်ဟာ ကျွန်မတို့ ရထားပေါ်ကို တက်တဲ့အခါမှာ စားချင်တဲ့ မုန့်ပူပူနွေးနွေး နှစ်ထုပ်ကို တင်ပေးလိုက်ပါတယ်။

အဲသည်ကလေးကို ကျွန်မတို့ ခင်ခင်မင်မင်ရှိခဲ့ပါတယ်။ သူကလည်း အပေါင်းအသင်းကောင်းတော့ ရန်ကုန်အရောက် သူ့ကားကို ငှားလာတဲ့သူများကိုတောင်မှ အကြောင်းအကျိုးပြောပြီး ကျွန်မတို့အိမ်ကို ဝင်ပြီးလည်ပါတယ်။ ခဏတစ်ဖြုတ်ပေမယ့် ခင်မင်စရာကောင်းတဲ့ကလေးနဲ့ စကားပြောရတာ ကျွန်မတို့ဝမ်းသာပါတယ်။ သူ့ကားကို ငှားစီးလာတဲ့ သူများကလည်း ကျွန်မနဲ့ တွေ့ရလို့ ဝမ်းသာကြပါတယ်။ သူ့ခမျာလည်း မျက်နှာတွေရလာပါတယ်။ နောက်ပိုင်းမှာ သူက အကြောင်းအားလျော်စွာ တယ်လီဖုန်းဆက်ပါတယ်။ နောက်တော့ သူ့ဆရာရဲ့လုပ်ငန်းခွင်က ပြီးစီးပြီး နယ်ကိုပြောင်းရတော့မှာဖြစ်လို့ သူကျန်ရစ်မယ်။ အလုပ်သစ်တစ်ခုကို ရှာနေတယ်လို့ ပြောတာနဲ့ ကျွန်မက ကျွန်မဆီကိုလာခဲ့ပါလို့ ခေါ်လိုက်ပါတယ်။



ကျွန်မတို့မှာ ယာဉ်မောင်းက ခဏခဏပြောင်းနေရတော့ စိတ်ညစ်နေရပါတယ်။ မိုးသည်းသည်းအချိန် ညနေရီမှာ သူရောက်လာတော့ တူတစ်ယောက် သားတစ်ယောက် ရောက်လာသလို ဝမ်းသာပါတယ်။ ကျွန်မတို့ဆီကို သူရောက်လာတဲ့ အချိန်မှာ ကျွန်မရဲ့ပါမောက္ခလစာက ကျပ် ၂၀၀၀ ဝန်းကျင်ပဲ ရှိပါသေးတယ်။ ကျွန်မက ဒုံ့ကိုယာဉ်မောင်းခ ကျပ် ၅၀၀၀ ပေးပါတယ်။ ထမင်းလည်းကျွေးပါတယ်။ နေစရာလည်း နေရာပေးပါတယ်။ အဲသည်လို ခဏရောက်လာသခိုက်မှာ နှစ်ဦးနှစ်ဖက် အဆင်ပြေအောင် စီစဉ်ပေးပေမယ့် ကျွန်မကမင်းဟာ ဒီမှာထက်သာတဲ့နေရာကို ပြောင်းနိုင်ပါတယ်။ အလုပ်ရှာပါလို့ ပြောထားခဲ့ပါတယ်။ အဲသည်လိုနဲ့ ကျွန်မကျောင်းသွားရင် ကျွန်မအတွက် ထမင်းချိုင့်အပြင် အဲသည်သူငယ်အတွက် ထမင်းချိုင့်ကိုပါ ထည့်ပေးတဲ့တာဝန်ကို သမီးက ယူရပါတယ်။ ပြီးတော့ ကျွန်မက တရားကက်ဆက်ခွေနဲ့ စာအုပ်များကိုပါ သူ့အတွက် ကားပေါ်မှာ တင်ပေးထားပါတယ်။ အစောပိုင်းမှာတော့ အဆင်ပြေလို့ပါပဲ။ အေးချမ်းသာယာရှိနေပါတယ်။

နောက်ပိုင်းမှာတော့ အဲသည်ကလေးက သူ့အိမ်ကို တယ်လီဖုန်းဆက်ချင်ရင် ကျွန်မကိုယ်တိုင် ဧည့်ခန်းမှာထိုင်နေတာတောင်မှ ခွင့်မတောင်းဘဲ ထပြီး ဆက်တဲ့အပြုအမူမျိုးကို လွတ်လွတ်လပ်လပ် လုပ်လာပါတယ်။ ရန်ကုန်မြို့တွင်းမှာတင် ဆက်ရင်လည်း ခွင့်တောင်းရမှာပါပဲ။ ခွင့်လည်းပြုမှာပါပဲ။ နယ်အဝေးပြောခက ပိုပြီးကျသင့်တဲ့အတွက် ခွင့်တောင်းသင့်

www.burmeseclassic.com



ပါတယ်။ နောက်ပိုင်းမှာတော့ ကျွန်မက စကားစပ်မိတာနဲ့ သူရတဲ့လစာလောက် ကျွန်မ မရဘူးဆိုတာကို ပြောလိုက်ပါတယ်။ အဲသည်ကလေး တွေသွားပါတယ်။ သူ့အလုပ်ပြောင်းရင် လစာသာမက စုစုပေါင်းဝင်ငွေ တစ်သောင်းလောက်ရမှာလို့ ပြောတဲ့စကားက စိပ်လာပါတယ်။ ကျွန်မကိုလည်း အဆက်အသွယ်ရှိရင် ပြောပေးပါလို့ ပြောလာပါတယ်။ ကျွန်မကို ပုဂ္ဂိုလ်ထူးလို့ထင်တာ အဲသည်လိုမျိုး အစွမ်းအစရှိတယ်ထင်လို့ ပြောဟန်တူပါရဲ့။ ကျွန်မက ငါ့မှာ အဆက်အသွယ်မရှိပါဘူးကွယ်။ ကျောင်းဆရာတစ်ယောက်ဟာ အများဆုံးဆက်သွယ်ရတာ ကျောင်းသားပဲကွဲ့လို့ ပြောလိုက်ပါတယ်။

ကျွန်မတို့စိတ်ထဲမှာ ယာဉ်မောင်းအသစ်တော့ ရှာရမယ်လို့ တွေးထားပြီဖြစ်ပါတယ်။

အဲသည်လို သူ့စိတ်က ချိုသာတဲ့မျက်နှာကလေးနဲ့ လိုက်လျောတဲ့စိတ်မဟုတ်လောက်ဘူးလို့ သိလာတဲ့နောက်မှာလည်း ကျွန်မက သူတော်တာကိုတော့ အချီးမွမ်းမပျက်ပါဘူး။ တစ်နေ့မှာ ကျောင်းသွားဖို့ လမ်းထဲကအထွက် ကားတန်းတွေကို ခဏရပ်စောင့်နေတုန်းမှာ ကျွန်မက မင်းဟာ ကားမောင်းလည်း ကျွမ်းတယ်။ ကားကိုလည်း ကိုယ်တိုင်ပြင်တတ်တယ်ဆိုတော့ တခြားအလုပ်ပြောင်းတဲ့အခါမှာ ပိုပြီးကြိုးကြိုးစားစားလုပ်။ တိုးတက်လာလိမ့်မယ်လို့ အားပေးစကား ပြောလိုက်ပါတယ်။ ကျွန်မနဲ့ခွဲသွားတာနဲ့ အရည်အချင်းရှိတဲ့ကလေးကို အပြစ်မြင်စေရာ မလိုပါဘူး။ တိုးတက်မှုကိုရှာတာဟာ သဘာဝ



ပဲ။ အဲသည်တော့ သတိပေးတဲ့ လူကြီးစကားကို ပြောရမှာပေါ့။ အဲသည်လို ကျွန်မက အားပေးစကားပြောတော့ သူက ပြန်ဖြေတဲ့စကားကတော့ ‘ကျွန်တော်က ကျွန်တော့်ထက်တော်တဲ့သူတောင် ကျွန်တော့်လောက် မတော်ဘူးလို့ ထင်တာဗျ’ တဲ့။

ဟုတ်ပါတယ်။ သူတော်လိုက်တာ အဲသည်နေ့ညနေ ကျွန်မကျောင်းက ၄ နာရီခွဲလောက် ပြန်နေကျကို လာပြီးကြိုရင်း ကုန်းအဆင်းမှာ အရှိန်မလျှော့ဘဲ မောင်းလိုက်လို့ ကျွန်မရဲ့ ကားစက်ခေါင်းအဖုံးကြီး တွန့်လိမ်သွားတဲ့အထိ ရှေ့က ကားကို တိုက်လိုက်မိတော့တာပါပဲ။ သူ့လောက်တော်တဲ့သူတောင် သူ့လောက်မတော်ဘူးလို့ ထင်တဲ့သူဟာ ဘာလုပ်ရမှန်း မသိဘဲ ကျွန်မကို ငါးနာရီခွဲသည်အထိ အကြောင်းမကြားခဲ့ပါဘူး။ သူတိုက်လိုက်မိတဲ့ သူ့ရှေ့က ကားဆရာနဲ့ လမ်းမကြီးမှာ ရပ်ပြီး စကားပြောနေပါသတဲ့။ ဟင်းရွက်ကန်စွန်း ဝယ်တာမှမဟုတ်ဘဲ သူ့ဘက်ကမှားပြီး တိုက်လိုက်ပြီးမှ ရှေ့ကားပျက်စီးတာကို အလျော်မပေးရအောင် တောင်းပန်နေလို့ ဘယ်ရလိမ့်မလဲ။

ကားကိစ္စအဆင်ပြေအောင် ကျွန်မကို သိုင်းဝိုင်းကူညီတဲ့သူတွေ ရှိနေလို့ တော်ပေသေးတယ်။ လူငယ်တစ်ယောက်က မအားတဲ့ကြားက ကျွန်မကားဖြစ်နေပုံကို မြင်တော့ ဆရာမကြီးရဲ့ကား တိုက်မိနေပါကောလို့ သိလိုက်ပါတယ်။ အဲဒါနဲ့ သူ့ကားကိုရပ်ထားပြီး ကျွန်မရဲ့ ကားနံပါတ်ပြားတွေကို ဖြုတ်ပေးခဲ့ပါတယ်။ နောက်မှ ကျွန်မကို ကျောင်းအထိ လာကြို

www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့ပါတယ်။ ကားကို ကောင်းကောင်းပြင်တတ်ရုံ မောင်းတတ်ရုံနဲ့ အလုံးစုံတော်တယ်လို့ ထင်တဲ့ကလေးဟာ အရေးဆိုရင် ဘာမှမလုပ်တတ်ပါဘူး။ ကားပြင်တော့လည်း ဝပ်ရှော့အပ်ရတာပေါ့။ ကားပြင်တဲ့ကိစ္စအားလုံး မပြီးခင် အဲသည်ကလေး သူ့ရွာကို ပြန်သွားပါတယ်။

ရွာက ပြန်လာတဲ့အခါမှာ ကျွန်မတို့အိမ်ကို သူလာပြီးတည်းပါသေးတယ်။ ကျွန်မလက်ခံပါတယ်။ သူ့ကို ကျွန်မမဆုံးမတော့ပါဘူး။ ရန်လည်းမတွေ့ပါဘူး၊ ဧည့်သည်တစ်ယောက်အဖြစ် ချိုသာစွာ လက်ခံပါတယ်။ သူလည်း ကြာကြာ မနေတော့ဘဲ အလုပ်ရလို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ထွက်သွားပါတယ်။

အဲသည်သူငယ်ဟာ အရည်အချင်းရှိသင့်သလောက်ရှိပါတယ်။ အတန်းများစွာ မရပေမယ့် စာလည်းတတ်ပါတယ်။ သို့ပေမယ့် သူ့ကိုယ်သူ သိပ်အထင်ကြီးတာရယ်၊ လောဘကြီးတာရယ်ပေါင်းပြီး ကြီးပွားနိုင်တဲ့ တကယ့်အခွင့်အလမ်းကို မစောင့်ဆိုင်းနိုင် ဖြစ်ခဲ့ပါတယ်။ လောဘကြောင့်စိတ်တွေလေနေခဲ့ပါတယ်။ စိတ်လေနေတုန်းမှာ ကိုယ့်ကိုယ်ကိုအထင်ကြီးလွန်းတဲ့စိတ်နဲ့ ပေါ့ပေါ့တန်တန် ကားမောင်းလိုက်တာ အသက်မသေတာ ကံကောင်းဖြစ်သွားပါတယ်။ သူဟာအသက်ရှင်နေပေမယ့် သူ့ကိုတည်ကြည်လေးနက်စွာ ချစ်ခင်ပြီး သူ့အကျိုးကိုလိုလားတဲ့ သူ့ဆရာအပါအဝင် လူကြီးတစ်ယောက်ဖြစ်တဲ့ ကျွန်မတို့နဲ့ပါ ဝေးသွားပါတယ်။ ဘဝရှင်သန်



အောင် ကြိုးစားတဲ့နေရာမှာ စောင့်ရှောက်နိုင်တဲ့ ကလျာဏမိတ္တမရှိတာဟာ ရေသောက်မြစ်ရော အပင်ကို မလဲအောင် မြေထဲမှာ တွယ်ထားနိုင်တဲ့အမြစ်တွေရော ကောင်းစွာမသက်သေးတဲ့အပင်လိုဖြစ်နေ တတ်ပါတယ်။ အမြစ်ကောင်းစွာ မသက်သေးတဲ့အပင်များဟာ လေဒဏ် မိုးဒဏ်ကို ခံရတဲ့အခါ ဗုန်းဗုန်းလဲသွားတတ်ကြပါတယ်။ လူဆိုတာ တစ်သမတ်တည်း ကံကောင်း မနေနိုင်ပါဘူး။ မဟုတ်တာကိုလုပ်ချင်တဲ့ လောဘကြီးတဲ့သူများဟာ လောကဓံကိုခံရရင် ပိုပြီးပြင်းပြင်းထန်ထန်ခံရတတ်ပါတယ်။ အဲသည်လို လောကဓံဆိုးကျိုးများ မကြုံခင်ကတည်းက ကလျာဏမိတ္တများရဲ့ ဆုံးမသွန်သင်မှု စောင့်ရှောက်မှုနဲ့ မိမိကိုယ်ကို ဆောက်တည်တတ်မှ ဘဝနဲ့အသက်တွဲစပ်လျက် ရှင်သန်မှာဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော် သေသင့်ပါတယ်

ဒီတစ်ပတ်ဆောင်းပါးက ခေါင်းစဉ်ကိုမြင်လိုက်တာနဲ့ မကြည့်ရတာ ကြာပြီဖြစ်တဲ့ ပေါင်ချိန်ဇာတ်ကားများကို သတိရကြမယ်လို့ ထင်ပါတယ်။ ရှေးရှေးက တရုတ်လူမျိုးတွေဟာ သူတို့ တာဝန်ကို သူတို့မကျေပွန်တဲ့အခါဖြစ်ဖြစ် အမှားအယွင်းလုပ်မိတဲ့အခါမှာပဲဖြစ်ဖြစ် ကျွန်တော်သေသင့်ပါတယ်ဆိုတဲ့ ဝန်ခံစကားကို ပြောတဲ့အလေ့ရှိပါတယ်။ ကျန်ကျောင်းတောင်မှ ပေါင်ချိန်ရှေ့မှာ အဲသည်လိုစကားကို ပြောရတဲ့အခါများ ရှိပါတယ်။

ကျွန်မကတော့ ကျွန်တော်သေသင့်ပါတယ် ဆိုတဲ့စကားကို ကိုယ့်ကိုယ်ကိုသတ်သေကြတဲ့ ရှီနေးနဲ့ ပက်ဆန်ဂျေ ပါတဲ့ 'သစ္စာ' ဇာတ်ကားကို ကြည့်ပြီး သတိရလာတာ ဖြစ်ပါတယ်။ အဲသည်ဇာတ်ကားက ကိုရီးယားဇာတ်ကား ဖြစ်ပါတယ်။ ကျွန်မက ဇာတ်ကားကို ဝေဖန်မှာမဟုတ်ပါဘူး။ ဇာတ်ဆောင်တွေဖြစ်တဲ့ ရှီနေးတို့ ပက်ဆန်ဂျေတို့လုပ်ရပ်က ဆိုးရွားလွန်းလို့ သူတို့နှစ်ယောက် ကိုယ့်ကိုယ်ကို သတ်သေကြတာဟာ သေသင့်ပါတယ်လို့ တွေးရင်းက ကျွန်တော်သေသင့်ပါတယ် ဆိုတဲ့ခေါင်းစဉ်နဲ့ ဆောင်းပါးရေးမိတာ ဖြစ်ပါတယ်။



သစ္စာဇာတ်ကားထဲမှာ ပါတဲ့ အကြောင်းတွေကိုတော့ အရှည်ကြီး ပြန်မပြောနိုင်တော့ပါဘူး။ ဘယ်လိုရုပ်ရှင်ပဲ ကြည့်ကြည့် ဘယ်သူ့အကြောင်းကိုပဲ ကြားရကြားရ ကြောက်စရာကောင်းလောက်အောင် မတရားလုပ်နေတာကို မြင်ရကြားရရင် ကျွန်မက အတူတူကြည့်နေတဲ့သမီးကို ပြောမိပါတယ်။ ဇာတ်သိမ်းကျရင် ဆိုးရွားလိမ့်မယ်။ လုပ်တာက လွန်နေပြီလို့ ပြောမိတာဖြစ်ပါတယ်။ အဲသည်လို ဆိုးရွားတဲ့ အခန်းများကျရင် ကျွန်မကကြောက်လို့ ရေထသောက်ရတာနဲ့ ရေချိုးခန်းကိုဝင်ရတာနဲ့ တယ်ပြီးအလုပ်များပါတယ်။ ဆိုးရွားတဲ့အခန်းဆိုလို့ ရိုက်တာနှက်တာကို ပြောတာမဟုတ်ပါဘူး။ ကောက်ကျစ်စဉ်းလဲစွာ ချောက်တွန်းတာ ကိုယ်ရေးကိုယ်တာလုပ်ကြံမှုတွေလုပ်တာစတဲ့ ကိစ္စများပါတဲ့ အခန်းများဖြစ်ပါတယ်။

သစ္စာ ဇာတ်ကားထဲမှာ ရှီနေးက သူဌေးသမီးဆိုတော့ လိုတရနိုင်တဲ့ ကံပါတယ်။ သို့ပေမယ့် ဉာဏ်သိပ်ထိုင်းပါတယ်။ ကြည်ယင်းဆိုတာက ရှီနေးအဖေဆီမှာ ယာဉ်မောင်းအဖြစ်အလုပ်လုပ်တဲ့သူရဲ့ သမီးဖြစ်ပါတယ်။ သူတို့နှစ်ယောက်က အထက်တန်းကျောင်းမှာ အတန်းကအတူတူ။ မတူတာက တော့ ဆင်းရဲတဲ့ကြည်ယင်းက စာသိပ်တော်ပါတယ်။ ဖြစ်ချင်တော့ ကြည်ယင်းတို့မိသားစုက ရှီနေးတို့အိမ် မြေညီထပ်ခန်းမှာ နေနေကြရပါတယ်။ ကျောင်းမှာ ရှီနေးနဲ့ဆုံတော့လည်း နည်းအမျိုးမျိုးနဲ့ ဒုက္ခပေးတာကို ကြည်ယင်းကခေါင်းစည်းပြီး ခံရှာ

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ စာမေးပွဲဖြေတုန်းမှာ နောက်ကနေ ဘောပင်နဲ့ ထိုးလိုထိုး ခဲတံနဲ့ ထိုးလိုထိုးနဲ့ သူ့ကို အဖြေမှန်ပြဖို့ ရှီနေးက တောင်းတတ်ပါတယ်။

ဇာတ်လမ်းအစကတည်းက ရှီနေးက ကြည်ယင်းကို မနာလိုဖြစ်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကြည်ယင်းလို စာမတော်လို့ သူ့အဖေက ကြည်ယင်းနဲ့ ယှဉ်ယှဉ်ပြီး ဆူတာကို ခံနေရတာကိုး။ ကြည်ယင်းကလည်း သိမ်ငယ်နေပါတယ်။ ငွေရေးကြေးရေးမပြည့်စုံတဲ့ မိသားစုက ကလေးများဟာ ပြည့်စုံတဲ့ကလေးများရဲ့ အနိုင်ကျင့်ခြင်းကို ခံနေရတတ်တာကိုး။ အဲသည်တော့ သိမ်ငယ်တော့တာပေါ့။ ပိုပြီးဆိုးလာစေတာက ရှီနေးအမေ သူဌေးကတော်က ကြည်ယင်းတို့မိသားစုအတွက် တိုက်ခန်းကောင်းကောင်းတစ်ခန်း ဝယ်ပေးပါတယ်။ အဲသည်အတွက် ကြည်ယင်းက ရှီနေးယောင်ဆောင်ပြီး အထက်တန်းစာမေးပွဲကို ဖြေပေးရတာကြောင့် ဖြစ်ပါတယ်။ သူကိုယ်တိုင်တော့ တက္ကသိုလ်ကို နောက်တစ်နှစ်ကျမှ တက်ရတော့တာပေါ့။

ရှီနေးဟာ တက္ကသိုလ်လည်းရောက်ကရော လွတ်တော့တာပါပဲ။ သူဌေးသမီးဆိုတော့ ဝိုင်းပြီးမတဲ့သူတွေကလည်း အများသားပါပဲ။ အဲသည်လိုအနေအထားကို ရတာတောင်မှ သူက ကြည်ယင်းကို တစ်ချိန်လုံး ဒုက္ခပေးနေခဲ့ပါတယ်။

ကြည်ယင်းကလည်း စိတ်သိပ်ညစ်နေတုန်းမှာ သူ့ကို ကူညီလိုက်တဲ့ လူငယ်တစ်ယောက်နဲ့ မိတ်ဆွေဖြစ်ရာက ချစ်သူ



ဘဝတောင်မှ ရောက်တဲ့အထိ ဖြစ်ခဲ့ပါတယ်။ အဲသည်ကောင်ကလည်း ဆင်းရဲတဲ့ဘဝကလွတ်အောင် တောကတက်လာတဲ့ သူဖြစ်ပါတယ်။ သို့ပေမယ့် ရိုးရိုးမှတ်မှတ် နေထိုင်ပြီး တိုးတက်အောင် ကြိုးစားမယ်ဆိုတဲ့ ဦးတည်ချက်မထားဘဲ သူဌေးသမီးကို ရအောင်ပိုးပန်းပြီး ချမ်းသာအောင်ကြံမယ့်သူ ဖြစ်ပါတယ်။ ကြည်ယင်း ဝင်ဝင်သွားတဲ့အိမ်က ရှီနေးတို့အိမ် ဖြစ်နေတာဆိုတော့ ကြည်ယင်းကို သူဌေးသမီးထင်ပြီး တွဲတာပါ။ မဟုတ်မှန်းသိတော့ သစ်စိမ်းချိုး ချိုးလိုက်တာပါပဲ။ ကြည်ယင်းက အဲသည်ကောင်ရဲ့ အလုပ်ဌာနကိုလိုက်ပြီး လက်ဆောင်ပေးမယ်လုပ်တဲ့အခါမှ သူ့ကို ပက်ဆန်ဂျေဆိုတဲ့ အဲသည်ကောင်က သူဌေးသမီးမဟုတ်မှန်းသိလို့ ဖြတ်လိုက်တာကို သိရပါတယ်။

နောက်ပိုင်း ရှီနေးနဲ့ လူကြိုးချင်း သဘောတူထားတဲ့ ငယ်သူငယ်ချင်း တက္ကသိုလ်ကျောင်းသား ဟန်ဂူး ဆိုသူက ကြည်ယင်းကို လိုက်ပါတယ်။ ကြည်ယင်းက ပြေးလေ လိုက်လေပါပဲ။ ဟန်ဂူးကို ရှီနေးက နည်းမျိုးစုံနဲ့လိုက်ရှုပ်မက ပက်ဆန်ဂျေနဲ့ ပေါင်းပြီး မကောင်းသတင်းထုတ်လွှင့်တဲ့အထိ လုပ်ပါတယ်။ ကျွန်မ ပြောခဲ့သလိုပါပဲ။ မျိုးစုံဒုက္ခပေးပေမယ့် ရှီနေးမှာ လူသိမခံနိုင်တဲ့ အားနည်းချက်တစ်ချက် ရှိနေလို့ သူမကောင်းကြံမိတာကို ဟန်ဂူးအမေ့ထံကို သွားပြီးဝန်ခံရတဲ့အထိ ဖြစ်လာပါတယ်။ ကြည်ယင်းက အထက်တန်းစာမေးပွဲကိုကိုယ်စား ဖြေပေးရတာဆိုတဲ့ အားနည်းချက်ကြီးဖြစ်ပါတယ်။

ဇာတ်သိမ်းဖို့ကောင်းနေတဲ့အချိန်မှာ ရှီနေး မောင်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကားက လူကိုတိုက်မိပြီး ဟန်ဂူးရော ကြည်ယင်းပါ အသည်းအသန်ခန်းထဲကို ထည့်ထားရတဲ့ လူနာများဘ၀ကို ရောက်သွားပါတယ်။ အဲသည်လို လူနာဖြစ်တဲ့အထိ ရှီနေးက မမှန်သတင်းလွှင့်ထားလို့ ကြည်ယင်းဟာ ကားမောင်းသူဖြစ်ပြီး မကျွမ်းလို့ အဲသည်လိုဖြစ်ရတယ်လို့ လူအများက ယုံကြည်နေကြပါတယ်။ ဟန်ဂူးနဲ့ ကြည်ယင်းကတော့ သတိလစ်ပြီး မေ့မြောနေလို့ ဘာမှပြန်မဖြေနိုင်ကြပါဘူး။

အဲသည်လို ကြည်ယင်းကိုလုပ်ကြံတဲ့ စကားပြောနိုင်အောင် မေ့နေတဲ့ကြည်ယင်းကို အပေါ်ယံသာထိခိုက်သွားတဲ့ ရှီနေးက ကားစတီယာရင်ရှိတဲ့ဘက်ကို နေရာရွှေ့ထားပြီးမှ သူပါရောပြီး မေ့ချင်ယောင်ဆောင်နေတာဖြစ်ပါတယ်။ ဖြစ်ရပ်များ ကြည်ယင်းကိုလုပ်ကြံဖို့ ရှီနေးနဲ့လာပေါင်းတဲ့ ပက်ဆန်ဂျေက သူအလုပ်လုပ်တဲ့ လုံခြုံရေးကားနဲ့ အလာမှာ လမ်းကြုံလို့ ဖြစ်သမျှကို မြင်ပြီး ကင်မရာနဲ့ မှတ်တမ်းတင်ထားလိုက်ပါတယ်။ မကောင်းတဲ့အပေါင်းအသင်းဆိုတာ စိတ်မချရပါဘူး။

တကယ်တော့ စာအနေနဲ့သာ မတော်တာပါ။ ရှီနေးမှာ သူပိုင်အရည်အချင်းတွေ ရှိပါတယ်။ ရုပ်သံအစီအစဉ်တစ်ခုမှာ ကျော်ကြားလာတဲ့အထိ သတင်းလွှင့်ထုတ်ပေးနိုင်တဲ့သူ ဖြစ်ပါတယ်။ သူက လောဘကြီးလွန်းတာရယ်၊ သူများကို မဝေမျှနိုင်တာရယ်၊ တရားသည်ဖြစ်စေ မတရားသည်ဖြစ်စေ သူလိုချင်တာကို ရအောင်ယူချင်တတ်တဲ့ စိတ်ပုပ်စိတ်ယုတ်ကလေးရှိတာရယ်ကြောင့် ဆိုးနေတာပါ။ အမေဖြစ်သူကလည်း အလိုလိုက်ပါတယ်။ အဖေဖြစ်သူကလည်း သူ့သမီးနဲ့ တူပါတယ်။ လိုချင်တာရဖို့ မတရားတာနဲ့ တရားတာကို ခွဲခြမ်းစိတ်ဖြာလေ့မရှိပါဘူး။



ဘာမှမပြောနိုင်တဲ့ ကြည်ယင်း အသက်ရှင်နေသမျှ သူစိတ်မချနိုင်တဲ့အကြောင်းကို ရှီနေးက ပက်ဆန်ဂျေကို ပြောပြတော့ ပက်ဆန်ဂျေကလည်း သူ့ကိုကုမ္ပဏီမှာ နေရာကောင်းပေးရင် ဆောင်ရွက်ပေးမယ်ဆိုပြီး ကြည်ယင်းရဲ့ အောက်ဆီဂျင်ပိုက်ကို ဆွဲဖြုတ်ခဲ့ပါတယ်။ ရုပ်ရှင်လည်း ရုပ်ရှင်ဖြစ်နေလို့တစ်ကြောင်း လောကမှာ လောကပါလတရားများလည်း ရှိနေလို့တစ်ကြောင်းပေါ့။ ကြည်ယင်းဟာ သေဖို့ကောင်းတဲ့ အခြေအနေမှာ ဆရာဝန်များရဲ့ နောက်ဆုံးကြိုးစားမှုနဲ့ အသက်ပြန်ရှင်လာပါတယ်။ ရှီနေးတို့မိသားစုနဲ့ ပက်ဆန်ဂျေတို့ အတော်လှုပ်ခတ်သွားကြပါတယ်။

နောက်တော့ ပက်ဆန်ဂျေက သူ့ဆီမှာရှိတဲ့ ကားတိုက်တုန်းက မှတ်တမ်းတင်ရိုက်ထားတဲ့ အခွေတွေအကြောင်း ရှီနေးအဖေကို ပြောပြပြီး ကုမ္ပဏီမှာ နေရာကောင်း တောင်းရုံသာမက ရှီနေးကိုပါ တောင်းတော့တာပါပဲ။ နာမည်ကြီးကုန်သည်ကြီးများအသင်းမှာ ဥက္ကဋ္ဌလုပ်ရတော့မယ့် ရှီနေးတို့အဖေကလည်း ပက်ဆန်ဂျေရဲ့တောင်းဆိုချက်ကို လက်ခံခဲ့ပါတယ်။ သို့ပေမယ့် ဥက္ကဋ္ဌအဖြစ် အရွေးခံရတဲ့ညမှာပဲ ပက်ဆန်ဂျေကို သူဌေးမင်းရဲ့လူများက မေ့ဆေးအ၀တ်နဲ့အုပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ကားတစ်စင်းရဲ့ မောင်းသူနေရာမှာ တင်ပါတယ်။ အဲသည်နောက် ရေထဲကို ကားထိုးကျသွားလေဟန် သရုပ်တူအောင် တွန်းချလိုက်ပါတယ်။

နောက်တစ်ခါ အဖြစ်ကတော့ ပက်ဆန်ဂျေ ပြန်လာပါတယ်။ မသေပါဘူး။ ပြီးတော့ သူနဲ့အဆက်အသွယ်မရတာနဲ့ သူရေးထားခဲ့တဲ့ စာကိုဖတ်ပြီး သူ့ပစ္စည်းများကို သိမ်းထားရာက သွားယူ။ ပြီးတော့ သက်ဆိုင်ရာတွေဆီပို့ဖို့ သူကမှာထားတဲ့ သူငယ်ချင်းက ပို့လိုက်လို့ ရှီနေးရဲ့ ကားတိုက်မှုနဲ့ပတ်သက်တဲ့ လုပ်ကြံပုံတွေကို ရုပ်သံအစီအစဉ်တစ်ခုက ပြတော့တာပါပဲ။ တကယ်တော့ ပက်ဆန်ဂျေက အခွေတွေကိုလိုက်ပြီး သိမ်းသေးတာပါ။ သို့ပေမယ့် တစ်ခွေက မမီတော့ပါဘူး။ ကြည့်ယင်းကလည်း ကားတိုက်မှုမှာ သူက တရားခံမဟုတ်ဘူးဆိုတာကို အင်တာနက်မှာ တင်နေတာနဲ့ အခွေထွက်လာတာနဲ့ အဆင်သင့်ပြီး ရှီနေးတို့မိသားစုနဲ့ ပက်ဆန်ဂျေတို့ ပြေးစရာမြေမရှိ ဖြစ်သွားပါတယ်။

ဟူး ဇာတ်ကြောင်းကို ပြန်ပြောရတာ မောလိုက်တာ။ အစောပိုင်းမှာ တင်ပြခဲ့တဲ့အတိုင်း အဲသည်ဇာတ်လမ်းကို ကြည့်နေရင်း အစစအရာရာပြည့်စုံနေပါလျက် လုပ်ချင်ရာကို လုပ်နေတာက လွန်လွန်းတော့ ဇာတ်သိမ်းဆိုးတော့မယ်လို့ ကြည့်နေရင်းလည်း ပြောမိပါတယ်။ တကယ်လည်း ဆိုးတာပါပဲ။ သူဌေးမင်း အဖမ်းခံရပါတယ်။ သူဌေးကတော် လေဖြတ်ပါတယ်။ ရှီနေးနဲ့ ပက်ဆန်ဂျေတို့ကတော့ ကြာရှည်ပုန်းနေ



လို့လည်း မရ။ အပြစ်ကို ဝန်ခံလိုက်ရင်လည်း အမှုပေါင်းများစွာကို သူ့နှစ်နဲ့သူသာ ခံရမယ်ဆိုရင် အသက်အတော်ကြီးမှ ထောင်ကထွက်ကြရတော့မယ်။ အပြင်ရောက်ရင် ဘာအလုပ်ကို လုပ်စားကြမလဲ။ လူပုံလယ်မှာ ဘယ်လိုမျက်နှာပြရမလဲ။ အသက်ရှင်နေမှာဖြစ်ပေမယ့် ဘဝက သေသွားပြီလေ။ အဲသည်တော့ သူတို့ရွေးချယ်ကြတဲ့လမ်းက *'ကျွန်တော်ရောကျွန်မပါ သေသင့်ပါတယ်'* ဆိုတဲ့ လမ်းဖြစ်သွားပါတယ်။

ရုပ်ရှင်မို့ပါကွာ။ နို့မဟုတ်ရင်တော့ သူဌေးဘက်က နိုင်မှာပါ။ အောက်ဆီဂျင်ပိုက်ကြီးကို ဖြုတ်မှပဲ မေ့မြောနေတဲ့ သူက အသက်ပြန်ရှင်လာရတယ်ဆိုတာကလည်း တယ်ပြီး ရုပ်ရှင်ဆန်လွန်းတယ်လို့ ပြောချင်ကြမယ့်သူများလည်း ရှိပါတယ်။ ကျွန်မကိုယ်တိုင်လည်း အဲသည်လို မကြာခဏ ပြောမိပါတယ်။ ဒါပေမဲ့ နေဦး၊ အံ့ဖွယ်သရဲ ထူးကဲတဲ့ဖြစ်ရပ်ဆိုတာတွေလည်း ရှိနေသေးတယ်လေ။ ကုသိုလ် အကုသိုလ်အကျိုးဆက်ဆိုတာများကိုလည်း မယုံလို့ မရပါဘူး။ လူတွေမှာ ကောင်းတာလုပ်နေပေမယ့် ကောင်းကျိုးရမလာဘဲ မကောင်းကျိုးတွေပဲ ခံစားနေရတယ်ဆိုရင် စိတ်ကို တော်တော်ဖြေရပါလိမ့်မယ်။ လွယ်ကူတဲ့ဖြေနည်းမျိုးကတော့ တော်သေးတာပေါ့။ ကောင်းတာတွေ လုပ်နေပေလို့ပဲ၊ အတိတ်က ငါ့ရဲ့မကောင်းမှုတွေဟာ တော်တော်များလိမ့်မယ်။ ကောင်းတာလုပ်နေပေလို့ ဒီလောက်ပဲခံရတာလို့ တထစ်ချယုံလိုက်တာပါပဲ။

ညောင်ထောက်လို့ ခြေကျိုးဆိုတဲ့ စကားမျိုးကို ကြားဖူး

www.burmeseclassic.com

www.burmeseclassic.com



ပါလိမ့်မယ်။ ညောင်ပင်ကိုင်းများက လေးလံလွန်းလို့ ထောက်မထားရင် ကျိုးကျတတ်ပါတယ်။ အဲသည်တော့ အောက်ကဝါးတို့ သစ်တို့နဲ့ ထောက်ထားပေးရပါတယ်။ ညောင်ပင်ဆိုတော့ ဗောဓိပင်လို့ သတ်မှတ်ကြတာကိုး။ ဗောဓိပင် ကျိုးမကျအောင် အဲသည်လို ကောင်းမှုလုပ်တာတောင် ခြေကျိုးသေးတယ်ဆိုတော့ သဒ္ဒါဆိုတဲ့ ရတနာသုံးပါးအပေါ်မှာ ယုံကြည်မှုနည်းပါးတဲ့သူများကတော့ တော်ပါပြီကွာ၊ ကောင်းတာလုပ်လည်း မကောင်းတဲ့ဆိုးကျိုးကို ခံစားရတာပါပဲ၊ နောက်ဆိုရင် ကောင်းတာလုပ်မနေတော့ဘူးလို့ ပြောတတ်ပါတယ်။

အသင့်အတင့် နှလုံးသွင်းတတ်တဲ့ သူများကတော့ ဩော် ကောင်းတာလုပ်ထားပေလို့ ခြေကျိုးရုံကျိုးတာ။ မဟုတ်ရင် သေတောင်မှ သေလောက်တဲ့ အကုသိုလ် ရှိနေဟန်တူရဲ့လို့ ဖြေတတ်ပါတယ်။ ကျွန်မဟာ 'ဇာတ်လိုက်' ဆိုတဲ့ အမည်နဲ့ ဆောင်းပါးတွေရေးပြီး အခုတော့ စာအုပ်ထုတ်ပြီးပါပြီ။ *ဇာတ်လိုက်များကတော့ ခံရရင် အသည်းအသန်ပါပဲ။ ဘယ်နည်းနဲ့ ခံသလဲဆိုတော့ မှန်ကန်ခြင်း၊ ခံနိုင်ရည်ရှိခြင်း၊ မိမိကိုယ်ကို ဆောက်တည်နိုင်ခြင်းဆိုတဲ့ ကောင်းမှုတရားများကို ရှင်သန်အောင်မွေးမြူပြီး သတ္တိမွေးကာ ဒုက္ခကို အံကြိတ်ခံရင်း ကျော်ဖြတ်ပါတယ်။*

မကောင်းတဲ့သူများကလည်း လုပ်ချင်တာကို ပိုက်ဆံပေးရင် လုပ်လို့ရတာပဲ။ ငါခိုင်းတာကို ဘာဖြစ်ဖြစ် လုပ်ပေးချင်တဲ့သူတွေမှ အပ်ဆိုတဲ့ စိတ်မျိုးနဲ့ အကုသိုလ်အလုပ်များကို



ပုံအောပြီး လုပ်တတ်ကြပါတယ်။ အကုသိုလ်အကျိုး မပေးခင်မှာတော့ ပြုံးပြုံး ပြုံးပြုံးနဲ့ပေါ့။ အကျိုးပေးချိန်တန်တဲ့အခါမှာတော့ သူတို့လည်း မြေပြိုသလို လှိမ့်ဆင်းလာတဲ့ ဆိုးကျိုးများကို ခံစားရတတ်ပါတယ်။

အဲသည်တော့ အသက်ရှည်တာတိုတာထက် နေနေရတဲ့အချိန်မှာ ဘဝမသေအောင် ထိန်းရပါမယ်။ လူ့ဘဝကို ရလာတဲ့အခါမှာ အဓိပ္ပာယ်ရှိရှိ နေတတ်ရပါမယ်။ အဲသည်လိုဆိုရင် အချိန်မတိုင်ခင်မှာ ကျွန်တော်သေသင့်ပါတယ်လို့ ပြောစရာ မလိုသလို တကယ်လည်း သေစရာမလိုပါဘူး။ ဘဝတိုတိုမှာ အရသာချိုချိုနဲ့ နေနိုင်အောင် မကောင်းမှုကိုသာ သတိထားပြီး ရှောင်ကြရမှာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# မိမိကိုယ်ကို အရစ်ကျ သတ်သေနေသူများ

ဒီတစ်ပတ်ခေါင်းစဉ်ကတော့ ဘာသာပြန်ခေါင်းစဉ်ကလေး ဖြစ်ပါတယ်။ Committing suicide by instalments. ဆိုတဲ့စကားကို ဘာသာပြန်တာပါပဲ။ အဲသည်စကားက ဆေးလိပ်သောက်တဲ့သူများကို ညွှန်းပြီး ပြောတဲ့စကား ဖြစ်ပါတယ်။ တစ်နေရာမှာ ဖတ်မိပြီး ဆေးလိပ်သောက်တဲ့သူကို တွေ့တိုင်း သတိရနေမိတဲ့ စကားကလေးဖြစ်ပါတယ်။ ဆေးလိပ် သောက်တဲ့သူဟာ အနေးနဲ့အမြန် သေလောက်တဲ့ ကင်ဆာရောဂါကို ခံစားရမယ်ဆိုတာ သေချာနေပါလျက် မိမိတို့ရဲ့ စွဲလမ်းမှုကို မဖြတ်နိုင်ဘဲ ဆေးလိပ်ကို မရပ်မနား သောက်နေကြတာဟာ အရစ်ကျ ကိုယ့်ကိုယ်ကို သတ်သေနေတာပဲလို့ ပြောတာဖြစ်ပါတယ်။

ကျွန်မတို့အမေဟာ အသည်းကင်ဆာနဲ့ ကွယ်လွန်ခဲ့သူ ဖြစ်ပါတယ်။ အမေဟာ အစားအသောက် အနေအထိုင် အင်မတန်မှ စနစ်တကျရှိပါတယ်။ ခြိုးခြံတာမဟုတ်ပေမယ့် သင့်တင့်တဲ့ အစားကိုသာ စားပါတယ်။ မသင့်ဘူးဆိုရင် ရှောင်တော့တာပါပဲ။ သို့ပေမယ့် သူ့မှာ မဖြတ်နိုင်တဲ့ စွဲလမ်းမှုတစ်ခု ရှိခဲ့ပါတယ်။ ဆေးလိပ်သောက်တာပါပဲ။ ဆေးလိပ်စွဲတာက



တော့ လူကြီးတွေက သူငယ်ငယ်ကလေးကတည်းက ဆေးလိပ်မီး ညှိခိုင်းတတ်ပါတယ်တဲ့။ ငယ်ငယ်ကလေးကတည်းက ဆေးလိပ်ဖွာတတ်တော့ စွဲလာတာပေါ့။ ဆေးရွက်ကြီးထဲမှာ ပါတဲ့ နစ်ကိုတင်းဆိုတဲ့ ဓာတ်ကလည်း စွဲတတ်ပေသကိုး။ မေမေက ဆေးလိပ်ကလေးသောက်လိုက်ရရင် လူမောလည်း အမောပြေတယ်။ စိတ်မောရင်လည်း အမောပြေတယ်လို့ ဆေးလိပ်ကလေးကို ဖွာရင်း ပြောတတ်ရှာပါတယ်။

အစောပိုင်းမှာ မေမေတို့ ဆေးလိပ်သောက်တာက ကိုယ်တိုင် ဆေးတောင်းတည်ပြီး ပြောင်းဖူးဖက်ဆေးလိပ်ဆိုတာကို ကိုယ်တိုင် လိပ်သောက်တာဖြစ်ပါတယ်။ ဆေးလိပ်ဖြူဖြူ၀၀ ရှည်ရှည်ကြီးတွေကို အားပါးတရဖွာရင်း ကိုယ်တိုင်လိပ်သောက်တာ ဘေးကင်းတယ်လို့ ပြောတတ်ပါသေးတယ်။ အမှိုက်သရိုက်နဲ့ ဖုန်တွေဘာတွေ ကင်းတယ်လို့ ပြောချင်တာပါပဲ။

နောက်ပိုင်းတော့ ကိုယ်တိုင်လိပ်သောက်ဖို့ အချိန်လည်း မရ။ လိုချင်တဲ့ဆေးစပ်စတဲ့ ပစ္စည်းမျိုးတွေကို ရဖို့မလွယ်တော့တာနဲ့ ကိုယ့်စိတ်ကြိုက် ဆေးလိပ်ခုံက သနပ်ဖက်ဆေးလိပ်များကို ဝယ်သောက်ရပါတယ်။ မေမေသောက်တဲ့ ဆေးလိပ်ခုံက ဘယ်လောက်များ ရောင်းကောင်းသလဲဆိုတော့ ဒီအတိုင်းသွားဝယ်ရင် မရောင်းပါဘူး။ သူတို့ဆေးလိပ်ခုံက ထုတ်ပေးထားတဲ့ မှတ်ပုံတင်စာအုပ်ပါမှ ရောင်းပါတယ်။ မှတ်ပုံတင်စာအုပ်မှာ ဘယ်နေ့ဘယ်ရက် လာရောက်၍ ဆေးလိပ် ဘယ်

www.burmeseclassic.com

www.burmeseclassic.com



နှရာကို ဝယ်ယူပါဆိုတဲ့ စာပါပါတယ်။ အဲသည်လို ဝယ်ရတဲ့တိုင်အောင် ဆေးလိပ်စွဲနေတဲ့သူများက မငြူစူပါဘူး။ ငါတို့မို့ ရောင်းတာဆိုတဲ့စကားကို ဝမ်းမြောက်ဝမ်းသာ ပြောသေးတာပါ။

ကျွန်မကလည်း မေမေ့ကို ဆေးလိပ်ဖြတ်ပါလို့ ပြောခဲ့ပါတယ်။ ဖေဖေကလည်း ပြောတာပါပဲ။ ကျွန်မကိုတော့ မဖြတ်နိုင်ဘူးလောက်ပဲ ပြောပါတယ်။ ဖေဖေ့ကျတော့ မသထာဘူးလားလို့ မေးလိုက်လို့ ဖေဖေက တစ်ခါတည်း ပါးစပ်ပိတ်သွားပါတယ်။ ပြီးတော့မှ ဖေဖေက ကျွန်မကို ပြန်တိုင်တာပေါ့။ မိဘများခမျာ ကြီးလာတော့ သားသမီးကို တိုင်ရရှာပါတယ်။

တစ်ခါမှာတော့ မေမေ ခါးနာတာနဲ့ ရန်ကုန်ကိုလာပြီး ဆေးကုရင်း လည်ချောင်းထဲမှာ မကောင်းလို့ သက်ဆိုင်ရာ ဆရာဝန်ဆီ သွားပြပါတယ်။ ဆရာဝန်က ပြတ်ပြတ်ပဲ ပြောလိုက်ပါတယ်။ အမေကြီး ဆေးလိပ်ကိုဖြတ်လိုက်ပါ။ မဖြတ်ရင်တော့ သေမှာပဲတဲ့။ အခုလားဆိုတော့ ဖြတ်နိုင်ရင် အသက်ရှည်ဦးမယ်။ မဖြတ်နိုင်ရင်တော့ အခုပဲလို့ ပြောလိုက်တာ ဖြစ်ပါတယ်။

ကျွန်မစိတ်ထင်တော့ အဲသည်စကားကို မေမေ ကြားရပြီး ၅ နှစ်လောက်မှာ ကင်ဆာရောဂါကို ခံစားရတာပါပဲ။ အဲဒါကြောင့် ဆေးလိပ်သောက်တဲ့သူများကို အရစ်ကျ ကိုယ့်ကိုယ်ကို သတ်သေသူများဆိုတဲ့ စကားကို ကျွန်မခဏခဏ



သတိရနေတာ ဖြစ်ပါတယ်။ ချက်ချင်းသေစေနိုင်လောက်အောင် အပြင်းစားမဟုတ်ပေမယ့် အဆိပ်ကတော့ အဆိပ်ပါပဲ။ ကျွန်မတို့ ၈ တန်းမှာတုန်းက ဆရာဦးအုန်းမောင်ရေးတဲ့ ပြည်သူ့နီတိကို ပြဋ္ဌာန်းစာအုပ်အဖြစ် ဖတ်ရပါတယ်။ အဲသည်ထဲမှာ ဆေးရွက်ကြီးကရတဲ့ နစ်ကိုတင်းအရည် တစ်စက်ကို ယုန်ကလေးတစ်ကောင်ရဲ့ လျှာပေါ်ကို ချလိုက်တာနဲ့ ယုန်ကလေးက တန်းပြီးသေတယ်ဆိုတာကို ရေးသားထားတာ ကျွန်မ အစဉ်မှတ်မိနေပါတယ်။ ဆေးလိပ်သောက်တော့ ချက်ချင်း မသေတာက လူလည်းဖြစ်ပြန် နစ်ကိုတင်းအငွေ့ကိုသာ ရှူပြန်ဆိုတော့ ချက်ချင်းမသေနိုင်ဘူးပေါ့။ သို့သော် သေလောက်တဲ့ ရောဂါတော့ ရမှာပါပဲ။

ကျွန်မနဲ့ခင်တဲ့ စာရေးဆရာတစ်ယောက် ရှိပါတယ်။ လူပုံကချောချော ပျော်ရွှင်တက်ကြွစွာ စကားပြောတတ်ပြီး ခင်မင်စရာကောင်းပါတယ်။ သူက အရက်မသောက်ပါဘူး။ ဆေးလိပ်တော့ စီးကရက်ကိုမှ မီးကူးပြီးသောက်တာ တစ်လိပ်ပြီး တစ်လိပ်ပါပဲ။ သူက အလုပ်ကလည်းများ။ စိတ်ရော လူရော ပင်ပန်းနေတဲ့ခေတ်မှာ မနက်မိုးလင်းကတည်းက ရင်ဘတ်အောင့်လိုက်တာ ညကျတော့ ဆေးရုံပေါ်ရောက်သွားတာပါပဲ။ မသေကောင်း မပျောက်ကောင်းပါပဲ။ အခုတော့ သတိနဲ့နေပြီး အချိန်မှန် ဆေးစစ်ရပါတယ်တဲ့။ ဆေးစစ်တဲ့ အဖြေ ထွက်လာတဲ့အခါမှာ ဆရာဝန်ဖြစ်တဲ့သူက ခင်ဗျား ဆေးလိပ်သောက်လို့သာ နှလုံးထိသွားတာ အခြားကလီစာတွေ

www.burmeseclassic.com

www.burmeseclassic.com



ကတော့ အတော်ကောင်းသေးတယ်။ နှမြောစရာဗျာလို့ ပြောပါသတဲ့။

ဟုတ်ပါတယ်။ နှမြောစရာပါပဲ။ လူ့အဖြစ်က သိပ်တန်ဖိုးကြီးပါတယ်။ လူဟာ အသက်ရှင်သန်နေတုန်းမှာ လုပ်သင့် လုပ်ထိုက်တဲ့ အလုပ်များကို လုပ်နိုင်ပါတယ်။ အဲသည်တော့ တက်ကြွလန်းဆန်းနေဖို့ သင့်တာပေါ့။ ဆေးလိပ်သောက်တဲ့သူများ ခံတွင်းအနံ့သာ မကောင်းတာမဟုတ်ပါဘူး။ ချွေးနံ့ဆီးနံ့ စသည်ဖြင့် ကိုယ်နဲ့ ဆက်စပ်သမျှ အနံ့များလည်း မကောင်းပါဘူး။ လန်းဆန်းတက်ကြွခြင်းလည်း လျော့ကျသွားတတ်ပါတယ်။ ပြီးတော့ ဆေးလိပ်ဖိုးကလည်း တကယ်ကုန်ပါတယ်။ အားရှိစေမယ့် အစားအစာဆိုရင်တော့ စားပါ၊ သောက်ပါ၊ ဘယ်သူမှ ငြူစူမှာမဟုတ်ပါဘူး။ ဆေးလိပ်ဖိုးကုန်ရတာကတော့ နှမြောသင့်ပါတယ်။

တချို့မိတ်ဆွေများ မတွေ့တာကြာမှ တွေ့တဲ့အခါ တသွေးတမွေးနဲ့ ဝဖြိုးစိုပြည်နေတယ်ဆိုရင် ဝမ်းသာအားရနဲ့ဟယ် ဝလာလိုက်တာ၊ လန်းဆန်းရွှင်လန်းလာတာလည်း သိသာတယ်လို့ ကိုယ့်ဘက်က ဝမ်းသာစကားသာ ပြောကြည့်လိုက်ပါ။ ကျွန်တော် ဆေးလိပ်ဖြတ်တာ ခြောက်လတောင်ရှိသွားပြီဆိုတာမျိုး ပြန်ပြောပါလိမ့်မယ်။

ကိုယ့်ကိုယ်ကို အရစ်ကျ သတ်သေတဲ့သူများထဲမှာ ကွမ်းစားတတ်တဲ့သူများလည်း ပါပါတယ်။ ထုံးလိုပစ္စည်းမျိုးကို နေ့စဉ်စားနေတဲ့သူဟာ ပါးစပ်ကင်ဆာလည်း ဖြစ်တတ်ပါတယ်။ အူသိမ် အူမများမှာလည်း ဒုက္ခပေးတတ်ပါတယ်။ ကွမ်းသမားလည်း ဆေးလိပ်သမားလိုပါပဲ၊ ကိုယ်နံ့ ခံတွင်းနံ့များလည်း မကောင်းပါဘူး။ ဆေးလိပ်သမားက ပုဆိုးနဲ့ အင်္ကျီများမှာ မီးပေါက်တတ်ပါတယ်။ ကွမ်းသမားက အင်္ကျီနဲ့ ပုဆိုးမှာ ကွမ်းသွေးဖွန်းတတ်ပါတယ်။ သပ်ရပ်သန့်ရှင်းမှုနည်းပါးတတ်ပါတယ်။ သွားတွေမှာ ကွမ်းသွေးစွန်းနေတာတို့၊ ကွမ်းသွေးကို ဟာပျစ်ပျစ်ထွေးနေတာတို့ဟာ လူအများကို အနှောင့်အယှက် ဖြစ်စေတတ်ပါတယ်။

ဆေးလိပ်ပဲဖြစ်ဖြစ် ကွမ်းပဲဖြစ်ဖြစ် စွဲတတ်တာဟာ စိတ်နဲ့လည်း ဆိုင်ပါတယ်။ ဖြတ်လိုက်ရင် အစစအရာရာ အဆင်ပြေသွားမယ်လို့ ယုံကြည်တဲ့စိတ် ခိုင်မာတဲ့စိတ်နဲ့ ဖြတ်လိုက်တော့လည်း ချက်ချင်းပဲ ပြတ်သွားတဲ့သူတွေကို တွေ့ဖူးပါတယ်။

အဲသည်လို ပြတ်သွားတဲ့သူများကို တွေ့ဖူးသလို မပြတ်ဘဲ ဆက်ပြီးမိုက်သွားတဲ့သူများ အကြောင်းကိုလည်း ကြားဖူးပါတယ်။ ဆေးလိပ်သောက်ရာက ဘိန်းဖြူကိုပါ သောက်ရှူသွားတတ်တဲ့ သူများအကြောင်းကိုလည်း ဖတ်ဖူးပါတယ်။ အဲသည်လို စိတ်ကိုပြောင်းလဲစေတတ်တဲ့ မူးယစ်ဆေးဝါးများကို သောက်သုံးတဲ့သူများဟာ မိမိပတ်ဝန်းကျင်ကိုလည်း များစွာဒုက္ခပေးပါတယ်။ ပြီးတော့လည်း လုပ်ရှယ်နှုပ်ိုတဲ့

www.burmeseclassic.com



အရွယ်မှာ နေမယ်ဆိုရင် နှစ်ပေါင်းများစွာ တက်ကြွပျော်ရွှင်စွာ နေနိုင်ပါလျက်နဲ့ လူလုံးမပေါ်အောင် ဖြစ်သွားပြီး သေခြင်းတရားဆီကို ဒုန်းစိုင်းကာ ပြေးသွားနေကြပါတယ်။

သေခြင်းတရားဆိုတာက ရှောင်လို့မရတဲ့ တရားဖြစ်ပါတယ်။ ဘယ်တော့လာမလဲလို့ သေသေချာချာ မသိပေမယ့် နေရတဲ့ နေ့ရက်တိုင်းဟာ တန်ဖိုးရှိတဲ့ အချိန်ကာလများ ဖြစ်သလို ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နိုင်ခွင့်ရှိတဲ့ ရက်များဖြစ်ပါတယ်။ ရောဂါရနေလို့ သေရမယ်လို့ သိနေရင်တောင်မှ နေခဲ့တဲ့ အချိန်အတွင်းမှာ တန်ဖိုးရှိအောင် နေခဲ့တယ်။ ပျော်ရွှင်ခဲ့တယ်ဆိုရင် ကျေနပ်နိုင်ပါတယ်။

အဲသည်လိုမဟုတ်ဘဲ နေနေတဲ့အချိန်မှာလည်း နေလို့ထိုင်လို့ မကောင်း၊ အဲသည်လို မကောင်းနေတာကလည်း ကိုယ်တိုင်မဖြတ်နိုင်တဲ့ အစွဲအလမ်းကြောင့် ဖြစ်ခဲ့တာဆိုရင် နောင်တရနိုင်ပါတယ်။ *ပြန်လည်ပြင်ဆင်ခွင့် မရနိုင်တော့တဲ့ အချိန်မှာ နောင်တရနေရတယ်ဆိုတာဟာဖြင့် ဝမ်းနည်းစရာအကောင်းဆုံးအဖြစ်ပါပဲ။*

လူတွေဟာ အကြောင်းတစ်စုံတစ်ရာကြောင့် မိမိအသက်ကို မိမိရန်ရှာတယ်။ သတ်သေတယ်ဆိုတာကို သိတဲ့သူတိုင်း ကြားတဲ့သူတိုင်း မကြိုက်နိုင်ကြပါဘူး။ ဘယ်သူကမှ ကောင်းတယ်ဟေ့လို့ မပြောကြပါဘူး။ မိုက်လိုက်တာလို့ ပြောတတ်ကြပါတယ်။ ဆေးလိပ်တို့ ကွမ်းတို့ အရက်တို့ကို



သောက်စားပြီး အရစ်ကျသတ်သေနေတာကိုလည်း မိသားစုဝင်များကရော၊ ပတ်ဝန်းကျင်ကပါ မကြိုက်နိုင်ပါဘူး။ အဲသည်တော့ မိမိတို့ မိသားစုဝင်အချင်းချင်း တတ်နိုင်သမျှ ဟောပြောစည်းရုံးပြီး ကွမ်းမစား ဆေးလိပ်မသောက်ဘဲ သင့်တင့်လျောက်ပတ်တဲ့ အစားအစာများကိုသာ စားသောက်ကာ အသက်ရှည်ရှည် ကျန်းကျန်းမာမာနေရင်း လူ့ဘဝမှာ နေပျော်အောင် နေတတ်ကြစေချင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ကိုယ့်ကိုယ်ကို ပြန်စားသူများ

ကျွန်မတို့ မြန်မာနိုင်ငံစေတီများ ဂူဘုရားများပေါ်မှာ ဘီလူးပန်းဆွဲများ ထည့်သွင်းပြီး တန်ဆာဆင်ထားပါတယ်။ အဲသည်ဘီလူးပန်းဆွဲများမှာ အာဒါသာမုခလို့ခေါ်တဲ့ လက်နှစ်ဖက်က ပန်းခက်ကို ကိုင်ထားတဲ့ပုံ ဦးခေါင်းအပြည့်အစုံပါတဲ့ ဘီလူးပန်းဆွဲရယ်၊ ကိတ္တိမုခလို့ခေါ်တဲ့ ခေါင်းအပေါ်ပိုင်းနဲ့ ပါးစပ်သာရှိတဲ့ ဘီလူးခေါင်းကလေးတွေစီပြီး ဖောင်းကြွတဲ့ပုလဲသွယ်သဏ္ဍာန်များနဲ့ ဆက်ထားတဲ့ ဘီလူးပန်းဆွဲရယ်လို့ နှစ်မျိုးရှိပါတယ်။ ပုဂံက ဂူဘုရားများမှာတော့ ကိတ္တိမုခကို အသုံးများပါတယ်။ မုခဆိုတော့ မျက်နှာပေါ့နော်။ အဲသည်လို ဘီလူးမှာ မျက်နှာပဲကျန်တာက သူ့ကိုဖန်ဆင်းတဲ့ နတ်မင်းက အစားမကျွေးနိုင်ဘဲ သူက ဆာတယ်လို့ပြောတိုင်း သူ့ကိုယ်ကို ပြန်စားခွင့် ပေးခဲ့ပါတယ်တဲ့။ အဲသည်လိုဆာတိုင်း သူ့ကိုယ်သူ ပြန်စားခွင့်ပေးလိုက် သူကစားလိုက်နဲ့ နောက်ဆုံးတော့ မျက်နှာကလေးပဲ ကျန်တော့တယ်ဆိုကိုး။ အဲဒါကလည်း ပုံပြင်အနေနဲ့ ပြောတာကိုး။ တကယ်တမ်းရော ကိုယ့်ကိုယ်ကို စားတဲ့သူ ရှိနိုင်ပါ့မလား။ ဘယ်လိုစားမလဲလို့ မေးချင်ကြတဲ့သူများ ရှိမှာပါပဲ။ ကိုယ့်ကိုယ်ခန္ဓာကို ကိုယ့်ဘာသာပြန်စားတဲ့ အဖြစ်က



တော့ လူ့လောကမှာ မရှိပါဘူး။ ကိုယ့်ဘဝကို ကိုယ့်ဘာသာပြန်စားတဲ့သူများကတော့ ရှိပါတယ်။

တကယ်တော့ ဘဝကို တိုင်းတာတဲ့အခါ နေရတဲ့အချိန်နဲ့ အဲသည်အချိန်ပိုင်းအတွင်းမှာ ဆောင်ရွက်နိုင်ခဲ့တဲ့အချက်များကို ကြည့်ပြီး အကဲဖြတ်ရပါတယ်။ တချို့သောသူများဟာ ကိုယ့်ဘဝကို တိုးတက်ချင်တာတော့ တစ်ပိုင်းမကပါဘူး။ တစ်ကိုယ်လုံး သေမတတ်ပါပဲ။ သို့ပေမယ့် တိုးတက်ရာတိုးတက်ကြောင်းကိုတော့ မလုပ်ပါဘူး။ အခွင့်အရေးကို စောင့်မျှော်နေတတ်ကြပါတယ်။ လမ်းဘေးမှာ ထိုင်ပြီး ဟိုဘက်ကြည့်လိုက်၊ သည်ဘက်ကြည့်လိုက်နဲ့ အခွင့်အရေးကို စောင့်နေတဲ့သူများဟာ မိမိလက်ထဲမှာ ဘယ်လိုအခွင့်အရေးတွေ ရှိနေတယ်ဆိုတာကို မသိတတ်ကြပါဘူး။ အဲသည်အခွင့်အရေးများကို မသုံးဘဲ ပစ်ထားလို့ အခွင့်အရေးကို သုဉ်းသွားတာတောင်မှ သိလိုက်ကြမှာ မဟုတ်ပါဘူး။

လူတိုင်းမှာ လူစဉ်မီတယ်ဆိုရင် အခွင့်အရေး အပြည့်အဝ ရထားသူများ ဖြစ်တယ်ဆိုတာ ငြင်းဆန်စရာအကြောင်းမရှိဘဲ လက်ခံရမယ့်အချက် ဖြစ်ပါတယ်။ ကိုယ်လက်အင်္ဂါပြည့်စုံတယ်။ ကြည့်နိုင်မြင်နိုင်၊ ကြားနိုင်၊ ပြောနိုင်တယ်ဆိုရင် သိပ်ပြီးဝမ်းသာစရာ ကောင်းနေပြီလို့ ဆိုရပါမယ်။ အဲသည်လိုအထဲမှာမှ ဉာဏ်ရည်အနိမ့်အမြင့် ကွဲပြားတာ၊ လုပ်ကိုင်နိုင်တဲ့ စွမ်းရည်အနိမ့်အမြင့် ကွဲပြားတာကတော့ ရှိနေမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



လောကမှာ ဉာဏ်ရည်သိပ်မြင့်မားတဲ့ ပါရမီရှင်များ ရှိတတ်ပါတယ်။ သို့ပေမယ့် ရှားပါတယ်။ လုံးဝစာသင်လို့မရ အတတ်ပညာ သင်လို့မရအောင် ထုံထိုင်းတဲ့သူများလည်း ရှိတတ်ပါတယ်။ သို့ပေမယ့် အရေအတွက် မများလှပါဘူး။ အလယ်အလတ်တန်းစား ဉာဏ်ရည်နဲ့လူတွေကတော့ များပါတယ်။ သိပ်တော်တယ်လို့ သတ်မှတ်ခံရတဲ့သူလည်း အဲသည်လို အလယ်အလတ်တန်းစား ဉာဏ်ရည်ရှိတဲ့သူများထဲကပဲ ထွက်လာတာပါပဲ။ အသုံးမကျတဲ့ကောင်လို့ သူတစ်ပါးက ပျစ်ပျစ်နစ်နစ်ပြောတာကို ခံရတဲ့ လူရည်ညံ့တယ်ဆိုတဲ့ သူများလည်း အဲသည်လို အလယ်အလတ်တန်းစား ဉာဏ်ရည်ရှိတဲ့ သူထဲက ထွက်ပေါ်လာတာပါပဲ။

ဘယ်လိုကွာခြားသွားတာလဲဆိုတော့ မိမိဘဝအပေါ်မှာ မိမိကိုယ်တိုင် မြင်တဲ့အမြင် ကွဲပြားလို့ရယ်၊ ထားအပ်တဲ့ သဘောထား ကွဲပြားလို့ရယ်ပဲ ဖြစ်ပါတယ်။

တချို့ကတော့ ထက်ထက်မြက်မြက် ရှိပါတယ်။ အဲသည်ထက်မြက်တဲ့ဉာဏ်ရည်ကို အသုံးချပြီး ကြိုးကြိုးပမ်းပမ်း လုပ်ကိုင်စားသောက်ရမယ်။ ပိုမိုထက်မြက်ထူးချွန်အောင် အောက်ခြေသိမ်းကစပြီး ကြိုးကြိုးကုတ်ကုတ် အားထုတ်ရမယ် ဆိုတဲ့ သဘောထားမျိုး ထားတတ်ပါတယ်။ အဲသည်လို သဘောထားမျိုးကြောင့် ကိုယ်စွမ်းကိုယ်စကို ပိုမိုတိုးတက်အောင် ကြိုးစားပမ်းစား မနားမနေနဲ့ တက်လာတဲ့သူတွေ မနည်းလှပါဘူး။



သဘောထား မမှန်တဲ့သူများကတော့ မိမိရဲ့အရည်အသွေးကို တိုးတက်အောင်မကြိုးစားဘဲ အခွင့်အရေးကို ဘယ်လိုယူရမလဲ။ ပေးနိုင်ကမ်းနိုင် မစနိုင်တဲ့သူများကို ဘယ်လိုချဉ်းကပ်ရမလဲ၊ ပေးကမ်းချင်အောင် ဘယ်လိုခယရမလဲဆိုတာကိုသာ စဉ်းစားတတ်ပါတယ်။ သူတစ်ပါးပေးမှ ကမ်းမှ စားရသောက်ရတာဟာ ဘယ်လိုဘဝမျိုးကို သက်ဆင်းသွားပြီဆိုတာကိုလည်း ကိုယ့်ဘာသာကိုယ် မစဉ်းစားဘဲ ဟုတ်လှပြီလို့ ထင်တတ်ကြပါတယ်။ တကယ်တော့ ကိုယ့်ဘာသာကိုယ် ကြိုးစားရင် 'ကယ်မပါ ပြုစုပါ စောင့်ရှောက်ပါ မွဲသွေ့သွေ့ မျက်နှာနဲ့ ကိုယ်ချမ်းသာရကြောင်း ငယ်ငေါင်းစုတ်ပဲ့ နုံနဲ့သည့် စကားကို ယောင်မှား၍ဆိုမိလျှင် လျှာတိုအောင် ရိတ်ချင်၏' ဆိုတဲ့ ဦးပုညရဲ့စာထဲကလို အဖြစ်မျိုးကို မရောက်နိုင်ပါဘူး။ မိမိအရည်အချင်းကို မိမိမြှင့်တင်နေတဲ့သူကို ချီးမြှင့်ချင်တဲ့သူ၊ အားကိုးအားထားပြုချင်တဲ့သူ၊ နေရာကောင်းပေးကာ လုပ်ပိုင်ခွင့် ပေးချင်တဲ့သူများ ပေါ်ပေါက်လာမှာ သေချာပါတယ်။ ဖြတ်လမ်းသွားမဟုတ်တော့ မြန်ချင်မှ မြန်ပါမယ်။ သို့သော်လည်း ကိုယ်ပိုင်အရည်အချင်းကြောင့် နေရာကောင်းမှာ မြဲတတ်ပါတယ်။ သိက္ခာကြီးမားတဲ့ဂုဏ်နဲ့ ပြည့်စုံတတ်ပါတယ်။

အသက်ကြီးလာတာနဲ့အမျှ လူအမျိုးမျိုး စရိုက်အဖုံဖုံနဲ့ တွေ့ကြုံလာတဲ့အခါမှာ မိမိရဲ့လူဖြစ်လာရခြင်းဆိုတဲ့ ဒုလ္လဘတရားကို မလေးမစား ပစ်ပစ်ခါခါ လုပ်နေတဲ့သူတွေကို အံ့အားသင့်စဖွယ် တွေ့မြင်ခဲ့ရပါတယ်။ လူ့အဖြစ်ဟာ မြတ်

www.burmeseclassic.com



တယ်ဆိုတာကလည်း မြတ်အောင်နေတတ်မှ မြတ်တာဖြစ်ပါတယ်။ မြတ်တဲ့တရားများကို စိတ်မှာသွင်းပြီး အားအင်ထုတ်ကာ ကြိုးပမ်းပါမှ အတက်လမ်းကို ရောက်မှာဖြစ်ပါတယ်။

လူ့အဖြစ်ဟာ မြတ်တယ်ဆိုတာကို ကြားဖူးနားဝတော့ ရှိတတ်ကြပါတယ်။ သို့သော် မိမိကိုယ်ကိုမိမိလည်း တန်ဖိုးမထား၊ မိမိနဲ့အနီးစပ်ဆုံး ပတ်ဝန်းကျင်က ရှိသေလေးစားထိုက်သောသူများကိုလည်း မလေးစား၊ ညာတာထိုက်သောသူများကိုလည်း မညာတာဘဲ လူ့အဖြစ်ကို ပစ္စလက္ခတ်လုပ်ပစ်နေတဲ့သူတွေကို တွေ့နေရပါတယ်။ ဆင်းရဲတဲ့ ပညာမဲ့တဲ့သူများထဲမှာသာ အဲသည်လိုလူများကို တွေ့ရမှာပါလို့ တချို့က တစ်ဖက်သတ်အမြင်နဲ့ တင်တင်စီးစီး တွေးတောကြဦးမယ်ထင်ပါတယ်။ မဟုတ်ပါဘူး။ ပညာတတ်လို့ လူအများက ထင်မှတ်ယုံကြည်ကာ လေးစားသမှုပြုတာကို ခံနေရတဲ့သူများထဲမှာလည်း အဲသည်လို လူ့ဘဝတန်ဖိုးကို မလေးမစားလုပ်နေတဲ့သူတွေ ရှိနေတာ တွေ့ရပါတယ်။ 'ကျွန်တော်တတ်တဲ့ပညာနဲ့ လိုက်လျောတဲ့ချီးမြှင့်မှုကို မရရင် အပြည့်အဝ အလုပ်မလုပ်နိုင်ဘူး' လို့ပြောတဲ့ ပညာတတ်ဟာ တကယ်တော့ သူတတ်တဲ့ပညာကို သူ့ဘာသာသူ ပြန်စားနေတဲ့သူဖြစ်တယ်လို့ ကျွန်မက ရဲဝံ့စွာစွပ်စွဲလိုက်ချင်ပါတယ်။

တကယ်တမ်း ပညာတတ်မြောက်တဲ့သူဟာ တန်ဖိုးဖြတ်လို့ ရတဲ့အရာများနဲ့ မိမိရဲ့ပညာကို လဲလှယ်ရမှာ အင်မတန်မှ စိုးရိမ်တတ်ပါတယ်။ သူလိုချင်တာက ပညာစွမ်းကို



အသုံးချချင်တာပါပဲ။ ပြခွင့်မှ မရဘဲဗျာလို့ ပြောချင်ရင် ဘယ်တုန်းက ဘယ်လောက်ကြိုးစားပြီးပြီလဲလို့သာ မေးလိုက်ပါ။ ပြန်ပြီးဖြေတတ်မှာ မဟုတ်တာသေချာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူဟာ မိမိကိုယ်ကို ဆောက်တည်တဲ့အလုပ်၊ မိမိပညာတန်ဖိုးကို မြှင့်တင်တဲ့အလုပ်ထက် အကျိုးအမြတ်ရအောင် ဘယ်လိုကြံဆောင်ရမလဲဆိုတာကိုသာ တွေးနေလို့၊ လိုက်စားနေလို့ ဖြစ်ပါတယ်။

တကယ်တော့ မိမိကိုယ်ကို ဆောက်တည်ကဲ့သူဟာ သီလစောင့်ထိန်းပြီးသား ဖြစ်သွားပါတယ်။ မိမိ၊ကက်ဖို့ သူတစ်ပါးကို တွန်းချတဲ့အလုပ်ကို လုပ်မှာမဟုတ်ပါဘူး။ ပြီးတော့ အချိန်နဲ့အမျှ သိက္ခာကြီးမားလာတတ်ပါတယ်။ သိက္ခာကြီးတယ်ဆိုတာ တတ်မြောက်မှုသိက္ခာရော အကျင့်အာစာရရောနဲ့ပါ ပြည့်စုံလာခြင်း ဖြစ်ပါတယ်။

မိမိကိုယ်ကို ပြန်စားတယ်လို့ တင်စားပြောဆိုခြင်းခံရတဲ့သူကတော့ မိမိကိုယ်ကို ဆောက်တည်သူနဲ့ ပြောင်းပြန်ဖြစ်သွားတာပါပဲ။ မိမိတိုးတက်ဖို့ သူတစ်ပါးကို တွန်းချ တိုက်ချတဲ့အလုပ် လုပ်တတ်ပါတယ်။ ကောင်းတဲ့အလုပ်တွေ လုပ်နေတယ်လို့ ထင်ရအောင် ဟန်ဆောင်တတ်ပါတယ်။ အဲသည်လိုလူမျိုးမှာ သီလရော သိက္ခာရော တစ်စတစ်စ ကျဆင်းနေတတ်တဲ့အတွက် နောက်ဆုံးတော့ အဲသည်လူဟာဖြင့် တကယ့်ကို အဆန်မဲ့စပါး အဖျားတစ်ထောင်ထောင် ဆိုတာလိုမျိုး အနှစ်မဲ့တဲ့ လူတစ်ယောက်ပါတကားလို့ လူအများက သိသွားတတ်

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ အဲသည်အချိန်မှာတော့ အဲသည်လူမှာ ပါးစပ်လောက်သာ ကျန်တော့တဲ့ ဘီလူးပန်းဆွဲက ဘီလူးလို ဖြစ်သွားတော့မှာပါပဲ။ စားနေတာက မိမိကိုယ် မိမိစိတ်မှာ ရှိအပ်တဲ့ အင်အားဖြစ်တဲ့အတွက် စားနေတုန်းတော့ မသိပေမဲ့ စားလို့လည်းပြီးရော ကိုယ့်ဘဝ ကုန်ဆုံးပျောက်ကွယ်သွားတာကို တွေ့ရမှာဖြစ်ပါတယ်။ အဲသည်လိုလူမျိုးဟာလည်း မိမိကိုယ်ကို သတ်သေသူများနဲ့မခြား လူ့တန်ဖိုးဆုံးရှုံးတာပါပဲ။

## အကြွေးတင်ရင်
## ဆွေးမြည့်ကြေကွဲရတတ်တယ်

လူ့လောကမှာ တွေ့ကြုံဆုံကွဲ ဖြစ်မြဲမမှုတာဆိုတဲ့ စကားရှိပါတယ်။ မွေးလာတာဟာ သေဖို့ပါပဲ။ တွေ့ကြ ဆုံကြတာဟာ ကွဲဖို့ပါပဲ။ ဒါဖြင့်ရင် အကျိုးမဲ့ အနှစ်မဲ့ ဘဝကြီးပေါ့နော်လို့ ပြောရင်၊ ဒီအတိုင်းဆိုရင်တော့ ဟုတ်ပါတယ်။ အကျိုးမဲ့ အနှစ်မဲ့ရုံမက အပြစ်တွေအများကြီး ဖြစ်သွားနိုင်သေးတယ်လို့ ပြောရမှာ ဖြစ်ပါတယ်။

သို့ပေမယ့် အကျိုးလည်းရှိ အနှစ်လည်းပြည့်ပြီး တွေ့ကြကြုံကြတုန်းမှာ ပါရမီဖက်များဖြစ်သွားအောင် နေတတ်ရင်တော့ မြင့်သည်ထက်မြင့်တဲ့ဘဝကို တက်လှမ်းနိုင်ကြမှာ ဖြစ်ပါတယ်။ ကျွန်မက မိမိကိုယ်ကို သတ်သေသူများအကြောင်းကို ပြောနေရင်းက တွေ့ကြုံဆုံကွဲ ကိစ္စ၊ ပါရမီဖက်ကိစ္စများကို ပြောမိတာက ခုတလော ဆက်တိုက်ဆိုသလို ပြန်လည်တွေ့ဆုံရတဲ့ သိပေါင်းကျွမ်းပေါင်းများကြောင့် ဖြစ်ပါတယ်။ တစ်ယောက်အကြောင်း တစ်ယောက် မေးကြပြောကြရင်း ကျွန်မတို့နဲ့ မတွေ့တာ ကြာတောင်းကြာခဲ့ပြီဖြစ်တဲ့ မိန်းမတစ်ယောက်အကြောင်းကို ရောက်သွားကြပါတယ်။ မိတ်ဆွေများ ပြောတဲ့

www.burmeseclassic.com

www.burmeseclassic.com



စကားအရ သူက အရင်ကလို မဟုတ်တော့ဘဲ တမြည့်မြည့် ဆွေးနေတဲ့သူ ဖြစ်ပါသတဲ့။ အများအမြင်မှာတော့ သူဟာ ခင်ပွန်းသည်ကို သိပ်ချစ်တတ်တဲ့ ဇနီးကောင်းတစ်ယောက်၊ ခင်ပွန်းသည် မသေဆုံးခင်ကတည်းက အဆွေးကြီး ဆွေးနေတဲ့ လိုအပ်သမျှကို ဖြည့်ဆည်းဆောင်ရွက်နေတဲ့ ဇနီးမယားကောင်း တစ်ယောက်၊ ဆုံးပါးပြီးတော့လည်း မဖြေနိုင် ရေဆိုင်ဝဲဆိုသလို ဘဝင်မအေးနိုင်အောင် ပူလောင်ပင်ပန်းနေသူတစ်ယောက်ပဲလို့ မြင်ကြပါတယ်။

ကျွန်မအနေနဲ့ အဲသည်မိတ်ဆွေ အမျိုးသမီး ခံစားနေရတာကို သံသယမဖြစ်ပါဘူး။ ဟန်ဆောင်တယ်လို့ လုံးဝမထင်ပါဘူး။ သို့ပေမယ့် ဘာကိုပဲလုပ်လုပ် မပျော်ရွှင်နိုင်အောင် ဖြစ်နေတာက အသက်အရွယ်နဲ့စာရင် နည်းနည်းများ လွန်နေသလားလို့ ထင်မိပါတယ်။

အဲသည်လို ထင်တာကလည်း အကြောင်းရှိပါတယ်။ အဲသည်အမျိုးသမီးဟာ အောင်မြင်တဲ့ စီးပွားရေးသမား တစ်ယောက် ဖြစ်ပါတယ်။ ငယ်ငယ်တုန်းကတော့ ဆင်းရဲခဲ့သူကလေး ဖြစ်ပါတယ်။ ရုပ်ကလေးကချောချော ဆက်ဆံရေးကလည်း ပြေပြစ်လေတော့ သူ့ကိုချစ်ခင်တဲ့သူ အထင်ကြီးတဲ့သူများ ပေါများခဲ့ပါတယ်။ အဲသည်အထဲကမှ သူ့စိတ်ကြိုက် တစ်ယောက်ကို သူက ခေါင်ကောက်ပြီး လက်ထပ်ခဲ့တာပါပဲ။ လက်ထပ်ပြီးခါစကတော့ အဆင်ပြေချောမွေ့နေပါတယ်။

သူ့ခင်ပွန်းသည်က ပညာတတ်၊ အလုပ်ကလည်း



အဆင့်အမြင့်ကြီးလို့ မဆိုနိုင်ပေမယ့် တက်နိုင်ခြေရှိတဲ့သူ ဖြစ်ပါတယ်။ သူ့ကိုချစ်ခင်တဲ့ သမီးကလေးတစ်ယောက်ထဲ ရှိတာကို အလွန်ဂရုစိုက်တဲ့ တွယ်တာတဲ့ခင်ပွန်းသည်ကို သူက အထင်မကြီးနိုင်ခဲ့ပါဘူး။ တကယ်တော့ ပညာတတ်၊ လူရိုးလူဖြောင့်၊ သူ့ကိုချစ်ခင်တဲ့သူဖြစ်တဲ့ သူ့ခင်ပွန်းက သူ့အတွက် အင်မတန်မှ ဆွေးမြည့်ကြေကွဲခဲ့ရပါတယ်။ အချင်းချင်း စိတ်တူကိုယ်တူ ဝါသနာတူပြီး ကြည်ကြည်ဖြူဖြူလက်တွဲပြီး အတော်ကြာခါမှ အိမ်ထောင်ရေးက အဆင်မပြေဖြစ်လာပါတယ်။ အမျိုးသမီးက အရင်တုန်းကအဖြစ်ကို မေ့သွားပြီး လိုချင်တာကို ရမယ်ဆိုရင် ဘယ်သူ့ကိုပဲ တွန်းရထိုးရ လှီးရဖြတ်ရ ဂရုမစိုက်ဘူးဆိုတဲ့ သူမျိုးဖြစ်လာပါတယ်။ သူနဲ့ခေတ်တူ နံတူ ဆေးဖက်ယူဆိုတဲ့ သူမျိုးတွေနဲ့ ပေါင်းတဲ့အခါမှာလည်း စည်းမထားတော့ပါဘူး။ စည်းမထားပေမယ့် အကာအကွယ်အဖြစ်ကတော့ သူ့ခင်ပွန်းရဲ့အရိပ်ကို သူသုံးနေတုန်းပါပဲ။

အဲသည်လိုနဲ့ အိမ်ထောင်ရေးက မသာယာဘဲ ဖြစ်နေပါတယ်။ သမီးကလေးကိုတွယ်တာတဲ့ ခင်ပွန်းက အလုပ်က ပြန်ရင် အိမ်မှာပဲ နေတတ်လာပါတယ်။ စကားပိုပြီးနည်းလာပါတယ်။ အမျိုးသမီးက သူစိတ်လိုရင်တစ်မျိုး မလိုရင်တစ်မျိုး ဆက်ဆံလာတတ်ပါတယ်။ ခင်ပွန်းဖြစ်သူကတော့ ဆုံးခင်ကတည်းက အေးစက်စက်ပုံစံနဲ့ နေလာခဲ့တာ ဆုံးသွားတဲ့အထိ ငါးနှစ်လောက်ကြာတယ်လို့ မိတ်ဆွေများက ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက သူ့ခင်ပွန်းကို သူစိတ်ကုန်နေတာကြာပြီပဲ။ ခင်ပွန်းဆုံးသွားတော့မှ ဘာဖြစ်လို့ သိပ်ဆွေးမြည့်နေရတာလဲလို့ တကယ့်ကို နားမလည်လို့ မေးမိပါတယ်။ မိတ်ဆွေတွေက ပြော် ခင်ဗျားကလည်း အရင်လိုပဲ မထင်တဲ့နေရာမှာ ထပြီး ကြောင်ပြန်ပြီ။ သူ့က အစကတည်းက ဘယ်သူ့မှ မချစ်ဘူး။ လက်ထပ်တုန်းက အဆင့်မြင့်တဲ့ပညာရှင်တစ်ယောက် ဖြစ်တယ်၊ ရာထူးရာခံလည်း ရှိတယ်ဆိုပြီး လက်ထပ်တာ။ နောက်တော့ ငွေက အသုံးမခံတော့ဘူး။ သူ့ယောက်ျားက ချမ်းသာဖို့ထက် သူ့ပညာရပ်ကို မှန်မှန်ကန်ကန်အသုံးချတတ်ဖို့ ပိုပြီး အလေးထားတာကို တွေ့ရတော့ အိမ်ထောင်ရေး ထိခိုက်လာတယ်။

အခုလို သူ့ယောက်ျားဆုံးပါးသွားတော့ သူကလည်း အရင်တုန်းကလို စီးပွားရေးက မကောင်းတော့တဲ့အချိန်၊ လူကလည်း ကျလာတဲ့အချိန်ကို ရောက်ပြီလေ။ ပြီးတော့ အရင်က သူအောင်မြင်ခဲ့တာကလည်း ဘာကိုမှမတောင်းတတ်တဲ့ အင်မတန်ရိုးသားအေးဆေးတဲ့ သူ့ယောက်ျားကို ထောက်ထားပြီး မိတ်ဆွေတွေ တပည့်တပန်းတွေက ဝိုင်းဝန်းလုပ်ကိုင်ပေးကြတာကြောင့် အောင်မြင်တာကိုး။ ယောက်ျားဆုံးပါးခါနီးလေလေ သူက ယောက်ျားရဲ့အရှိန်ကို သိလေလေဖြစ်လာတာကိုးလို့ အဲသည်အမျိုးသမီးကို ကောင်းကောင်းသိတဲ့ မိတ်ဆွေများက ပြောကြပြန်ပါတယ်။

ကျွန်မတို့ မသိတဲ့အပိုင်းမှာတော့ အမျိုးသမီးက ခင်ပွန်းသည်ကို အတော်ကလေးယုယစွာ ဆက်ဆံပါသတဲ့။ ခင်ပွန်းသည်ကတော့ ဆုံးပါးခါနီးမှာလည်း ပြောခဲ့တဲ့အတိုင်း အေးစက်စက်ဖြစ်သည်ထက် ဖြစ်နေတော့တာပါပဲတဲ့။ အဖေဖြစ်သူကိုရော အမေဖြစ်သူကိုပါ ကောင်းစွာလေ့လာခွင့်ရတဲ့ သမီးကလေးက စာသိပ်တော်ပါတယ်။ အဖေဆုံးသွားတဲ့အခါ အမေ့အချိုးအတိုင်း အေးစက်စက်ပဲ နေတော့တာပါပဲတဲ့။



အမျိုးသမီးဟာ ခင်ပွန်းအကြောင်းကို ပြောရင် မျက်ရည်တွေ ဝဲနေရုံမကပါဘူး။ လည်ချောင်းထဲမှာတောင် မျက်ရည်စီးသံတွေ ထွက်နေသလို ဖြစ်နေတယ်လို့ မိတ်ဆွေတစ်ယောက်က ပြောတော့ တော်တော်တင်စားတတ်တယ် လို့ ဝိုင်းပြီး ပြောကြပါသေးတယ်။

စကားဝိုင်းမှာပါတဲ့ အစ်မကြီးတစ်ယောက်ကတော့ ဝိုင်းဝိုင်းလည်နေတဲ့ သူတွေကြားမှာ ပျော်ရွှင်နေခဲ့တုန်းကတော့ ဒါတွေဟာ ခင်ပွန်းသည်ရဲ့အရှိန်ကြောင့်လို့ မသိခဲ့တဲ့သူဟာ လက်လွှတ်ရတော့မယ့် အချိန်ကျမှရုတ်တရက် နားလည်ခွင့်ရလိုက်တော့ လွတ်တဲ့ငါးက ကြီးသွားတာပေါ့ကွယ်တဲ့။ မေတ္တာကြွေးတင်တဲ့သူတိုင်းဟာ ကြေကွဲရတတ်တယ်။ တကယ်တော့ အဲသည်အမျိုးသမီးဟာ သူ့ခင်ပွန်းနဲ့အတူ လူကတော့မသေဘူး။ ဂုဏ်သိက္ခာနဲ့တကွ ဘဝကသေသွားပြီလေ။ အဲသည်လို ဘဝသေအောင်လည်း သူပဲ မေတ္တာကြွေးတွေ အတင်ခံခဲ့တာပဲလေ။ ပြန်လည်ဆပ်ခွင့် မရတော့တဲ့အချိန် အကြွေးထပ်ယူလို့လည်း မရတော့တဲ့အချိန်မှာတော့ ဆွေးမြည့်တော့မှာပဲ။ သူ့လိုလူမျိုးက လူသေရင်လည်းသေ မသေရင်လည်း ဘဝသေသွားတတ်တာ ဓမ္မတာပဲလို့ အေးအေးဆေးဆေး ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## ဘဝရှင်သန်ချင်ရင် အားမလျော့အောင် အစဉ်အားသွင်းထားမှ ရှင်သန်တယ်

မကြာခင်က ကျွန်မတို့သားအမိ နယ်ကမြို့တော်ကြီးတစ်ခုကို ခရီးထွက်ဖြစ်ပါတယ်။ အဲသည်မြို့တော်ကြီးက ခေတ်မီနေပြီ။ ဂျီအက်စ်အမ်ဖုန်းနဲ့ ရန်ကုန်ကို တိုက်ရိုက်ဆက်သွယ်လို့ရပြီဆိုတော့ အကြောင်းရှိရင် ဆက်သွယ်ဖို့ ဂျီအက်စ်အမ် ဖုန်းကလေးကိုလည်း ထည့်ခဲ့ကြပါတယ်။ ခရီးက ရက်တရက်ထွက်ရတာဆိုတော့ ဟိုပစ္စည်းထည့် ဒီပစ္စည်းထည့်ဆိုတဲ့အလုပ်ရော၊ အိမ်မှာထားခဲ့တဲ့ကလေးအတွက် ဝယ်ခြမ်းပေးစရာကိစ္စကိုရော သမီးတစ်ယောက်ထဲ ဒိုင်ခံပြီး လုပ်ရပါတယ်။ ကျွန်မက စိတ်ပူတတ်တာကလွဲလို့ ဘာမှမလုပ်တတ်ပါဘူး။ လုပ်တတ်တဲ့အလုပ်ကိုတော့ ကြိုးစားပြီး လုပ်ခဲ့တာပေါ့လေ။ သုံးရက်ပဲ နေမယ်စိတ်ကူးပေမယ့် နှစ်ပတ်စာ ဆောင်းပါးများကို ရေးခဲ့ပါတယ်။

အဲသည်လိုနဲ့ ခရီးထွက်ဖြစ်ခဲ့ပါတယ်။ အိမ်ကိုလည်း ဖုန်းခေါ်ပြီး မှာစရာရှိတဲ့စကားများကို ပြောပါတယ်။ ဖုန်းကလည်း ၂၄ နာရီဖွင့်ထားဖို့ လိုပါတယ်။ အလုပ်ကိစ္စနဲ့ သွားတာဆိုတော့ ညဉ့်နက်သန်းခေါင်လည်း ဖုန်းခေါ်တတ်တာကိုး။



အဲသည်လိုနဲ့ သုံးရက်လောက်တော့ စိတ်ချလက်ချ ဖြစ်နေပါတယ်။ နောက်ပိုင်းမှာ အစီအစဉ်က တစ်မျိုးပြောင်းသွားတော့ သုံးရက်မကတော့ဘဲ တစ်ပတ်လောက်နေမှ လေ့လာစရာတွေက အဆင်ပြေမယ်ဆိုပြီး ခရီးစဉ်ကို ဆန့်ထုတ်လိုက်ရပါတယ်။ အဲသည်အချိန်မှာ တယ်လီဖုန်းက အားလျော့နေပြီဖြစ်ပါတယ်။ သုံးဖို့နေနေသာသာ ကြာကြာဖွင့်ထားရင် လုံးဝဓာတ်အားကုန်သွားပြီး တယ်လီဖုန်းကို ဓာတ်အားမရှိတော့တဲ့ ဓာတ်ခဲက ဒုက္ခပေးတော့မယ်ဆိုပြီး ပိတ်ထားလိုက်ရပါတယ်။ အကျိုးလုံချည်ကတော့ ဘာဖြစ်သေးတုံး။ လျှော်ဖွပ်ပြီး ဝတ်လိုက်လို့ရတာပေါ့။ အားရှိမှ အလုပ်ဖြစ်မယ့်အရာတွေကသာ နေရင်းထိုင်ရင်း အသုံးမတည့် အသုံးမဲ့တဲ့အဖြစ်ကို ရောက်သွားတော့တာပါပဲ။

အိမ်ပြန်ရောက်တဲ့အထိ အဲသည်ကိစ္စကလေးဟာ ခေါင်းထဲက မထွက်ဘဲဖြစ်နေပါတယ်။ ကြည့်စမ်း၊ အင်မတန်သေးငယ်ပေမယ့် ကြိုးမရှိဘာမရှိနဲ့ အဝေးကိုဆက်သွယ် ပြောဆိုနိုင်တဲ့ တယ်လီဖုန်းကလေးဟာ ဓာတ်အားလျော့ပါးတာနဲ့ အသုံးမတည့်ဖြစ်သွားတယ်။ မူလက သိပ်ပြီးလွယ်ကူတဲ့ အသုံးဝင်တဲ့ ပစ္စည်းကလေးဟာ ဘာမှမဟုတ်တော့ပါကလား။ လွှင့်ပစ်လိုက်ဖို့ကလည်း မဖြစ်တော့ သိမ်းရတာက တစ်ဒုက္ခဖြစ်ရပြန်ပါတယ်။

လူရော အချိန်မရွေး အစဉ်အမြဲအသုံးတည့်နေဖို့ဆိုတာ ဒီအတိုင်းထားလို့ ရသလားလို့ ကျွန်မစဉ်းစားတိုင်း အဖြေက

www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်းဆိုတဲ့ အဖြေပဲရနေပါတယ်။ လူကိုယ်ခန္ဓာကြီးက လည်း ဆာတတ်တဲ့အချိန်မှာ ကျွေးမွေးတာမပျက်မှ အားပြည့် ပြီး လှုပ်နိုင်ရှားနိုင် အလုပ်လုပ်နိုင်တာကလား။ အောင်မယ် အသက်ကြီးလာတဲ့သူတွေဆိုရင် အစားလောက်တင်သာမက တော့ဘူး။ အားဆေးကအစ လိုအပ်တဲ့ ရောဂါကုဆေးမယ်များ ကိုပါ စားနေရပြီဖြစ်ပါတယ်။ ဒါတောင်မှ နေကောင်းလားလို့ မေးရင် အသက်နဲ့စာရင် ကျန်းမာပါတယ်လို့ ဖြေနိုင်တဲ့သူ ဖြစ်နေပေလို့ပါပဲ။

အဲသည်လို ကိုယ်ခန္ဓာအတွက် အားပြည့်အောင် ဖြည့် မှဆိုတော့ စိတ်ကိုရော အစာမကျွေးရဘူးလား။ ကျွေးရတာ ပေါ့။ တွေးခေါ်ကြံစည်မှု ဟန်ချက်ညီစေတဲ့ စာပေများကို ဖတ် ရပါတယ်။ ဗဟုသုတများကို ဆည်းပူးရပါတယ်။ လေ့လာသင့် တဲ့အကြောင်းများကို လေ့လာရပါတယ်။ အရေးကြီးတာက တော့ အပြစ်ကင်းတဲ့အလုပ်များကို လုပ်ရတာပါပဲ။ အဲသည်လို လေ့လာခြင်း အလုပ်လုပ်ခြင်းဟာ အားသစ်သွင်းတဲ့အလုပ် ဖြစ်ပါတယ်။

အို အဲသည်လိုမဟုတ်ရင်ကော အသက်မရှင်တော့ဘူး လားလို့ မေးစရာရှိပါတယ်၊ အသက်ကတော့ ရှင်ပါတယ်။ ဘဝသာလျှင် ရှင်သန်ဖို့ခက်နေတာပါပဲ။ လူတွေ အသက်ရှင်ပြီး ဘဝမှာ မိမိရောက်နေတဲ့နေရာ မိမိထမ်းဆောင်ရမယ့် တာဝန် များကို အင်တိုက်အားတိုက် ထမ်းဆောင်နေနိုင်ဖို့ဆိုတာက ပြောင်းလဲနေသော ကမ္ဘာ့တိုးတက်မှုအလျဉ်ကြီးကို မျက်ခြည်



မပြတ်မှ ဖြစ်ပါမယ်။ ပြောင်းလဲမှုရဲ့ အမြီးတန်းကိုမှ မမြင်ရ အောင် အေးစက်စက် ခွေယိုင်ယိုင် မှိုင်တွေတွေနဲ့ နေနေမယ် ဆိုရင်တော့ ‘လူကားရှင်လျက် ဘဝပျက်မယ့်ကိန်းနဲ့ မလွဲမသွေ ကြုံရတော့မယ်’လို့ ပြောနိုင်ပါတယ်။

တချို့သောသူများဟာ တစ်ခါလောက် အကြီးအကျယ် အားသွင်းထားပြီးရင် တစ်သက်စာမက ဖူလုံပြီလို့ ထင်တတ် ကြပါတယ်။ အကြီးအကျယ်အားသွင်းတယ်ဆိုတာ အဆင့်မြင့် မဟာဘွဲ့၊ ပါရဂူဘွဲ့များကို ဆွတ်ခူးတာကို စာရေးသူက တင်စားပြောဆိုလိုတာ ဖြစ်ပါတယ်။ အဲသည်လို ဘွဲ့ယူပြီးရင် ငါဟာ ပညာရှင်ဖြစ်ပြီလို့ တထစ်ချ ယူဆသွားတော့တာပါပဲ။ လှေနံကို ဓားနဲ့ထစ်ထားပေမယ့် လှေအောက်က ရေအလျဉ်က စီးနေတော့ ဓားထစ်တဲ့နေရာအောက်က ရေကစီးဆင်းသွားတာ သမုဒ္ဒရာထဲရောက်ပြီး သမုဒ္ဒရာထဲမှာတောင် မရှိလောက်တော့ ပါဘူး။

တကယ်တော့ အတတ်ပညာရှင်ဖြစ်စေ၊ အသိပညာရှင် ဖြစ်စေ၊ အားကစားသမားဖြစ်စေ၊ စာရေးဆရာဖြစ်စေ ဘယ်သူ ပဲဖြစ်ဖြစ် အလုပ်တစ်ခုကိုတော့ စဉ်ဆက်မပြတ် လုပ်နေရမှာ ဖြစ်ပါတယ်။ အဲသည်လို လုပ်နေတာဟာ မိမိဘဝကို မီး အားသွင်းနေတာ ဖြစ်ပါတယ်။ သူပြောမှလား၊ တို့တွေ အလုပ်တွေလုပ်နေတာပဲ။ အားတောင်မှ မအားဘူးလို့ တချို့က တော့ ပြောချင်ကြလိမ့်မယ်။ အားပြန်မသွင်းဘဲ အလုပ်လုပ် နေတဲ့သူဟာ ဓာတ်အားလျော့ပါးနေမှန်း မသိဘဲ ဆက်သုံး

www.burmeseclassic.com

www.burmeseclassic.com



တာခံရတဲ့ အခုနတင်စားခဲ့တဲ့ လက်ကိုင်ဖုန်းလို အသံပီသ ကြည်မြခြင်းမရှိဘဲ အက်တက်တက် ဖြစ်နေတတ်ပါတယ်။

တချို့ဆိုရင် ပညာရှင်လို့သာအမည်ခံနေတာ တကယ်တမ်းတော့ သူဘဲ့တွေအများကြီးယူခဲ့တဲ့အချိန်တုန်းက အထိုက်အလျောက်သိနားလည်ခဲ့တဲ့ ပညာဟာ ထပ်မံအားဖြည့်ခြင်း မခံရတဲ့အတွက် ဘွဲ့အမည်အရည်ဆိုတဲ့ အခွံကြီးပဲ ကျန်ရစ်ပါတော့တယ်။ အဲသည်လိုလူမျိုးလည်း အသက်ရော ဘဝပါ ရှင်နေတာပါပဲ၊ အားပြန်မသွင်းလို့ အသက်မသေဘဲ ဘဝသေတယ်ဆိုတာကို လက်မခံနိုင်တဲ့သူများက ပြောဦးမှာပါပဲ။ တကယ်တော့ ဘဝသေတယ် မသေဘူးဆိုတာ အပြင်ကနေပြီး ကြည့်လို့မရပါဘူး။ အနီးကပ်အသိုင်းအဝန်းမှာ လေးစားကြည်ညိုမှု နေရာထားမှု အားကိုးမှု ရှိသေလေးမြတ်မှုများ အပြည့်အဝ ရ မရကိုသာ ကြည့်ဖို့လိုအပ်ပါတယ်။ အတွင်းက အားမပြည့်လို့ မဟာန်ရင် အပြင်ကလူတွေကလည်း အမှန်တကယ်မဟုတ်တဲ့ ဟာန်လောက်မျှနဲ့ ဆက်ဆံကြပါလိမ့်မယ်။

ဘဝသေတဲ့သူဟာ နေရာရွှေ့သွားတာနဲ့ သူထမ်းပိုးထားတဲ့ အခွံအကာမျှသာဖြစ်တဲ့ ဘွဲ့ကြီးရဲ့အရှိန်ကလည်း ပျောက်သွားတတ်ပါတယ်။ အားနာနာနဲ့ဆက်ပြောရင် လူဖြစ်ပြီး လူမပီသတဲ့လူများကို စာရေးသူတို့ မကြာခဏ တွေ့နေရတတ်ပါတယ်။ တကယ်တော့ ရှင်သန်တဲ့အသက် ရှင်သန်တဲ့ဘဝကို ရကြဖို့က ဘာခက်လို့တုံး၊ အားသွင်းတဲ့အလုပ်ကို လုပ်နေဖို့သာ လိုပါတယ်။ အားသွင်းတဲ့အလုပ်ဆိုတာကရော

www.burmeseclassic.com



ဘာခက်လို့တုံး၊ မိမိလုပ်နေတဲ့ ကောင်းသောအလုပ် အပြစ်ကင်းသောအလုပ်များကို အင်တိုက်အားတိုက် လုပ်နေဖို့သာ လိုပါတယ်။ ဘက်ထရီများဟာ တပ်ဆင်ပြီး မသုံးရင် အလိုလို အားကုန်တတ်ပါတယ်။ လူမှာလည်း လုပ်ရမယ့်အလုပ်ကို မလုပ်ရင် အလိုလိုလူဖြစ်တယ်ဆိုတဲ့ အနှစ်သာရ ကုန်သွားတတ်ပါတယ်။

လူပီသဖို့ဆိုတာ လူမှာပြည့်စုံအပ်တဲ့ အားသွင်းတဲ့ အလုပ်ကို လုပ်ဖို့ပါပဲ။ မခက်လှပါဘူး။ လိုချင်တာကိုသာ တောင့်တပြီး လူကတော့ နေရာကမထဘဲ တောင်ပြော မြောက်ပြော ပြောနေတဲ့သူများဟာ အားတွေတစိမ့်စိမ့် ထွက်ကျနေတဲ့သူများ ဖြစ်နေတာ သေချာပါတယ်။ အဲသည်တော့ ဘဝလည်း သေသွားမှာပေါ့။ တကယ်တော့ ဘဝသေအောင် သူများကလာပြီး မလုပ်နိုင်ပါဘူး။ သူများနှိပ်စက်တာကို ခံရတဲ့အခါ တောင့်ခံထားပြီး အခွင့်သာတာနဲ့ ကုန်းရုန်းထနိုင်တဲ့သူ ဖြစ်ရပါမယ်။ သူများကလုပ်လို့ ဘဝသေသွားတာထက် ကိုယ့်ဘာသာကိုယ် လုပ်လို့ ဘဝသေသွားတဲ့သူတွေ များပါတယ်။ မိမိဘဝကို မိမိရှင်သန်အောင် အားဖြည့်မထားတဲ့သူများဟာ မိမိကိုယ်ကို သတ်သေသူများလို့ပဲ ကင်ပွန်းတပ်သင့်တဲ့သူများ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# မနေ့က မနက်ပိုင်းမှာ ကျွန်မ၏တစ်စိတ်တစ်ဒေသ သေခဲ့သည်

သေတဲ့သူက စာရေးနေသေးသတဲ့လားလို့ မေးရင် ဟုတ်ကဲ့၊ ပြောကတည်းက တစ်စိတ်တစ်ဒေသလို့ ထည့်ပြောခဲ့တာလေ။ အယ် အဲသည်လိုပြောလို့လည်း လေဖြတ်တာလို့ မထင်နဲ့ဦး။ သီတင်းကျွတ်မှာ လာပြီးကန်တော့တဲ့ ကလေးမတစ်ယောက် ပြောတဲ့စကားကိုလည်း သတိရလာပြန်ပါပြီ။ သည်လောက် စာတွေရေးနေတာကို စာမတွေ့တော့လို့ လေဖြတ်သွားပြီလား လို့ ထင်နေသတဲ့။ သူ့ခမျာ သိချင်ရှာလို့ လာပြီးကန်တော့တယ် ထင်ပါတယ်။ ဩော် ဒုက္ခ၊ မပြောတတ်လို့ ဆဲသလိုဖြစ်သွား တာလေလား။ ဖြစ်စေချင်လွန်းလို့ မအောင့်နိုင်ဘဲ ထွက်သွား တာလေလား၊ မသိနိုင်တော့ပြီ။

လူရဲ့အစိတ်အပိုင်း တစ်ပိုင်းသေတာကတော့ သစ်ပင် များလို မဟုတ်ပါဘူး။ သစ်ပင်များမှာတော့ ကိုင်းတစ်ကိုင်းက ခြောက်သွားရင် အဲသည်ကိုင်းက ပဲ့သွားမှာပေါ့နော်။ သူ့ အတိုင်းအတာနဲ့သူ ခြောက်သွေ့သင့်လို့ ခြောက်သွေ့တာဆိုရင် တော့လည်း ဘာပြောစရာရှိတုံး။ သစ်ပင်ပဲ အညွန့်သစ် ပြန် ထွက်မှာပေါ့။ သူ့ရာသီနဲ့သူ ဖူးပရစ်တွေသာမက အစို့သန်သန်



မာမာကြီးတွေတောင်မှ ပြန်ထွက်ဦးမှာ။ ကျွန်မရဲ့တစ်စိတ် တစ်ပိုင်း သေခဲ့တာကလည်း အခုလိုအကြောင်းတိုက်ဆိုင်လို့ မနေ့က မနက်ပိုင်းကလို့ ပြန်ပြောနိုင်တာ၊ တကယ်တော့ အကြောင်းတိုက်ဆိုင်တိုင်း သေတတ်ပါတယ်။ အခုနှယ်လို အသက်ကြီးလာတော့ တကယ့်ကို သေရမယ့်အချိန်ကလည်း နီးနေပြီဖြစ်တဲ့အတွက် တစ်စိတ်တစ်ဒေသချင်း မသေဖို့ သတိ ထားနေတာ ကြာခဲ့ပြီဖြစ်ပါတယ်။ သို့ပေမယ့် သတိထားနေ ရင်း သတိလစ်သွားတာနဲ့ ဖျတ်ခနဲ သေသွားတတ်တယ်နော်။ ပြောပြပါဦးမယ်။

ကျွန်မက ကိုယ့်ကိုယ်ကို သတ်သေတဲ့ အခြားသော သူများအကြောင်းသာ ပြောနေတာ၊ ကိုယ်လည်း အဲသည်လို လူမျိုးစားထဲမှာ ပါနေတယ်ဆိုတာကို မမေ့ပါဘူး။ ကိုယ်ခန္ဓာ ကြီးကတော့ တရွေ့ရွေ့နဲ့ သေနေတာလေ။ ဘာပြောကောင်း မလဲ။ ကလီဇာလည်း အစုံမရှိတော့သလို၊ တယ်ပြီးအမြင်သန် တယ်၊ မှန်တယ်လို့သာ ကိုယ့်ကိုယ်ကိုထင်နေတာ မျက်စိ တစ်လုံးကလည်း ခွဲစိတ်ပြီး အစားထိုးပစ္စည်းနဲ့ဆိုတော့ အတု။ သွားတွေလား မပြောပါနဲ့တော့ တစ်စတစ်စနဲ့ ကိုယ်ပိုင်ဆိုတာ နည်းသွားပြီလေ။ ဘာဖြစ်သေးတုံး၊ မြင်နေဆဲပဲ။ စားနေ အိပ် နေနိုင်ဆဲပဲ။ အခုလိုအခြေအနေက အဆိုးကြီးမဟုတ်ပါဘူး။ နားမထိုင်းသေးဘူးလေ။ မျက်စိကလည်း မြင်သင့်သလောက် မြင်နေတာပဲ။ ခါးလည်း မကိုင်းသေးဘူးလေ။ တစ်ခုတော့ ရှိပါတယ်။ ဟိုတုန်းက လမ်းလျှောက်ရင် မြန်လွန်းလို့ လူ

www.burmeseclassic.com

www.burmeseclassic.com



တကာက ဘာမဟုတ်တဲ့အဲသည်အကြောင်းကို ဇာချဲ့ပြောတာကို ခံရဖူးတဲ့သူဟာ အခုတော့ လဲသွားလို့ ကျိုးပဲ့သွားရင် ကိုယ့်စိတ်နဲ့ကိုယ် တကယ့်ကိုသေသွားနိုင်လို့ ဘယ်ကိုမှ မကြည့်ဘဲ အောက်ကိုသာငုံ့ကြည့်ကာ ဖြည်းဖြည်းသွားတတ်တဲ့အကျင့်ကို ပြောင်းလဲကျင့်သုံးခဲ့တာ ကြာပါပကောလား။

အဲသည်လို ဖြည်းဖြည်းသက်သာမျှသာ လှုပ်ရှားနိုင်တဲ့အခါမှာ အလုပ်တွင်အောင် ဗာဟီရတွေ လျှော့ချခဲ့ရပါတယ်။ ဘာကိုမှ ဇာမချဲ့တော့ပါဘူး။ လူများစွာနဲ့မတွေ့ဘဲ နေခဲ့ပါတယ်။ အရေးအကြောင်းဆိုရင်တော့လည်း တွေ့ကြတာပေါ့လေ။ ပြီးတော့ အလုပ်ကို အချိန်မဆိုင်းတော့ဘဲ လုပ်နိုင်သမျှ လုပ်ထားတဲ့အကျင့်ကို ပိုပြီးစွဲမြဲစွာကျင့်ပါတယ်။ အချိန်ရှိပါသေးတယ်လို့ ဘယ်တော့မှမတွေးပါဘူး။ အကြောင်းတစ်စုံတစ်ရာဆိုတာ ပေါ်လာတတ်တာပဲလေ။

အဲသည်လို ကိုယ့်ကိုယ်ကို အလုပ်နဲ့ ဘဝကိုတည်ဆောက်နေတာနော်၊ မတင်ဝင်း မပျင်းနဲ့လို့ နှုတ်ကထုတ်ပြောတဲ့အထိ မိမိကိုယ်ကို ထူမရတဲ့အချိန်အခါတွေ များလာခဲ့ပြီဖြစ်ပါတယ်။ လူ့ဘဝဟာ အရှိန်အဟုန်ပြင်းစွာနဲ့ တိုးတက်နေလေတော့ ကိုယ့်မှာရှိနေတဲ့ ပညာတတ်ဆိုတဲ့ အမည်လေးဟာ အခွံမျှသာဖြစ်မသွားအောင်လည်း ဖတ်ရမှတ်ရသေးသကိုး။ အောင်မယ် သူ့ခေတ်နဲ့သူ ကိုယ့်ထက်တော်တဲ့ သူ့ဘာသာရပ်နဲ့သူ ထူးချွန်တဲ့သူများနဲ့တွေ့ရင် ကိုယ့်ကိုယ်ကို စိတ်ဓာတ်မကျအောင် အတော်သတိထားရတယ်။ တော်လိုက်ကြတာပါ



ကလားလို့လည်း မုဒိတာပွားရပါတယ်။ ကိုယ်နဲ့ သူတို့နဲ့ စကားပြောရင်း သူတို့ဆီကအားကို ပြန်ယူရပါတယ်။

လောကမှာ သိစရာတွေက များလိုက်တာနော်။ သစ်ပင်အကြောင်းလည်း သိသင့်တယ်။ ပန်းအကြောင်းလည်း သိသင့်တယ်။ သိတဲ့နေရာမှာလည်း သဘာဝ အလှအပအနေနဲ့ရော အသုံးချနိုင်တဲ့နည်းများ အသုံးဝင်ပုံများကိုရော သိသင့်တာပေါ့လေ။ အဲသည်လို သိစရာများသလောက် သိချင်နေတာကိုက ကိုယ်ဟာ ရှင်သန်နေတဲ့သူပဲ။ အသက်ကိုမေးရင် ဟုတ်ကဲ့ ၆၄ နှစ် ပြည့်ခါနီးပါပြီ။ အခုမှပဲ လေ့လာစရာကလည်း များမှန်းသိသိလာတော့ မအားလှဘူးရှင်။ သြော် ကျွန်မလား၊ ကျန်းမာပါသေးတယ်။ တတ်နိုင်သမျှ ကြိုးစားလုပ်မှာပေါ့နော်။ လူဖြစ်လာပြီး အချည်းနှီးတော့ သေမသွားချင်ဘူးလေ စသည်ဖြင့် တက်ကြွစွာ ပြောတတ်တဲ့ကျွန်မဟာ မနေ့က မနက်ပိုင်းမှာ တစ်စိတ်တစ်ပိုင်းအားဖြင့်တော့ သေသွားလေရဲ့။

အစိတ်အပိုင်းလိုက် သေတယ်ဆိုတာ သစ်ပင်မှာ အတက်ထွက်သလို အရွက်ထွက်သလို ဘယ်တော့မှ ပြန်ထွက်မလာနိုင်တဲ့ ရင်းစားပြန်ပြီးမရနိုင်တဲ့ အချိန်တွေ အလဟဿ ကုန်သွားတာ၊ အဲသည်အချိန်ပိုင်းအတွင်းမှာ ဟုတ်ဟုတ်ငြားငြား ဘာမှမလုပ်မိဘဲနဲ့ ပူပြင်းလောင်မြိုက်မှုကိုသာ ပေးနေတဲ့ ဒေါမနဿပွားရတာတွေဟာ ဘဝတစ်ခုလုံး သေလောက်အောင် မဟုတ်ပေမယ့် တစ်စိတ်တစ်ပိုင်းတော့ သေသွားတယ်လို့ ပြောနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တော်သေးတာက ကိုယ့်မှာ နှလုံးရောဂါမရှိ၊ သွေးတိုးရောဂါ မရှိ၊ ကျောက်ကပ်ရောဂါလည်း မရှိ၊ စားတာများရင် သွေးချိုတတ်ပြီး အလုပ်လုပ်တာ ပြင်းထန်တဲ့အတိုင်းအတာကို ရောက်မှန်းမသိ ရောက်သွားရင် သွေးထဲမှာ သကြားဓာတ် ကျဆင်းသွားတတ်တဲ့ရောဂါ 'သေးသေး' ကလေးပဲ ရှိနေပေလို့ပဲ။

ဒါဖြင့် ဘာဖြစ်လို့ တစ်စိတ်တစ်ပိုင်းဖြစ်ဖြစ် သေတယ်လို့ ပြောတာလဲ လို့မေးရင် ဒီလောက်အသက်က ကြီးနေပြီ။ ဒေါသကို မထိန်းနိုင်သေးလို့ပါပဲ။ ဒေါသဖြစ်ရတာ လွယ်တာမှတ်လို့။ ပူပြင်းလောင်မြိုက်ပါတယ်။ ပြီးတော့ သူများပြောတဲ့ စကားကို ကြားလို့ ဒေါသဖြစ်ရတာလေ။ ကိုယ်ပြန်ကြားရတာ တစ်ယောက်နှစ်ယောက်လောက် ပြောတဲ့စကား၊ တကယ်တော့ သိန်းသန်းချီပြီးတောင် ကိုယ်နဲ့ပတ်သက်တဲ့ သတင်းမှားတွေ ပြောပြီး ဣဿာဆိုတဲ့ မနာလိုခြင်း၊ မစ္ဆရိယဆိုတဲ့ ဝန်တိုခြင်းတွေဖြစ်ပြီး စိတ်အားတွေပြုန်းတီးနေတဲ့ သူတွေတောင်မှ ရှိနေနိုင်သေးတယ်။

ကိုယ်က ကိုယ့်ကိုမကောင်းပြောတဲ့သူရဲ့ ဉာဏ်ရည်ကိုလည်း သိပြီးသား၊ စိတ်နေသဘာဝကိုလည်း သိပြီးသားပဲ။ တကယ်လို့ ကိုယ်သာ မအောင်မမြင်နဲ့ လူတကာရှေ့မှာ မွဲမွဲသွေ့သွေ့မျက်နှာနဲ့ ရပ်နေတာကိုတွေ့ရင်ကော အခုကဲ့ရဲ့နေတဲ့သူတွေက အို ဆရာမကြီးရယ်၊ ဖြစ်မှဖြစ်ရပလေလို့ ပြောမယ်များထင်သလား။ မထင်ပါလေနဲ့။ ကဲ့ရဲ့ဦးမှာပါပဲ။



ပြီးတော့လည်းလေ ကိုယ်တိုင်က စာရေးရင် နတ္ထိလောကေ အနိန္ဒိတော ဆိုတဲ့ လောကမှာ အကဲ့ရဲ့လွတ်သောသူသည် မရှိဆိုတဲ့ ဘုရားစကားကိုလည်း ကိုးကားပြီး ရေးဖူးပါလျက် ဘာဖြစ်လို့များ မေ့မေ့လျော့လျော့နဲ့ ဒေါသထွက်ရတာလဲ။ တော်တော်ညံ့တာပဲလေ။ အချိန်ပိုင်းများ ဆုံးရှုံးတဲ့နည်းနဲ့ သေတာ နည်းတောင်နည်းသေးတယ်။ ပြီးတော့ လူတွေကို ကိုယ်က ဘာဖြစ်လို့ ဘယ်လိုကြောင့်ဆိုတာကို ရှင်းပြနေဖို့ မလိုပါဘူး။ ရှင်းပြရင်လည်း လက်ခံမှာမှမဟုတ်တာ၊ တစ်ယောက်ယောက်အကြောင်းကို ကြားပြီးပြီလားလို့ မေးတတ်တဲ့ သူများဆိုရင် နစ်နာသွားဖို့က လိုရင်းပဲ၊ မှန်ဖို့က လိုရင်းမဟုတ်ပါဘူး။

အဲသည်တော့ အခုလိုစာတွေရေးဖို့ အချိန်ကိုယူလိုက်တယ်ဆိုရင်ပဲ သေသွားတဲ့အချိန်ပိုင်းလောက်သာ ဆုံးရှုံးရတော့မှာဖြစ်ပါတယ်။ နောက်တော့ တစ်ခုခုကြားတယ်ဆိုရင် အခုလို ဂရုတစိုက်ရှိကြတဲ့အတွက် ကျေးဇူးတင်ပါတယ်ဆိုတဲ့ စကားကို ပြောရမှာဖြစ်ပါတယ်။

ပြီးတော့လည်းလေ သူတို့ဟာ ကိုယ်လုပ်နေတဲ့အလုပ်မှာ အထက်မြက်ဆုံး အကျော်ကြားဆုံး ဖြစ်မလာသေးတာကိုက သူတို့ထုတ်နေတဲ့ လေပုပ်တွေထဲ (အတင်းအဖျင်းတွေထဲမှာ) သူတို့ အလုပ်လုပ်ရမယ့်အချိန်များ လွင့်စဉ်ပြီးပါသွားခဲ့လို့ ဖြစ်ပါတယ်။ မတင်ဝင်းဟာ မိုက်လိုက်တာများ အဲသည်လို လေပုပ်ကို အဟုတ်လုပ်ပြီး အချိန်ကုန်အားကုန်ခံပြီး ဒေါသဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နေလိုက်သေးတယ်။ တော်သေးတယ်။ သတိရတာ မြန်လိုက်ပေလို့။ သတိရတာ မြန်တာကလည်း အလုပ်လုပ်တဲ့အချိန်ကိုတော့ အထိခိုက်မခံနိုင်တာနဲ့ မိမိရဲ့စိတ်ဆိုးစိတ်ညစ်ကို ဇည့်ခံမနေဘဲ အလုပ်ထဲကို ပိုပြီးအားထည့်တဲ့ အကျင့်ကလေးကကယ်ပေလို့ပဲ။ နေ့လယ်ရောက်တော့ စိတ်ဝင်စားစရာကောင်းတဲ့ ဘာသာရပ်များကို ဆွေးနွေးပေးဖော်ရတဲ့ လူငယ်ကလေးများကြောင့် ဘွားဝင်းဟာ အခုတော့ဖြင့် ဒေါင်ဒေါင်မြည်သွားပြန်ပြီ ဖြစ်ပါတယ်။

ချစ်ခင်တဲ့လူငယ်များကို ပြောချင်တာက အလုပ်လုပ်နေတဲ့သူများအတွက် ငွေကြေးဆုံးတာက အရေးမကြီးဘူး။ အဲသည်လိုဆိုလို့ ငွေချော ငွေချင်းလိုက်ဆိုလို့ လောင်းကစားဝိုင်းများမှာ ငွေတွေပုံအောလိုက်တာ ဘဝကိုပျက်သွားရောဆိုသလိုဖြစ်အောင်လည်း မလုပ်နဲ့လေ။ အချိန်ကုန်လို့ အချိန်ချင်းလိုက်ဆိုတာမျိုးတော့ မဖြစ်နိုင်ဘူး။ တကယ်တော့ အချိန်တွေအလဟဿကုန်သွားတယ်ဆိုရင် ရင်းစားပြန်ရဖို့ မလွယ်လှပါဘူး။ အဲသည်တော့ အချိန်တွေကို အလဟဿ မကုန်စေပါနဲ့။ အချိန်တိုင်းဟာ ကိုယ့်ဘဝအဆစ်အပိုင်းများ ဖြစ်ကြပါတယ်။ အဆစ်လိုက်အပိုင်းလိုက် အချိန်ပုပ်သွားတယ်၊ အလုပ်မဖြစ်ဘူးဆိုတဲ့စကားများဟာ ပူ့ဘဝကို အဆစ်အပိုင်းလိုက် ပုပ်သွားတယ်၊ သေသွားတယ်သို့ ဝန်ခံနေသလိုပါပဲ။ ကိုယ်ဦးတည်တဲ့နေရာထိ မရောက်ဘူး လုပ်ချင်တဲ့အလုပ်အထိ မပြီးဘူးဆိုရင်တောင်မှာ ကိုယ်သုံးထားတဲ့အချိန်နဲ့ ညီမျှတဲ့သင်ခန်းစာတို့



အလေ့အကျင့်တို့၊ အခက်အခဲကျော်လွှားတဲ့နည်းတို့ကို ရရှိခဲ့ဖို့လိုပါတယ်။ အဲသည်လိုအဖိုးတန်တဲ့ သင်ခန်းစာတွေ ရတယ်ဆိုရင်တော့ ကိုယ်ရောက်ချင်တဲ့ပန်းတိုင်ကို မရောက်သေးသည့်တိုင်အောင် စိတ်ညစ်စရာမလိုဘူး။ ကိုယ်သိလိုက်ရလိုက်တဲ့ သင်ခန်းစာများ လေ့ကျင့်မှုများကြောင့် ပိုတောင်မှအကျိုးရှိဦးမယ်လို့ ပြောလိုက်ချင်ပါတယ်။ သို့ပေမယ့် ဘွားဝင်းလိုအသက်ကြီးပြီး (ဝတော့ အချိန်လည်းစီးပါရဲ့) အချိန်နည်းနေသူတစ်ယောက်အဖို့တော့ အချိန်များ အကျိုးမဲ့ကုန်ဆုံးရတယ်ဆိုရင် နစ်နာလှသကွယ်။

www.burmeseclassic.com

www.burmeseclassic.com

## တကယ်တမ်း မပျော်ရွှင်နိုင်ရင် သေတာထက်ဆိုးသေးတယ်

ဒီဆောင်းပါးကို ရေးတဲ့အခါမှာ ကိုမြတ်ခိုင် ရေးလေ့ရှိသလို တစ်ခါက ဖြစ်ပါသည်လို့ ဝါကျတစ်ကြောင်း ထည့်ရေးရမယ် ထင်ပါတယ်။ တစ်ခါက ဖြစ်ပါတယ်။ မမဝင်းလို့ ချိုသာတဲ့ အသံကလေးနဲ့ ခေါ်ပြီး အနီးကိုကပ်လာတဲ့ ငယ်ရွယ်ဟန် ဆောင်ထားသူတစ်ယောက်ကို မြင်ရပါတယ်။ အသက်မဲ့ အပြုံးပွင့်ကလေးများ ဆင်သရင်း စကားလာပြောတဲ့သူနဲ့ မတွေ့ ရတာ ဆယ်စုနှစ်တစ်နှစ်တောင်မှ ပြည့်လောက်ပါပြီ။

စာရေးသူငယ်ငယ်က စိတ်ပညာစာအုပ်များကို တော်တော် ဖတ်ဖြစ်ပါတယ်။ အဲသည်ခေတ်က အထူးပြုဘာသာ ခေတ်မဟုတ်ပါဘူး။ ဘာသာတွဲခေတ်ဖြစ်တော့ ယူခဲ့တဲ့ဘာသာ တွဲထဲမှာ စိတ်ပညာလည်းပါတယ်၊ ကိုယ်တိုင်ကလည်း စိတ် ဝင်စားတယ် ဆိုတော့ အဲသည်စာအုပ်များကို ဖတ်မိပါတယ်။ Abnormal Psychology ကို စတင်သင်ကြားတဲ့နေ့ကစပြီး အဲသည်သင်ခန်းစာနဲ့ ပတ်သက်တာတွေကို ဖတ်လိုက်တာ မိမိရော ပတ်ဝန်းကျင်က လူတွေရော တစ်ယောက်ကမှ အကောင်းမဟုတ်တော့ဘူး။ တစ်နည်းနည်းနဲ့ ရူးနေတာပဲလို့



ထင်လာပါတယ်။ အဲသည်အချိန်က အသက်၂၀ တောင်မှ မပြည့်တတ်သေးတော့ သူငယ်ချင်းတွေကို နင်ကတော့ ဘယ် လို စိတ်မမှန်တာ၊ ငါကတော့ ဘယ်လိုနေရာမှာ မှားနေတာ စသည်ဖြင့် ထင်ရာမြင်ရာကို ပြောရင်း ကျီစယ်ပါတယ်။ တချို့သူငယ်ချင်းများကတော့ ဟုတ်လား၊ အဲသည်လိုဆိုရင် ဘယ်သူ့ဘယ်သူမှ မနာတော့ဘူးပေါ့လို့ ပြောပြီး ကိုယ်နဲ့အတူ ရယ်ကြပါတယ်။

တချို့ကတော့ အကဲဆတ်ပါတယ်။ နင်သာရူးတာ၊ ရူးလို့ပဲ ဆိုက်ကိုကို ဘာသာတွဲအဖြစ် ယူတာပေါ့ဟဲ့။ ငါတို့က မရူးဘူးလို့ ပြောလွှတ်ပါတယ်။ စာရေးသူကလည်း အေး ရူးတဲ့သူများက သူတို့ကိုယ်သူတို့ မရူးဘူးလို့ ထင်တတ်ကြ သတဲ့။ ငါကတော့ ပုထုဇနော ဥမ္မတကောဆိုတာ သိနေတာ လေ။ အဲသည်တော့ ရူးတယ်ဆိုတာ အာသဝေါမကင်းတဲ့ သူတိုင်းမှာ ဖြစ်တတ်တာချည်းပဲ။ နင်တို့ပြောလည်း မနာပေါင် လို့ဆိုပြီး ပျော်ပျော်ရွှင်ရွှင်နဲ့ ထွက်လာခဲ့ပါတယ်။

အခုတင်ပြလိုတာက မိမိကိုယ်ကိုသတ်သေလိုတဲ့ စိတ် ဆန္ဒနဲ့ ပတ်သက်ပါတယ်။ တကယ်တော့ စိတ်ပညာသဘော အရရော စာရေးသူတို့ဘာသာရေးအမြင်အရရော သတ်သေ တာဟာ တဒင်္ဂလောက် စိတ်ကိုမထိန်းနိုင်လောက်အောင် ဒေါသလွှန်ကဲပြီး ပုံမှန်သဘာဝကနေ မျဉ်းကလေးတစ်ကြောင်း စာ လွတ်သွားတာကြောင့် ဖြစ် တာပါပဲ။

တချို့ကတော့ သူတစ်ပါးကို စိတ်ဆင်းရဲအောင် ညှဉ်း

www.burmeseclassic.com

www.burmeseclassic.com



ဆဲချင်တဲ့ စိတ်ဖြစ်ပေါ်လာတဲ့အတွက် အာဃာတနဲ့ မိမိရဲ့ အသက်ကို လောင်းကြေးထပ်တာ ဖြစ်ပါတယ်။ တချို့ကတော့ အတွက်အချက်နဲ့ လုပ်တာပါ။ မြင်လောက်တဲ့နေရာမှာ မြင်လောက်အောင် လုပ်တာဖြစ်ပါတယ်။ သနားကရုဏာ သို့မဟုတ် လိုက်လျောခြင်းစတဲ့ တစ်ဖက်သားထံက မရနိုင်ခဲ့တဲ့ အရာများကို ရအောင်လုပ်တာ ဖြစ်ပါတယ်။ အနိုင်ကျင့်တဲ့ ညှစ်ယူတဲ့သဘော ဖြစ်ပါတယ်။ တစ်ခါက ပညာတတ်အမျိုးသမီးတစ်ယောက်ဟာ အင်မတန်အေးစက်တဲ့ ခင်ပွန်းသည်နဲ့ လက်ထပ်ပြီး ခင်ပွန်းသည်ကို အားမရတိုင်း ဆူသရော ပြောသရော လုပ်ပါသတဲ့။ ခင်ပွန်းသည်က ဘာမှမတုံ့ပြန်တော့ ခင်ပွန်းသည်ကို အခန်းထဲမှာထားပြီး အပြင်ဘက်က တိုက်ခန်းတံခါးကို သော့ခတ်ကာ ပိတ်ထားခဲ့ပြီး သူကတော့ ကားမောင်းပြီး ထွက်လာခဲ့ပါသတဲ့။

သူရည်ရွယ်တာကတော့ ပြည်ကိုရောက်အောင် တစ်ယောက်တည်း ကားမောင်းသွားမယ်လို့ ရည်ရွယ်ပါတယ်။ နောက်တော့ သူ့ခင်ပွန်းက ဘယ်လိုတုန့်ပြန်မလဲဆိုတာကို သိချင်တာနဲ့ အိမ်ကိုပြန်သွားပါတယ်။ သူ့စိတ်ထဲမှာ သူ့ကားနောက်က နောက်ကားတစ်စင်းနဲ့ ခင်ပွန်းသည်လိုက်လာရင် သူပြန်အလှည့်မှာ တွေ့မယ်ပေါ့။ အိမ်ကိုသာ ရောက်သွားတယ်။ ကားနဲ့ရော ခြေလျင်ရော သူ့ကိုရှာတဲ့သူတစ်ယောက်မှ မတွေ့ပါဘူးတဲ့။ သူကအိမ်ကိုပြန်ရောက်ရင်တော့ အိမ်တံခါးကို ဝိုင်းပြီးဖွင့်ပေးနေတဲ့သူတွေကို အရင်တွေ့ရမယ်လို့ ထင်ပြန်ပါ



တယ်။ သူ့ယောက်ျားက အော်ဟစ်ပြီး အကူအညီတောင်းလို့ အိမ်နီးနားချင်းများက ဖွင့်ပေးမယ်ပေါ့။

သို့ပေမယ့် အိမ်ကိုပြန်ရောက်တော့လည်း သူခတ်ပစ်ခဲ့တဲ့ သော့ခလောက်က ငြိမ်သက်စွာနဲ့ ရှိနေပါတယ်တဲ့။ သူက သော့ကိုဖွင့်လိုက်တော့ တန်းပြီးမြင်ရတာက ပက်လက်ကုလားထိုင်တစ်လုံးနဲ့ အေးဆေးစွာစာထိုင်ဖတ်နေတဲ့ သူ့ခင်ပွန်းပဲ ဖြစ်ပါတယ်တဲ့။ သူကိုယ်တိုင်က ဖွင့်ဟပြောတာကတော့ သူ့မြင်လိုက်တာနဲ့ ညီမလေ ထောင်းခနဲဒေါသဖြစ်သွားတယ်။ သူက လှည့်တောင်မှ မကြည့်တော့ ရူးမတတ်ဖြစ်သွားတယ်တဲ့။

အဲသည်တော့ တစ်ခါတည်း ရေနံဆီပုလင်းထားတဲ့နေရာကို သွားပြီး ရေနံဆီပုလင်းကို ယူကာ သူမြင်လောက်တဲ့နေရာမှာ သောက်ပြလိုက်တာပေါ့တဲ့။ စာရေးသူက စိတ်သိပ်ဝင်စားသွားပါတယ်။ အဲသည်တော့ သူက ထပြီးဆွဲသလားဆိုတော့ မဆွဲဘူးမမရဲ့တဲ့။ အဲသည်တော့ ညီမရော ဆက်ပြီး သောက်ဖြစ်သလားလို့ ကျွန်မက ပိုပြီးစိတ်ဝင်စားစွာနဲ့ ထောက်ပေးလိုက်တော့ ညီမလေ သောက်တော့သောက်တာပဲ။ အကုန်မဝင်ဘူး။ လက်ထဲက ပုလင်းလွတ်ကျပြီး လဲတော့မှ သူက ထလာပြီး သူထိုင်နေတဲ့ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်ခိုင်းပါတယ်။ ပြီးတော့ ဆားတွေကို အရည်ဖျော်ပြီး တိုက်တော့တာပါပဲ။ အတင်းဝင်အောင်တိုက်တော့ အန်လိုက်ရတာ မောနေတာပဲတဲ့။

www.burmeseclassic.com

www.burmeseclassic.com



စာဖတ်သူများလည်း သတိထားမိမှာ ဖြစ်ပါတယ်။ ယောကျ်ားက သူ့ကိုမချစ်ဘူး။ မချစ်တာကလည်း သူ့လုပ်နည်း လုပ်ဟန်တွေထဲမှာ အစစ်အမှန်ကနည်းပြီး တွက်ကိန်းနဲ့ လုပ်တာတွေက များနေလို့ဖြစ်ပါတယ်။ သူ့မာယာကို မသိတဲ့သူဆိုရင်တော့ ကားနဲ့ထွက်သွားပြီဆိုကတည်းက လမ်းမှာ စိတ်တိုတိုနဲ့ ကားတိုက်မိမလားလို့တွေးပြီး လိုက်မှာပေါ့။ သို့ပေမယ့် သူ့ခင်ပွန်းက သူ့ကိုသာ အနိုင်ကျင့်ချင်တာ၊ ကိုယ်ကိုယ်ကို ဒုက္ခရောက်အောင် လုပ်မယ့်မိန်းမ မဟုတ်ဘူးဆိုတာကိုတော့ ကောင်းစွာသိနားလည်ထားခဲ့ပုံ ပေါ်ပါတယ်။ ရေနံဆီသောက်တော့လည်း သူ့ခင်ပွန်းက ထပြီးမဆွဲတာက သေလောက်အောင်တော့ သောက်မှာမဟုတ်ဘူးလို့ ခန့်မှန်းတာနေမှာပေါ့။

အဲသည်အမျိုးသမီးက စာရေးသူတို့အဆောင်မှာ နေရာလွတ်မရှိရင် စာရေးသူရဲ့အခန်းကို လာပြီးနေချင်တယ်၊ သူ့ခင်ပွန်းကို ကောင်းကောင်းဒဏ်ပေးလိုက်ဦးမယ်လို့ ပြောပြန်ပါတယ်။ စာရေးသူကလည်း ကြောက်သွားပါတယ်။ သူနဲ့တော့ ဘယ်လိုမှ တစ်ခန်းတည်း မနေနိုင်ပါဘူး။ တစ်ခန်းတည်း မနေဖူးတာတောင်မှ အလွန်စီးပိုးတာကိုး။ အဲသည်တော့ သူ့ကို မေးခွန်းတစ်ခု မေးလိုက်ပါတယ်။ ဒီကိုလာနေရင် ညီမရဲ့ ခင်ပွန်းက လိုက်ခေါ်မှာလား။ သူလည်း အိမ်ပေါ်ကဆင်းသွားရင်တော့ ကွဲကြလိမ့်မယ်နော်လို့ ပြောလိုက်တော့မှ အဲ မဖြစ်သေးဘူး။ ညီမ လာမနေတော့ဘူးလို့ ပြောပါတယ်။

အဲသည်အမျိုးသမီးနဲ့ သူ့ခင်ပွန်းဟာ အိမ်ထောင်သက်



တော်တော်ရှည်ရှည်ရတဲ့အထိ မြဲပါတယ်။ သမီးကလေး တစ်ယောက်လည်း ရပါတယ်။ အပြင်ကနေ ကြည့်ရင်တောင်မှ သူတို့အိမ်ရဲ့အေးစက်မှုဟာ ကြောက်ဖွယ်လန့်ဖွယ်ကြီးလို့ ဆိုရမှာပါပဲ။ နောက်ပိုင်းမှာတော့ အမျိုးသမီးက သေကြောင်း မကြံတော့ပါဘူး။ စိတ်ဆိုးရင် အမြဲနေမကောင်းဖြစ်ပြလိုက်တာပါပဲ။ ဆေးတွေ သောက်ရတယ်။ အပင်ပန်းမခံနိုင်ဘူးဆိုတဲ့ အကြောင်းပြချက်တွေနဲ့ ခင်ပွန်းသည်ရဲ့ ဂရုစိုက်မှုကို ရအောင် ကြိုးစားရှာပါတယ်။ စာရေးသူက ဒီနေရာမှာ ကြိုးစားရှာပါ တယ်လို့ သနားကရုဏာနဲ့ ရေးတာဟာ တကယ့်ကို သနားမိလို့ ဖြစ်ပါတယ်။

အနာမသိရင် ဆေးမရှိပါဘူးတဲ့။ အနာကတော့ ခင်ပွန်းဖြစ်သူက စိတ်ကုန်ပြီး အေးစက်သွားတာကို ခံယူရတဲ့ အနာဖြစ်ပါတယ်။ ဘာဖြစ်လို့ အဲသည်လိုဖြစ်တာလဲ။ မူလတုန်းကတော့ ချစ်ခင်လို့ ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်ပြီး လက်ထပ်ခဲ့ကြတာပဲ။ နောက်တော့မှ ဘာဖြစ်လို့ အေးစက်သွား ရတာလဲ။ အဖြေကတော့ အပြင်နဲ့အတွင်းနဲ့ တစ်ထပ်တည်း မဖြစ်တဲ့ ဇနီးရဲ့စရိုက်ကို မကြိုက်လို့ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ တကယ်လို့သာ ဇနီးသည်က ကိုယ့်စိတ်နေသဘော ကိုယ့်စေတနာကို ကိုယ့်ဘာသာကိုယ် နားလည်အောင် စဉ်းစား သုံးသပ်ပြီး ပြင်ဆင်နိုင်ခဲ့ရင် ခင်ပွန်းသည်ကလည်း အေးစက်စက် နေရာက ပြန်လည်နွေးထွေးစွာ ဆက်ဆံလာနိုင်ပါတယ်။

အမြင်အားဖြင့်တော့ ရုပ်ချောချော ဆက်ဆံရေးကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်းနဲ့ အင်မတန်မှ ချစ်ခင်ဖွယ်ကောင်းတဲ့ အမျိုးသမီးဟာ ချစ်သူခင်သူများလည်း ပေါများပါတယ်။ ကံဆိုးတာက သူ့ကိုချစ်သူ ခင်သူများထဲမှာ အမျိုးသားများ ပါနေတာဖြစ်ပါတယ်။ အဲသည်လို ချစ်ခင်သူများဟာ သူပြောပြလို့ အိမ်ထောင်ရေး အဆင်မပြေတာကိုလည်း သိထားကြတာကိုး။ သို့ပေမယ့် သူ့နဲ့ တကယ့်တကယ်လည်း ကပ်ပေါင်းရော၊ ကပ်ပေါင်းတဲ့သူများဟာ ခံရတတ်ပါတယ်။ အဲသည်တော့ ဘာဖြစ်လို့ သူ့ခင်ပွန်း အေးစက်သွားရတယ်ဆိုတာကို လူသိလာပါတယ်။ အစောပိုင်းကတော့ သူ့နဲ့များပေါင်းရင် သူ့ဘက်က ရိုကျိုးခြင်း၊ ချစ်ခင်ဖွယ်ကောင်းစွာ ပြောဆိုဆက်ဆံခြင်း၊ ချစ်ခင်စဖွယ်ကောင်းတဲ့ ရုပ်ရည်ရှိခြင်းတို့ကြောင့် လူတော်တော်များများဟာ ပိုးဖလံမျိုး မီးကိုတိုးဆိုသလို ဖြစ်သွားတတ်ကြပါတယ်။ တချို့ဟာ တကယ့်ကို ကိုယ်ကျိုးနည်းသွားခဲ့ကြပါတယ်။ တချို့ကတော့ အနာကြီးနာသွားပါတယ်။ သူ့ကြောင့် သူ့မောင်တစ်ယောက်ဟာ လက်ထပ်ခါနီးမှာ အမျိုးသမီးဘက်က နောက်ဆုတ်သွားတာနဲ့ ကြုံခဲ့ပါတယ်။

သူရော ဘယ်လိုဖြစ်သွားသလဲဆိုတော့ အိုအောင်မင်းအောင် ပေါင်းကြပြီး ရိုးမြေကျနေကြရတော့မယ်လို့ ထင်ရတဲ့အထိ အိမ်ထောင်သက်ရှည်လာပြီးမှ ခင်ပွန်းဖြစ်သူက ကွာရှင်းခွင့် တောင်းပါတယ်။ အခုတော့ တစ်ယောက်တည်းမှ တစ်ယောက်တည်းပါပဲ။ သမီးဖြစ်သူကလည်း မချစ်ခင်ပါဘူး။ သူတစ်ယောက်တည်း ရှန်းကန်လှုပ်ရှားရတော့မယ်လို့ သိတဲ့



အခါမှာ သူဟာ သတ်မသေခဲ့ပါဘူး။ ကျန်းမာရေးမကောင်းဘူးလို့လည်း မပြောတော့ပါဘူး။ လှုပကြွေ့ရှင်းနေတာပါပဲ။ စာရေးသူ စိတ်ထင်တော့ သူသုံးခဲ့တဲ့ နည်းလမ်းတွေဟာ တကယ့်အရေးကျရင် အသုံးမဝင်ဘူးဆိုတာကို သိလာတယ်လို့ ထင်ပါတယ်။ အစောပိုင်းကသာ အနိုင်ကျင့်တာ မာယာများတာစတဲ့ နည်းတွေကိုမသုံးဘဲ စိတ်နေသဘာဝ ကောင်းစွာထားရင် ဖြောင့်မတ်ရင်၊ ကိုယ်ကျင့်တရား ကောင်းတယ်ဆိုရင် အဲသည်လို အထီးကျန်ဖြစ်နေတဲ့ဘဝထဲမှာ အနှစ်မပါတဲ့ အပြုံးကလေးများကို ပြုံးရင်း တကယ်တမ်းမပျော်ဘဲနဲ့ ပျော်ရွှင်ဟန်ဆောင်နေရမှာ မဟုတ်ပါဘူး။ တကယ်တမ်း မပျော်ရွှင်နိုင်ရင် သေတာထက် ဆိုးပါသေးတယ်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# အသက်နဲ့ လောင်းကြေးမထပ်ခင်မှာ စဉ်းစားနော်

ကျွန်မတို့တစ်တွေလည်း ရုပ်ရှင်ဇာတ်ကားအမျိုးမျိုးကို ပြောင်းပြီး ကြည့်နေကြရတာ အတန်ကြာခဲ့ပါပြီ။ စားသောက်ဖွယ်ရာပဲဖြစ်ဖြစ် ဝတ်စရာပဲဖြစ်ဖြစ် အမြဲတမ်းတစ်မျိုးတည်းကို စားရရင် ဝတ်ရရင် ငြီးငွေ့သွားတတ်တော့ အသစ်အဆန်းကလေးများကို မက်မောတတ်ကြတာ ဓမ္မတာပါပဲ။

အစောပိုင်းက ပေါင်ချိန်ကြီးကို ကြည့်ပြီး သဘောကျကြပါတယ်။ သို့ပေမယ့် သေသေချာချာတွေးရင်း ကြည့်ရင်း ဟာကွက်တွေ တွေ့ရတတ်တဲ့ သဘောရှိပါတယ်။ ပေါင်ချိန်ဉာဏ်ကြီးရှင်ဖြစ်တာကို သဘောကျပေမယ့် ကြာလာတော့လည်း မှတ်တောင်မှ မမှတ်မိတော့လောက်အောင် ဖြစ်လာပါတယ်။

ဟော လူငယ်ပေါင်ချိန်ကို ပြောင်းပြီးပြပြန်တော့ ထူးထူးခြားခြားကလေး ခံစားရပြန်ပါရော။ သူ့မှာလည်း ပုံစံကလေးတစ်ခုရှိပါတယ်။ တရားခံဖြစ်နိုင်ခြေရှိတဲ့သူ တရားခံမဟုတ်ဘဲ တရားခံမဟုတ်နိုင်ဘူးလို့ ထင်ရတဲ့သူက တရားခံဖြစ်ဖြစ်နေတာမျိုးပေါ့လေ။ လူငယ်ပေါင်ချိန်နဲ့ ကြီးကောင်ဝင်စ



ကျွန်ကျောင်းတို့အတွဲဟာ ကြည့်လို့ကောင်းပါတယ်။ နောက်တော့လည်း တရုတ်ခေတ်သစ်ကားတွေ ဝင်လာပြန်ပါတယ်။ ဦးတည်ချက် ရည်ရွယ်ချက်တွေ ကောင်းတာများပါတယ်။ သို့ပေမယ့် တယ်ပြီးရှည်သကွယ်။ ရိုးရိုးရှည်တာ မဟုတ်ပါဘူး။ လှည့်လိုက်ပတ်လိုက်တာ ပွဲကြည့်ပရိသတ်ကို မုန့်ကြိုးလိမ်ဖြစ်အောင် လုပ်နေသလိုပါပဲ။ စိတ်တွေတိုလာပြန်ရော။

ဟော နောက်တော့လည်း အွန်စော ဂျွန်စောတို့ပါတဲ့ဇာတ်ကားဝင်လာတယ်။ တကတဲ သနားစရာကောင်းလိုက်တဲ့ ချစ်သူကလေးတွေ၊ ကံကြမ္မာကလည်းဆိုးပါပေရဲ့လို့ ကြည့်နေတုန်း သေလောက်တဲ့ရောဂါကြီးနဲ့ မင်းသမီးကလည်း မသေနိုင်။ မပေါင်းနိုင်လည်း နှစ်လောင်းပြိုင် သေလိုက်တာမဟုတ်ဘဲ အွန်စောသေပြီးမှ ဂျွန်စောက လိုက်သေပြန်ပါတယ်။ လာပြန်ပဟဲ့လို့ ပြောရင်းနဲ့ပဲ လှည့်ကွက်တွေထဲမှာ ချာချာလည်ရပြန်ပါတယ်။

တကယ်တော့ ဇာတ်ကားဝေဖန်ရေးကို ရေးနေတာမဟုတ်ပါဘူး။ ကိုရီးယားဇာတ်ကားတွေထဲမှာ ပါတတ်တဲ့ သတ်သေခြင်း ကိစ္စများအကြောင်းကို ဆွဲနုတ်ချင်လို့ ဖြစ်ပါတယ်။ ကိုရီးယား ဇာတ်ကားများမှာ မိန်းကလေးတွေဟာ ယောကျ်ားကလေးတွေကို အရင်စပြီး ချစ်ရတာကတစ်မျိုး၊ သူတို့ကိုမချစ်သည့်တိုင် မပစ်ခွာနိုင်အောင် သတ်သေဖို့ကြိုးစားတာကတစ်မျိုး၊ မချစ်နိုင်တဲ့ယောကျ်ားကလေးကလည်း သေမတတ်ဖြစ်နေတဲ့ သူကလေးများကို ပစ်ခွာဖို့ရာက အခက်တွေ့

www.burmeseclassic.com

www.burmeseclassic.com



စေပါတယ်လေ။ ယောကျ်ားဆိုတော့ စိတ်အလိုလိုက်လို့ မဖြစ်သေးတော့ ကျညီစောင့်ရှောက်ရတာနဲ့ နောက်ဆုံးတော့ တဝဲလည်လည်နဲ့ ဇာတ်တွေရှုပ်ကုန်ပြန်ပါတယ်။

ဘယ်ဇာတ်ကားထဲမှာ ဘယ်လိုဆိုတာကိုတော့ မပြောတတ်တော့ပါဘူး။ သေချာတာက လက်ကောက်ဝတ်ကို ဖြတ်ပြီး သေတဲ့နည်း၊ အိပ်ဆေးသောက်တဲ့နည်း၊ နောက်တော့ မေ့ဆောင်ကုန်ပါပြီ၊ အဲသည်နည်းနှစ်မျိုးကပဲ ပိုပြီးထူးခြားတယ်ထင်ပါတယ်။ အဲသည်လို နည်းများနဲ့ လွတ်သွားတော့မယ့်သူ့ကို မချစ်တဲ့သူက ချစ်တဲ့ချစ်သူကို ထူးခတ်တော့တာပါပဲ။ ပွဲကြည့်ပရိသတ်ဆိုတာကလည်း ဇာတ်လိုက်နဲ့ ဇာတ်လိုက်မင်းသမီးကို တယ်ပြီးရစေချင်တာကိုး။ အဲသည်တော့ ရကြတော့မယ့်ဆဲဆဲမှာ ကြားကဝင်ပြီး ထူးခတ်တဲ့သဘောနဲ့ သေကြောင်းကြံတဲ့သူ ပေါ်လာရင် တယ်ပြီး စိတ်တိုတတ်တာကလား။

စာရေးသူ ဖတ်ဖူးတဲ့ စိတ်ပညာစာအုပ်တွေထဲမှာတော့ လူအများစုဟာ တကယ်မသေချင်ဘဲနဲ့ ဒေါသအဖြစ်လွန်လို့ စိတ်စံလွဲသွားတဲ့ခဏမှာ မိမိကိုယ်ကို သေကြောင်းကြံလိုက်တာ ပြန်ပြီးစိတ်လည်ဖို့ မမီနိုင်ခင်မှာ သေသွားရှာတာက များတယ်လို့ ဆိုပါတယ်။ တချို့ကတော့ အာဃာတတရားကြီးမားစွာနဲ့ တစ်ဖက်လူ (ကိုယ့်ကိုပြန်မချစ်တဲ့သူ) ကို လက်စားချေချင်တာ၊ နောင်တရစေချင်တာ၊ အများအလယ်မှာ မဖွယ်မရာဖြစ်ပြီး ကျန်ရစ်ခဲ့စေချင်တာတွေကြောင့် မိမိအသက်နဲ့ လောင်းကြေး



ထပ်ပြီး သတ်သေကြတာဖြစ်ပါတယ်တဲ့။ ဒါကလည်း လောဘလွန်ကဲရာက ဒေါသလွန်ကဲပြီး စိတ်ကို အမိုက်မှောင်ဖုံးကာ စဉ်းစားဆင်ခြင်ခြင်း လွတ်သွားပြီး သတ်သေမိတာဖြစ်ပါတယ်။

စိတ်ပညာစာအုပ်များအဆိုအရ တချို့က မသေချင်ပါဘူး။ တွက်ချက်ပြီး မသေအောင် သေကြောင်းကြံတာ ဖြစ်ပါတယ်။ အဲသည်တော့ လူမိပြီး မသေတာနဲ့၊ သူဖြစ်ချင်သလို ကျန်တဲ့သူတွေကို ထိတ်ထိတ်ပျာပျာဖြစ်စေပြီး စိတ်ဆင်းရဲစေနိုင်ခဲ့တာ၊ သူလိုချင်တာကို သင့်တာမသင့်တာ အပထားပြီး လိုက်လျောလိုက်ကြရတာစသည်ဖြင့် နစ်နာတဲ့ကိစ္စများ ပေါ်လာတတ်ပါတယ်တဲ့။ အဲသည်တော့ သေကြောင်းကြံတဲ့သူဟာ သတ်သေလိုက်မှာနော်ဆိုတဲ့ ခြိမ်းခြောက်စကားကို လက်နက်သဖွယ် သုံးလာတတ်ကြပါတယ်။ တကယ်လည်း အသက်နဲ့ လောင်းကြေးထပ်တဲ့အကျင့် စွဲလာတတ်ကြပါတယ်။ နောက်တော့လည်း လက်လွန်ကာ သေသွားတတ်ကြပါတယ်။ တကယ်တမ်းမသေချင်ဘဲနဲ့ အသက်နဲ့လောင်းကြေးထပ်တဲ့ ကိစ္စများဟာ စိတ်မကောင်းစရာ ဆိုးကျိုးဆက်များနဲ့ ကြုံရတတ်ပါတယ်။

ကျွန်မတို့ကြည့်တဲ့ ဇာတ်ကားတွေထဲမှာ ကြည့်ပါလား။ သတ်သေတာဟာ အဖတ်တင်ပြီး၊ သေလည်းမသေချင်ဘဲနဲ့ အကျပ်ကိုင်တာမှန်း သိလာကြတာနဲ့ တစ်ခါတည်း ပြတ်သွားတတ်ပါတယ်။ အဲသည်လိုမှမဟုတ်ရင်လည်း မသေမရှင်ဖြစ်နေတတ်ပါတယ်။ ဆိုလိုတာက သေတော့မသေဘူး။ လိုချင်

www.burmeseclassic.com

www.burmeseclassic.com



တဲ့သူလည်း ရပါတယ်။ သို့ပေမယ့် အဲသည်လူက မချစ်လေတော့ တစ်သက်လုံး အေးစက်စက်ကြီးဖြစ်ပြီး သေကြောင်းကြံတုန်းက မသေလိုက်တာ နာတယ်လို့ ပြောယူရလောက်အောင် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ ကြုံရတတ်ပါတယ်။

အကျပ်ကိုင်တယ်ဆိုတာ၊ အလျော်အစားလုပ်တယ်ဆိုတာဟာ တစ်ဖက်သားက ကိုယ့်ကိုညှာနေတုန်းမှာသာ ကိုယ့်အလို အောင်မြင်တာဖြစ်ပါတယ်။ တချို့ဆိုရင် သတ်သေလိုက်မှာနော်လို့ ဆိုတာနဲ့ သေလိုက်လေ၊ အေးသွားတာပေါ့။ ကိုယ်ကတော့ မပတ်သက်ချင်ဘူးဆိုပြီး ထွက်သွားတဲ့သူတောင်မှ ရှိသေးတယ်လို့ ကြားဖူးပါတယ်။ ဘယ်လိုနည်းနဲ့မှ အကျပ်ကိုင်တာ မကောင်းပါဘူး။ ပြန်ပြီးအကျပ်ကိုင်လိုက်ရင် နှစ်ဖက်စလုံး ရှုံးသွားတတ်ပါတယ်။ ဘယ်သူ့ဘယ်သူမှ မိမိအပေါ်ထားရှိတဲ့ စေတနာ မေတ္တာကို ကုန်ခန်းသွားစေတဲ့ အကျပ်ကိုင်ခြင်း လောင်းကြေးထပ်ခြင်းဆိုတဲ့ နည်းများကို မသုံးပါလေနဲ့။ မှားတတ်ပါတယ်။ ကိုယ်လည်း တန်ကြေးကြီးတဲ့ လူ့ဘဝကို အဆုံးခံရတတ်ပြီး ကျန်ခဲ့တဲ့သူရဲ့ဘဝကိုလည်း ပျက်စီးစေနိုင်ပါတယ်။ မပျက်စီးဘဲ ပြုံးပျော်ရွှင်ပျနေတာကို ကိုယ်က ပြိတ္တာဘဝကနေပြီး မြင်နေရရင်လည်း တော်တော်ခက်မယ့် ကိစ္စပဲဖြစ်ပါတယ်တဲ့။

ပြီးတော့ ငါမရှိရင် မဖြစ်ဘူးလို့ ဘယ်လိုနေရာ ဘယ်လို အခါမှာမှ မထင်ပါလေနဲ့။ နင်တို့နော်၊ ငါသေသွားရင် ခက်မယ်၊ အခုတော့ ငါရှိနေလို့ အဆင်ပြေနေတာနော်စသည်



ဖြင့် တယ်ပြီးခြိမ်းခြောက်စကား ပြောတတ်တဲ့သူတွေ ရှိပါတယ်။ ကျန်တဲ့သူတွေက မဟုတ်တာတွေကို မပြောပါနဲ့လို့ ငိုမဲ့မဲ့မျက်နှာကလေးများနဲ့ ပြောရင် ကျေနပ်သွားတတ်တာလည်း တကယ်တော့ ရောဂါတစ်မျိုးဖြစ်ပါတယ်။

မိမိကိုယ်ကို သတ်သေချင်လို့ တစ်ကြိမ်မက ကြိုးစားဖူးတဲ့သူများကို ကျွန်မတွေ့ဖူးပါတယ်။ သူတို့မှာ ကိုယ်ရည်ကိုယ်သွေးနဲ့ ပတ်သက်လို့ ပြဿနာရှိနေတာကတော့ သေချာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူဆိုတာ မိမိအသက်ကို မိမိအတွယ်တာဆုံးကိုး။ သေရမယ့်အရေးနဲ့ကြုံရင် တတ်နိုင်သမျှ မသေအောင် တင်းခံတတ်ကြပါတယ်။ အဲသည်လို တင်းခံရင်း ပြန်လည်ကျန်းမာလာတဲ့သူတွေ အများကြီးရှိပါတယ်။ သေကြောင်းကြံစည်တတ်တဲ့ သူများကိုလည်း မသေအောင် ကူညီလို့ရပါတယ်။ ပစ်မထားကြပါနဲ့။ စကားစမြည်ကလေး ပြောပေးပါ။ မေတ္တာတရားနဲ့ ယှဉ်တဲ့စကားများကို ပြောပေးပါ။ မေတ္တာထားပါတယ်။ အကျိုးကိုလိုလားပါတယ် ဆိုတာကို ပြပေးပါ။ စိတ်အင်အားတိုးပွားစေမယ့် စကားများ ပြောရင်း ဘဝတန်ဖိုး ဘယ်လောက်ကြီးတယ်ဆိုတာကို ပြောပေးဖို့လည်း လိုအပ်ပါတယ်။ အဲသည်စကားများ အပြုအမူများကို ဆန့်ကျင်ဘက်လိုင်က မပြောတာ၊ မပြုတာဟာ ဘေးအကင်းဆုံးပါပဲ။ အဲသည်လိုမဟုတ်ရင် တွယ်တာမှုတွေပေါ်လာပြီး အဲသည်တော့မှ လိုတာမရသောဆင်းရဲကြောင့် သတ်သေသွားရင်လည်း တစ်ဒုက္ခဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဘဝမှာ နေပျော်တဲ့အချိန် ပျော်ရွှင်ကြည်နူးရတဲ့အချိန် အောင်မြင်လို့ တက်ကြွရတဲ့အချိန်တွေ အများကြီးရှိပါတယ်။ အဲသည်အချိန်တိုင်းမှာ တော်သေးတာပေါ့၊ မသေသေးပေလို့ပဲလို့ တွေးပေးရင် မိမိရဲ့ ရှင်သန်ခြင်းကို ပိုပြီးတန်ဖိုးထားတတ်သွားမှာ ဖြစ်ပါတယ်။

အခုပဲ စိတ်ထဲဝင်လာတဲ့ မိမိကိုယ်ကိုသတ်သေရခြင်းနဲ့ ပတ်သက်တဲ့အကြောင်းကို ပြောချင်ပါတယ်။ ခရစ်တော်မပေါ်မီ အနှစ်သုံးရာဝန်းကျင်လောက်က ဂရိနိုင်ငံ အေသင်မြို့မှာ သေဒဏ်ချမှတ်ခံရသူများဟာ ဟမ်းမလော့ လို့ခေါ်တဲ့ သစ်ရွက်တစ်မျိုးကို ပြုတ်ထားတဲ့အဆိပ်ရည်ခွက်ကို ကိုယ်တိုင် ယူသောက်ပြီး ကိုယ့်ကိုယ်ကိုသတ်စေခဲ့တဲ့ စီရင်ထုံးတစ်ခု ထွန်းကားခဲ့ပါတယ်။ အဲသည်နည်းနဲ့ မဟာပညာကျော်တစ်ယောက်အဖြစ် ထင်ရှားခဲ့တဲ့ ဆိုကရေးတီးဟာ ပြစ်ဒဏ်ကျခံခဲ့ရပါတယ်။ အဲသည်လို ပြစ်ဒဏ်ချမှတ်ခံခဲ့ရတဲ့ ဆိုကရေးတီးဟာ သူမမှားဘဲ အကျပ်ကိုင်ခံရတာဆိုတာကို သိတဲ့အတွက် စိတ်တည်ငြိမ်စွာနဲ့ အဆိပ်ခွက်ကို ကိုင်သောက်နိုင်ခဲ့ပါတယ်တဲ့။

သူ့လိုသေခြင်းက ရှင်ခြင်းနဲ့သေခြင်းကိုလဲလှယ်တဲ့သဘောဖြစ်ပါတယ်။ သူသာ ကျွန်တော်ပြောတာတွေက အမှားတွေပါ၊ ကျွန်တော်မှားပါတယ်ဆိုရင် သေဒဏ်ကလွတ်ပြီး နယ်နှင်ဒဏ်ကိုသာ ခံရမှာဖြစ်ပါသတဲ့။ အဲသည်နည်းကိုသာ ရွေးချယ်ခဲ့ရင် ဆိုကရေးတီးဟာ အသက်ရှင်နေကတည်းက သေခဲ့မှာ ဖြစ်ပါတယ်။ ခုတော့လည်း ဆိုကရေးတီးအကြောင်း



ကို ကမ္ဘာပတ်လည်က ကျောင်းတွေမှာ တက္ကသိုလ်တွေမှာ သင်နေကြတာ နေ့စဉ်နေ့တိုင်းလောက်ပါပဲ။ အဲသည်လို သေတဲ့နည်းကလွဲလို့ မိမိကိုယ်ကို သတ်မသေသင့်ပါဘူး။ ရှေ့မှာ စောင့်နေတဲ့ အောင်မြင်ခြင်းတွေ၊ ပျော်ရွှင်ခြင်းတွေကို အားနာဖို့ သင့်ပါတယ်။ စဉ်းစားနော်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# သေတာထက် သည်းတဲ့ပြဿနာ မရှိဘူး

အဲသည်စကားက ကျွန်မအမေ ခဏခဏပြောခဲ့တဲ့ စကားဖြစ်ပါတယ်။ အသက်ရှင်နေသေးရင် ဘယ်လောက်ကြီးတဲ့ ပြဿနာကိုပဲဖြစ်ဖြစ် ဖြေရှင်းနိုင်ခွင့်ရှိတယ်။ ကျဆုံးနေရာက အောင်မြင်အောင် လုပ်နိုင်ခွင့်ရှိတယ်။ မိမိကိုနားမလည်လို့ အပြစ်တင်နေတဲ့သူများကိုလည်း မိမိကိုနားလည်လာအောင် မိမိကိုလက်ခံလာအောင် စည်းရုံးပိုင်ခွင့်ရှိတယ်။ မိမိရဲ့လုပ်နည်းကိုင်ဟန်များ မှားယွင်းနေတယ်ဆိုရင် ပြင်ဆင်နိုင်ခွင့်ရှိတယ်။ အဲသည်လို အခွင့်အလမ်းများဟာ အသက်ရှင်နေမှသာ ရနိုင်တာဖြစ်လို့ အသက်ရှင်နေဖို့က အရေးကြီးတယ်။

အဲဒါကြောင့် လောကမှာ ဘယ်ပြဿနာမှ သေတာထက် သည်းတဲ့ (ဆိုးရွားတဲ့) ပြဿနာမရှိပါဘူးလို့ မေမေက ပြောတတ်ပါတယ်။ သေတယ်ဆိုတာကလည်း မီးစာကုန် ဆီခန်းဆိုသလို ရှင်သန်နိုင်တဲ့ ကံအကြောင်းတရားက ကုန်ခန်းသွားလို့ သေတာရှိသလို မိမိအသက်ကို မိမိဘာသာ ရှင်အောင် မမွေးတတ်လို့ သေတာလည်းများပါတယ်။ မိမိအသက်ရဲ့ အသက်ရှင်သန်ခြင်းဟာ အင်မတန်မှ တန်ဖိုးကြီးမားတယ်။ လူ့ဘဝဆိုတာ ရခဲလှတဲ့အတွက် ရလာတဲ့ဘဝကို ကောင်းစွာ

BURMESE CLASSIC .com



တန်ဖိုးထားရမယ်ဆိုတဲ့အသိနဲ့ အခက်အခဲတွေ ကြုံလာတဲ့ အခါမှာ ခံစားချက်များက ကိုယ့်ကိုနိုင်မသွားစေဘဲ ကိုယ့်ခံစားချက်များကို ထိန်းချုပ်နိုင်စွမ်းရှိအောင် ကြိုးစားဖို့ လိုအပ်ပါတယ်။

ရေးခဲ့ပြီးတဲ့ ဆောင်းပါးတစ်စောင်မှာ ဖော်ပြခဲ့သလိုပါပဲ။ မိမိအသက်ကို ရန်ရှာတဲ့သူများဟာ သူတစ်ပါးကို နင့်နင့်နဲနဲ ခံစားစေချင်လို့၊ နောင်တတရားနဲ့ စိတ်ဒုက္ခရောက်စေချင်လို့၊ ဒါမှမဟုတ် သူရရှိထားတဲ့ ပျော်ရွှင်မှုများ ပျက်သုဉ်းစေချင်လို့ အသက်နဲ့လောင်းကြေးထပ်ကြတာ များပါတယ်။ သူက သေချင်မှပဲ သေမှာပါ။ မသေအောင် တွက်ဆပြီးလုပ်ရင်း သေသွားတာလည်း ရှိမှာပေါ့လေ။ အဲသည်အချက်ဟာ မသေချာ မရေရာတဲ့ ကလဲ့စားချေမှု၊ အာဃာတတရားနဲ့ နှိပ်စက်ရန်ကြံစည်မှုပဲဖြစ်ပါတယ်။ လူတွေဟာ တစ်ဖက်ကိုအစွဲလွှန်ရင် တစ်ဖက်ကို သံယောဇဉ်ဖြတ်တတ်ပါတယ်။ ကိုယ်သာလျှင် ရင်းစားဆုံးတတ်တာကြောင့် မိမိအသက်ကိုတော့ ရန်မရှာသင့်ပါဘူး။

နောက်တစ်ခုကို သတိရတာကြောင့် တင်ပြလိုပါသေးတယ်။ တက္ကသိုလ်ကျောင်းသူဘဝက အဆောင်မှာ မိန်းကလေးအမျိုးမျိုးနဲ့ ကြုံဖူးပါတယ်။ စိတ်ဝင်စားစရာကောင်းတဲ့ အချစ်ဇာတ်လမ်းကလေးတွေကိုလည်း ကြားဖူးမြင်ဖူးခဲ့ပါတယ်။ ကျောင်းပိတ်လို့ မိမိတို့အိမ်များကို ပြန်သွားကြတဲ့သူများ ကျောင်းဖွင့်တဲ့အခါမှာ အသီးသီး အသက

www.burmeseclassic.com

www.burmeseclassic.com



အသက အဆောင်ကို ပြန်ရောက်တဲ့အခါမှာ ဓာတ်လမ်းတွေက အသစ်တွေဖြစ်နေပြန်တာကိုလည်း ကြားဖူးကြမြင်ဖူးကြပါတယ်။

ကျွန်မသတိထားမိတာကတော့ သိပ်လှတဲ့ကလေးမလေး တစ်ယောက်ဟာ အဆောင်ကို ပြန်ရောက်လာတဲ့အခါ ဘယ်လောက်ထိ ညှိုးလျှနေသလဲဆိုတော့ သူ့အသက်ဟာ သူ့ကိုယ်ထဲမှာ မရှိတော့သလို ဖြစ်နေပါတယ်။ လူကလည်း ဖျော့တော့နေပါတယ်။ သွားတာလာတာကအစ စိတ်နဲ့ကိုယ်နဲ့ မကပ်သလိုပါပဲ။ သူ့ကို ကျွန်မက တိုက်ရိုက်သိတာ မဟုတ်ပေမယ့် သူနဲ့သိတဲ့သူများနဲ့တော့ ကျွန်မက ရင်းနှီးနေပါတယ်။ အဲသည်လိုနဲ့ သူ့အကြောင်းကို သိလာရတာကတော့ သူ့ချစ်သူဟာ ကျောင်းပိတ်ရက် အိမ်ပြန်သွားချိန်မှာ လက်ထပ်လိုက်တယ်တဲ့။ လက်ထပ်ရပုံကလည်း အဆန်းသားပါပဲ။ သူငယ်ချင်းရဲ့နှမကလေးက နှလုံးရောဂါနဲ့ အိပ်ရာထဲမှာ လဲနေရာက ခုနက မိန်းကလေးချစ်သူဖြစ်တဲ့ အစ်ကိုရဲ့သူငယ်ချင်းနဲ့ လက်ထပ်ချင်ပါတယ်လို့ ပူဆာပါသတဲ့။ အဲသည်တော့ အစ်ကိုဖြစ်သူကလည်း သူ့နှမကလေး မသေခင် စိတ်ချမ်းသာသွားအောင် ကူညီပါလို့ တောင်းပန်တာနဲ့ မိန်းကလေးရဲ့ချစ်သူ ကိုလှချောက ကူညီသောအားဖြင့် လက်ထပ်လိုက်ရပါတယ်တဲ့။

နားထောင်နေသူအားလုံးက တစ်ပြိုင်နက်တည်း မေးလိုက်တာက အဲသည်နှလုံးရောဂါသည်က သေသွားသလား



ဆိုတဲ့မေးခွန်း ဖြစ်ပါတယ်။ အဖြေက ဟင့်အင်း နေကောင်းလာပြီး သူတို့ပေါင်းကြလေသတည်း ဖြစ်သွားတယ်တဲ့။ ကျွန်မတို့အားလုံးကလည်း ဟယ် ဓာတ်လမ်းက အတုကြီးပါကွာ။ သူတို့ချင်း ချိတ်ဆက်ထားတာ မရှိခဲ့ရင် အဲသည်လိုသေခါနီးမှာ ကူညီတာတို့၊ လက်ထပ်ပြီး နေကောင်းလာတာတို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ပြီးတော့ အဲသည်ကောင်ဟာ တော်တော်ဆိုးတာပဲ။ သူ့ချစ်သူကိုလည်း စိတ်ဆင်းရဲနေအောင် ကိုယ်ကချစ်လို့ အိမ်ထောင်ကျသွားတာ မဟုတ်ပါဘူးကွာ။ ကူညီလိုက်တာပါ။ ကိုယ်တကယ်ချစ်တာက မင်းတစ်ယောက်တည်းပါ။ နောက်မှ မလိမ့်တပတ်နဲ့ လုပ်တာကို ခံရမှန်းသိရတယ်၊ ဘာညာ ဘာညာစသည်ဖြင့် ညာလိုက် လိမ်လိုက် လိမ့်လိုက်တာနေမှာပေါ့လို့ ထပြီးပြောကြရင်း ကောင်းကောင်းတောင်မှ မမြင်ဖူးတဲ့ အဲသည်အမျိုးသားကို ကျွန်မတို့တစ်တွေက မုန်းလိုက်ကြတာ မပြောပါနဲ့တော့။

သူ့မိန်းကလေးက ဘွဲ့ရအောင်တောင် မယူနိုင်တော့ဘဲ အိမ်ပြန်သွားပါတယ်။ တကယ်တော့ ကိုယ့်ဘဝကို ကိုယ် မတန်တဆနဲ့ တန်ဖိုးဖြတ်လိုက်တာပါပဲ။ ငယ်ရွယ်သူဘဝမှာ ချစ်ခင်ကြဖူးတဲ့သူတွေ များပါတယ်။ ချစ်သူနဲ့ကွဲဖူးကြတဲ့သူတွေလည်း များပါတယ်။ အဲသည်အတွက် သတ်သေချင်လောက်အောင် ဘဝပျက်လုနီးနီးအဖြစ်ကို ရောက်ရတဲ့အထိ တာမစူနိုင်လောက်အောင် ဖြစ်ရတဲ့သူတွေလည်း များပါတယ်။

www.burmeseclassic.com



ခဏလောက်တော့ ဖြစ်ပါစေ။ အနီးမှာရှိတဲ့သူတွေက ပြဿနာ အရင်းအမြစ်ကို မထိပါးဘဲ အသာအယာ ကူညီဖေးမတတ်ရင် မြန်မြန်ရောဂါပျောက်သွားနိုင်ပါတယ်။

အဲသည်လိုမဟုတ်ဘဲ နင်ကိုက ညံ့တယ်၊ နင်က ယုံစားလွန်းတယ်၊ နင်က နင့်ကောင်ကို ဘာထင်နေသလဲ၊ ထန်းပလပ်စုတ်ကို နတ်ရုပ်ထင်မနေနဲ့ဟဲ့ စသည်ဖြင့် ပြောဟယ်ဆိုဟယ်နဲ့ လုပ်ဖန်များရင်တော့ မူလကရောဂါထဲမှာ နောက်ထပ်စိတ်ညစ်တဲ့အဖြစ်က ထပ်ဆင့်ပြီး ပိုမိုဝန်လေးသွားတတ်ပါတယ်။ သေချင်လောက်အောင် စိတ်ညစ်နေတဲ့သူကို ရော့ ကြိုးခွေ၊ ရော့ အဆိပ်ပုလင်းစတဲ့ အရာတွေကို မပေးရင်တောင်မှ ပေးသလိုအဖြစ်မျိုးနဲ့ ကြုံသွားတတ်ပါတယ်။

နောက်တစ်ခါမှာလည်း အင်မတန်ခင်တဲ့ သူငယ်ချင်းတစ်ယောက်က ကျွန်မတက်ရမယ့် မဟာဌာနအသစ်ကို ကျွန်မ မသွားတတ်ဘူးဆိုလို့ လိုက်ပို့လိုက်ပါတယ်။ တစ်ပတ်အကြာမှာ သူနဲ့တွေ့တော့ မယုံနိုင်စရာကောင်းလောက်အောင် ပိန်ချောင်ပြီး ပိုးဟပ်ဖြူလိုဖြစ်နေတာကို သွားတွေ့ရပါတယ်၊ ကျွန်မက ဟယ် ညီမလေး (သူက ငယ်လို့ခေါ်တာပါ) ပိန်ကျသွားလိုက်တာ၊ နင်ဝမ်းပျက်လို့လားလို့ မေးလိုက်ပါတယ်။ သူက မျက်နှာမကောင်းပေမယ့် အသံမှန်နဲ့ နောက်မှပြောမယ်။ အခုတော့ အတန်းရှိလို့ သွားတက်လိုက်ဦးမယ်လို့ ပြောပြောဆိုဆိုနဲ့ ထွက်သွားပါတယ်။

သူက ပြောစရာမလိုတော့အောင် တခြားသူငယ်ချင်း



တစ်ယောက်က ပြောမှ သူ့ချစ်သူဟာ နယ်အဝေးမှာ အလုပ်သွားလုပ်ရင်း ထမင်းလခပေးစားတဲ့ အိမ်ကမိန်းကလေးနဲ့ ရသွားတယ်ဆိုတာ သိကတည်းက ညီမလေးဟာ နေ့နေ့ညည ငိုတာ ရက်ပေါင်းများစွာပဲတဲ့။ တကယ်တော့ နှစ်ဖက်မိဘများကလည်း သဘောတူပြီးသားပါ။ ကျွန်မတို့ကလည်း ညီမလေးသံယောဇဉ်နဲ့ သူ့ချစ်သူကိုပါ ကျွန်မတို့မောင်လို ချစ်ခင်နေကြတာပါ။ အဲသည်လိုဖြစ်တာကို သိရတော့ ညီမလေးကို ပိုပြီးသနားကြတာပေါ့။ သို့ပေမယ့် အင်မတန်ချစ်တတ်တဲ့ ကလေးဆန်ဆန်တွယ်တာတတ်တဲ့ ညီမလေးရဲ့တုံ့ပြန်မှုက တော်တော်ထူးခြားပါတယ်။ သဲသဲမဲမဲ ငိုတယ်။ မိဘများက သိပြီးဖြစ်ပေမယ့် အဆောင်မှာပဲ ငိုတယ်။ မိဘများကို စိတ်မဆင်းရဲစေချင်လို့ပေါ့။ မိဘများကလည်း အခန်းဖော်ကို သတိထားပြီး စောင့်ရှောက်ဖို့ မှာထားတာကလွဲလို့ သမီးကို စိတ်ပိုဆင်းရဲစေမယ့်စကားဆိုရင် ဘာစကားမှမပြောဘဲ ထားလိုက်ပါတယ်။

ညီမလေးက အင်းလျားမြိုင်ရိပ်သာမှာ တရားဝင်တယ်။ ပြီးတော့ ပုံမှန်မဟုတ်သော်လည်း ဘွဲ့ရသည်အထိ ကျောင်းတက်တယ်။ သူ့ဘဝကို တစ်ခါလောက်နစ်နာတာလောက်နဲ့ အဆုံးစွန်အထိ ပျက်စီးသွားအောင် မလုပ်ခဲ့ပါဘူး။ ညီမလေးဟာ အသက်သာ မသေတာမဟုတ်ပါဘူး။ ဘဝလည်း မသေပါဘူး။ ရှင်သန်စွာ ဆက်လက်နေထိုင်ခဲ့ပါတယ်။ သူ့ကို သိပ်မချစ်လို့ အဲသည်လိုထိန်းနိုင်တာပေါ့လို့တော့ မပြောပါနဲ့။ သွေးဝေးတဲ့

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုတစ်ယောက်ဖြစ်တော့ အစ်ကိုလိုတစ်မျိုး ချစ်သူလိုတစ်မျိုး ချစ်တတ်ခဲ့တာကို ကျွန်မတို့အားလုံး သိခဲ့ကြပါတယ်။ အိမ်ကို စနေ၊ တနင်္ဂနွေမှာ ပြန်ရင်တောင်မှ သူ့အစ်ကိုဓာတ်ပုံကို ယူသွားပါတယ်။ အိမ်မှာလည်း တွေ့ရမှာပဲဟာလို့ ကျွန်မတို့က ဝိုင်းပြောတော့ မဟုတ်ဘူး။ အဆောင်မီးလောင်သွားရင် အစ်ကို့ပုံပါသွားမှာစိုးလို့တဲ့။ တကယ့်ကို ကလေးချစ်နဲ့ရော ချစ်သူတစ်ယောက်ကို ချစ်တဲ့အချစ်မျိုးနဲ့ပါ ချစ်တတ်ခဲ့တာပါ။

သူ့အစ်ကိုအကြောင်းကို အကြာကြီးမကြားရဘဲ နောက်မှ ကြားရတာက အရက်စွဲသွားသတဲ့။ အခုစာရေးနေတုန်းမှာတောင်မှ အသားဖြူဖြူ အရပ်မြင့်မြင့် ထွားထွားနဲ့ ချိုမြစွာ ပြုံးနေတဲ့ ညီမလေးအစ်ကိုရဲ့ ရုပ်ပုံလွှာကို မြင်ယောင်နေပါသေးတယ်။ အရက်စွဲသွားတယ်ဆိုတော့ ရုပ်ပျက်သွားမှာပေါ့။ သို့ပေမယ့် အဲသည်အရက်ကို သူဖြတ်လို့ရမှာ မဟုတ်တော့ဘူး။ သူ့အပြစ်တွေကြောင့် အရက်က သူ့ကိုဖြတ်သွားလိမ့်မယ်လို့ ကျွန်မတို့ထဲက တစ်ယောက်က ပြောပါတယ်။ ဟုတ်ပါတယ်။ နောက်တစ်ခါကြားတော့ ညီမလေးရဲ့အစ်ကို ဆုံးရှာပြီတဲ့။ သူဟာ သူ့ကိုယ်သူ သတ်သေသွားတာမဟုတ်ပေမယ့် သေအောင် နေသွားတာကတော့ အမှန်ပါပဲ။ အသက်မသေအောင် အသက်ရှည်အောင်မွေးဖို့ အများက ကြိုးစားနေတဲ့အချိန်မှာ သူက သေအောင်နေသွားသတဲ့။ လူ့အဖြစ်ကို မထီမဲ့မြင်ပြုရာကျလို့ သနားဖို့တောင်မှ မထိုက်တဲ့သူတစ်ယောက်ပါပဲ။

# သေလောက်အောင် စိတ်ဆင်းရဲရခြင်းအကြောင်း

မနေ့တစ်နေ့က စာအုပ်ဈေးပွဲတော်ကို ကျွန်မရောက်ပါတယ်။ ကျွန်မက ဆရာနန္ဒပရိသတ်ဆိုတော့ ဆရာနန္ဒရဲ့ စာအုပ်တွေကို လိုက်ရှာတတ်ပါတယ်။ သို့ပေမယ့် ဆရာနန္ဒရဲ့ စာအုပ်တွေက တော်တော့်ကို ရှားနေပြီဆိုတော့ ဝယ်လို့မရနိုင်ပါဘူး။ ဟိုဆိုင်က သည်ဆိုင်ကိုညွှန်းလိုက်၊ သည်ဆိုင်က ဟိုဆိုင်ကို ညွှန်းလိုက်နဲ့ ရတတ်သမျှ ဝယ်ခဲ့တဲ့အထဲမှာ 'ကိုယ့်ကိုယ့်ကို သတ်သေခြင်းနှင့် သေကြောင်းကြံခြင်း' ဆိုတဲ့ အမည်နဲ့ စာအုပ်တစ်အုပ်ပါပါတယ်။ ကျွန်မက ဝမ်းမြောက်ဝမ်းသာနဲ့ ကောင်းလိုက်တာကွယ်။ ဖတ်ရဦးမယ်လို့ ပြောမိရာက သြော် ကြည့်စမ်း အဲသည်စာအုပ်မျိုးကို ဆရာနန္ဒ ရေးဖူးတယ်ဆိုတာကို သိတောင်မှ မသိဘဲနဲ့ အမေကလည်း ရေးနေမိတယ်လို့ သမီးကို ပြောမိပါတယ်။

စာအုပ်ကတော့ ဆရာနန္ဒက နိုင်ငံခြားစာရေးဆရာတစ်ဦးရေးတဲ့ စာအုပ်ကိုမှီးပြီး ရေးထားတဲ့စာအုပ်ဖြစ်ပါတယ်။ ဝေဖန်ချက်များကိုလည်း ဆရာက ပေးထားပါတယ်။ သမီးကတော့ အဲသည်စာအုပ်ကို ကောက်ဖတ်ရင်း အမေ ရေးပြီး

www.burmeseclassic.com



သား အကြောင်းအရာများလည်း ပါပါတယ်လို့ ပြောပါတယ်။ ကျွန်မ ကောက်ဖတ်လိုက်တော့ စိတ်ပညာရှုထောင့်ကနေ ချဉ်းကပ်ထားပြီး ဘယ်လိုစီးပွားရေးအဆင့်၊ လူမှုရေးအဆင့်များမှာ ကြီးပြင်းရတဲ့သူများဟာ မိမိကိုယ်ကို သတ်သေတတ်တယ်လို့ ပညာရှင်များက ဆိုထားတဲ့အကြောင်းကို ရေးထားတာ တွေ့ရပါတယ်။ စာရင်းဇယားများလည်း ထည့်သွင်းထားပေမယ့် စာရင်းများက မတိကျပါဘူးလို့လည်း ဆိုထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အချို့သောကိုးကွယ်ယုံကြည်မှုများမှာ မိမိကိုယ်ကိုသတ်သေခြင်းဟာ သာမန်ရာဇဝတ်မှုမျှသာ မဟုတ်ဘဲ ကိုးကွယ်ယုံကြည်မှုကိုပါ မထီမဲ့မြင်ပြုရာကျပါတယ်။ မိမိကိုယ်ကိုသတ်ပြီး သေဆုံးတဲ့သူအတွက်သာမက ကျန်ရစ်သူများကိုပါ လူများက ရှုတ်ချကြတတ်လို့ ကြဉ်တတ်ကြလို့ သတ်သေတယ်ဆိုတာကို ဖုံးဖိ ထားတတ်ကြပါတယ်တဲ့။

ဆရာနန္ဒစာအုပ်ထဲမှာပါတဲ့ စာရင်းအရဆိုရင် ချမ်းသာတဲ့နိုင်ငံများမှာ မိမိကိုယ်ကို သတ်သေတဲ့သူ များတတ်ပြီး ဆင်းရဲတဲ့နိုင်ငံများမှာတော့ မိမိကိုယ်ကိုသတ်သေတဲ့သူ နည်းတတ်တာကို တွေ့ရပါတယ်။ အဲသည်အဖြစ်များကလည်း စိတ်ပညာသဘောကို ဆောင်နေတယ်။ လောကမှာ အဘက်ဘက်က ပြည့်စုံတဲ့သူများဟာ ပိုပြီးစိတ်ဆင်းရဲတတ်တယ်ဆိုရင် ရတ်တရက်ယုံကြမှာ မဟုတ်ပါဘူး။ သေသေချာချာ လေ့လာကြည့်တဲ့အခါမှာ ဆင်းရဲလို့ တစ်နေ့တာတစ်နေ့ ရှာ



စားနေရတဲ့သူများထဲမှာ ကောင်းတဲ့သူရော ဆိုးတဲ့သူပါ ရှိမှာပါပဲ။ ဘာပဲဖြစ်ဖြစ် သူတို့ဟာ နေ့ပူပူမှာ အလုပ်လုပ်ရင်း ရယ်မောပျော်ရွှင်နေကြတာကို တွေ့ရတတ်ပါတယ်။ ဆင်းရဲတိုင်း သေချင်တာတော့ မဟုတ်နိုင်ပါဘူး။

ချမ်းသာတဲ့ပြည့်စုံတဲ့သူများဟာ ရုပ်ဝတ္ထုအားဖြင့်တော့ ပြည့်စုံနေတတ်ကြပါတယ်။ ကောင်းကောင်းနေပြီး ကောင်းကောင်း စားရတတ်ပါတယ်။ သို့ပေမယ့် သူတို့မှာ စိတ်အဆာမပြေတတ်ကြပါဘူး။ သာမန်လူများအဖို့ ဘာနဲ့ပဲစားစား စားလို့ဝင်တတ်ပါတယ်။ ပြည့်စုံချမ်းသာတဲ့သူများမှာတော့ ကောင်းပေ့ဆိုတဲ့ အစားများကို စားသောက်ရင်း စိတ်က အဆာမပြေပါဘူး။ ဟိုအရာကိုစားချင် သည်အရာကိုဝါးချင်နဲ့ စိတ်အဆာမပြေဖြစ်နေတတ်ပါတယ်။

ပြီးတော့ သာမန်လူများ၊ ယောနိသော မနသိကာရ ထားတတ်တဲ့သူများဆိုရင်တော့ အဝတ်ဝတ်ရာမှာလည်း သင့်တင့်လျောက်ပတ်တဲ့ အဝတ်ကိုဝတ်ပြီး နေရတာ အဆင်ပြေလို့ပါပဲ။ သူများက ကိုယ့်ထက်ပိုပြီး ကောင်းတဲ့အဝတ်အစားကို ဝတ်ထားတာကိုတွေ့ရင်လည်း စိတ်မဆင်းရဲတတ်ပါဘူး။

ပြည့်စုံကုံလုံတဲ့သူများထဲက တချို့ကတော့ ကိုယ်ဖော်တဲ့အဆင်နဲ့ သူများက တူအောင်ဝတ်လာရင်တောင်မှ စိတ်တိုစိတ်ဆိုးတတ်ပါသေးတယ်။ အရေးကြီးတာကတော့ စိတ်အဆာမကျယ်ဘဲ စိတ်ကိုသင့်တင့်စွာ ထိန်းထားတတ်ဖို့ ဖြစ်ပါတယ်။ အဲသည်လို မဟုတ်ရင်တော့ အသက်မသေရင်လည်း

www.burmeseclassic.com



ဘဝသေသွားတတ်ကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လောကခံဆိုတာကို မြတ်စွာဘုရားတောင်မှ မကျော်ဖြတ်ဘဲ မနေရပါဘူး။ ကျော်ဖြတ်ရတတ်ပါတယ်။ လူတွေကတော့ ဘာမို့လောကခံနဲ့ ကင်းကွာနေနိုင်မှာလဲ။ ကောင်းတဲ့လောကခံဆိုတာကလည်း ကြုံကြုံခံနိုင်မှ တော်ကာကျပါတယ်။ နို့မဟုတ်ရင် ကောင်းတာကိုခံစားရင်း အမှားများကို ကျူးလွန်မိတတ်ပါတယ်။ သတိလက်လွတ်တဲ့သူဟာ ကောင်းနေတဲ့ဘဝအခြေအနေကို ဆိုးသွားအောင် အမှားများ ကျူးလွန်တတ်ပါတယ်။

ဆိုးတဲ့ လောကခံလေးပါးနဲ့ ကြုံတဲ့အခါကျတော့ ကောင်းတဲ့လောကခံလေးပါးကို ခံစားတုန်းကလို မဟုတ်တော့ဘဲ ငြီးငြင်လာကြရပါတယ်။ မကောင်းတာက ငါ့မှာမှ ဖြစ်ရပလေပေါ့။ အဲသည်လို ဆိုးတာကိုလည်း သည်းမခံတတ်တဲ့အခါမှာ စိတ်ကဆင်းရဲသင့်တာထက် ပိုပြီးဆင်းရဲသွားတတ်ပါတယ်။ အဲသည်လို ဆင်းရဲတဲ့အတိုင်းအတာကို လိုတာထက်ပိုပြီး ခံစားနေရတာကိုက စံလွဲတဲ့သဘောသဘာဝကို ပြသနေတာပဲ ဖြစ်ပါတယ်။

လူ့သဘာဝမှာ လိုတာထက်ပိုပြီး စိတ်နေမြင့်တာကို ဘဝင်ကိုင်တယ်၊ ဘဝင်မြင့်တယ်လို့ ခေါ်တတ်ကြပါတယ်။ သူက ဘဝင်ကိုင်ပြီး ရူးနေတဲ့သူပဲလို့ အပြောခံရတဲ့သူများ တချို့အသိုင်းအဝိုင်းမှာ ရှိတတ်ကြပါတယ်။ အဲသည်လိုစိတ်နေမြင့်ပြီး သဘာဝလွန်နေတဲ့သူများ ရှိတတ်သလို စိတ်ဓာတ်ကျစရာမလိုဘဲ စိတ်ဓာတ်ကျနေတဲ့သူများလည်း ရှိတတ်ပါ



တယ်။ အထူးသဖြင့် ချမ်းသာတဲ့အသိုင်းအဝိုင်းမှာ ရှိတတ်တာဖြစ်ပါတယ်။ သူတို့က လူကိုလူအဖြစ်မမြင်ဘဲ ပြည့်စုံချမ်းသာခြင်းကိုသာ အတိုင်းအတာတစ်ခုအဖြစ် မြင်တတ်တော့ ပြည့်စုံပြန်ရင်လည်း စိတ်က တစ်မျိုးမာန်တက်သလို ပြည့်စုံမှုနဲ့ကင်းမဲ့လာရင်လည်း စိတ်ကထိန်းမရလောက်အောင် ကျသွားတတ်ပါတယ်။

လျှပ်စစ်ဓာတ်အားက သိပ်တက်လိုက်ကျလိုက် ဖြစ်နေရင် အဲသည်ဓာတ်အားကို မှီပြီးအသုံးပြုရတဲ့ ကွန်ပျူတာကအစ ဓာတ်အားသုံး ပစ္စည်းများဟာ အပျက်မြန်သလို ရုတ်တရက်ပျက်တတ်သလို လူလည်း စိတ်က အကျကြမ်းလိုက် အတက်ကြမ်းလိုက်နဲ့ဖြစ်နေရင် စိတ်မထိန်းနိုင်ဖြစ်ပြီး သေတတ်ပါတယ်။ တချို့ကတော့ ရုတ်တရက်နှလုံးရပ်ပြီး သေတယ်လို့ပြောတဲ့နည်းနဲ့ သေတတ်ပါတယ်။ တချို့ကတော့ ကိုယ့်ကိုယ်ကို သတ်သေတတ်တာပါပဲ။ တကယ်တော့ သူရင်ဆိုင်ရတဲ့ပြဿနာဟာ ကြီးမားလှတယ်လို့ မဆိုနိုင်ပါဘူး။ သူများတကာ ရင်ဆိုင်ဖြေရှင်းနေတဲ့ ပြဿနာကတောင်မှ ပိုပြီးကြီးမားရှုပ်ထွေးနေတတ်ပါသေးတယ်။ ဘယ်လောက်ကြီးမားတဲ့ပြဿနာပဲဖြစ်ဖြစ် ဖြေရှင်းလို့ရနိုင်ပါတယ်။ အသက်ကိုစွန့်စရာ မလိုပါဘူး။

တစ်နေရာမှာ ဆိုကရေးတီးဟာ ရှင်ခြင်းနဲ့သေခြင်းကို လဲလှယ်တဲ့နည်းအဖြစ် အဆိပ်ခွက်ကို ကိုယ်တိုင်ကိုင်ပြီး သောက်ရင်း သူ့ယုံကြည်ချက်၊ သူ့သိက္ခာနဲ့ပညာကို မသေ

www.burmeseclassic.com

www.burmeseclassic.com



အောင် သေခြင်းဆိုတဲ့နည်းလမ်းကို သုံးခဲ့တယ်လို့ တင်ပြခဲ့ပါတယ်။ အဲသည်နည်းကတော့ ဆိုကရေးတီးရဲ့ ကိုယ်ပိုင်ရွေးချယ်နိုင်မှု အတိုင်းအတာထဲမှာ မရှိတဲ့အတွက် လူအသေခံပြီး အယူအဆနဲ့ သိက္ခာကို ထိန်းသိမ်းသွားရတာပါပဲ။

၁၈ ရာစုတုန်းက မြန်မာနိုင်ငံကို လာရောက်တိုက်ခိုက်တဲ့ မန်ချူးတပ်များထဲမှာ စစ်တိုက်အင်မတန်တော်တဲ့ စစ်သူကြီးများပါပါတယ်။ မန်ချူးတို့ဟာ စစ်တိုက်တော်လွန်းတဲ့အတွက် သူတို့ပိုင်ဒေသထက် ပမာဏများစွာကြီးမားပြီး ယဉ်ကျေးမှု အဆင့်အတန်းလည်း အင်မတန်မြင့်တဲ့ တရုတ်နိုင်ငံအလုံးကို သိမ်းပိုက်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ပြီးတော့လည်း အရှေ့တောင်အာရှနိုင်ငံ အတော်များများကို ပဏ္ဏာဆက်နိုင်ငံများအဖြစ် သိမ်းသွင်းနိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံကိုလည်း အဲသည်လိုပဲ သိမ်းသွင်းဖို့ လေးကြိမ်တိုင်တိုင် ကျူးကျော်တိုက်ခိုက်ခဲ့ပါတယ်။ တတိယအကြိမ်မှာ မြန်မာများဟာ အနိုက်အတန့်အားဖြင့် ရှုံးပေမယ့် ပြန်ပြီးနိုင်ခဲ့ပါတယ်။ စစ်ပွဲတစ်ပွဲအပြီးမှာ မန်ချူးဘုရင်ရဲ့ စစ်သူကြီးလည်းဖြစ် သမက်တော်လည်းဖြစ်တဲ့ မင်းယွီဆိုသူဟာ သူ့ဆံကျစ်ကိုသူဖြတ်ပြီး ဆင်စွယ်သေတ္တာကလေးထဲကို ထည့်ပါတယ်။ ပြီးတော့ ပေကျင်းဘက်ကို လှည့်ပြီး ရှိခိုးပါတယ်။ ပြီးတော့မှ ပေကျင်းကိုပြန်လည်ဆုတ်ခွာဖို့ သူကိုယ်တိုင် အမိန့်ပေးထားတဲ့ စစ်သည်တော်များလက်ထဲကို သစ္စာထားရှိပါတယ်ဆိုတဲ့ မန်ချူးတို့ရဲ့ အထိမ်းအမှတ်ဖြစ်တဲ့ ဆံကျစ်ကို ထည့်



လိုက်ပါတယ်။ ပေကျင်းရောက်ရင် ဘုရင်မင်းမြတ်လက်ထဲအရောက်ဆက်သလိုက်ပါလို့ မှာကြားပါတယ်။ ပြီးတော့မှ သူ့ကိုယ်သူ သတ်သေလိုက်ပါတယ်။ အဲသည်လို သတ်သေခြင်းဟာ အရှုံးကိုရင်ဝယ်ပိုက်ပြီး သူ့ကိုယ့်စားတဲ့ ဘုရင့်ရှေ့မှောက်ကို မဝင်ချင်လို့ပါပဲ။ တကယ်လို့ ဘုရင့်ရှေ့မှောက်ကို စစ်ရှုံးသူအဖြစ် ပြန်ဝင်ရင်လည်း အသတ်ခံရမှာ ဖြစ်ပါတယ်။

မြန်မာများကတော့ အဲသည်လို ကိုယ့်ကိုယ်ကို သတ်သေမယ့်အစား အသက်နဲ့လဲပြီး ရန်သူတစ်ယောက်ရရ နှစ်ယောက်ရရ ခေါ်သွားမှာဖြစ်ပါတယ်။

ကိုင်း ရခဲလှတဲ့လူ့ဘဝမှာ မိမိ မကျော်လွှားနိုင်တဲ့ ပြဿနာဆိုတာ မရှိဘူး။ တစ်နည်းမဟုတ်ရင် တစ်နည်းနဲ့ ကျော်လွှားမယ်။ ကိုယ်သေရင်တောင်မှ နောက်က အတင်းပြောကျန်ရစ်မယ့်သူတွေ ဝမ်းသာအောင် မလုပ်ဘူးလို့သာ စဉ်းစားလိုက်ပါ။ သေဖို့ကိုတော့ ကိုယ့်တာဝန်လို့ မအောက်မေ့ပါနဲ့။ တစ်နေ့မှာ သေကိုသေရမှာပါ။ မသေခင်မှာ အောင်မြင်မှုတွေ ရအောင် လုပ်ကြဦးစို့။ ဒုက္ခရောက်လို့ သေချင်ပက်ကျိဖြစ်ခဲ့ရတာကို ပျော်ရွှင်ရယ်မောရင်း မိမိကိုယ်ကို သရော်ကြဦးစို့လို့ ပြောချင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဒေါသနဲ့သေတာဟာ သိပ်ပြီးရှုံးတဲ့ကိစ္စဖြစ်တယ်

မိမိကိုယ်ကို သတ်သေတဲ့ကိစ္စနဲ့ ပတ်သက်လို့ ကိုးကွယ်ယုံကြည်မှုတိုင်းက ဆန့်ကျင်ကြပါတယ်။ ဗုဒ္ဓဘာသာဝင် အများစုကတော့ မိမိကိုယ်ကို သတ်သေတဲ့သူများဟာ အဖန်ငါးရာငါးကမ္ဘာ အဲသည်လိုသတ်ပြီးသေရတဲ့ အဖြစ်ဆိုးနဲ့ တိုးရတယ်လို့ ယုံကြည်တတ်ကြပါတယ်။ ဆရာတော်ကြီးများကို လျှောက်ထားမေးမြန်းတဲ့အခါမှာတော့ အဲသည်လိုစကားကို ပါဠိတော်ထဲမှာ မတွေ့ဖူးတဲ့အကြောင်းကို ကြားနာမှတ်သားရပါတယ်။ ဆရာတော်ကြီး ရဝေထွန်းရဲ့ အမေးအဖြေ စာအုပ်ထဲမှာလည်း အဖန်ငါးရာကိစ္စဟာ ပါဠိတော်ထဲမှာ မပါဘူးဆိုတာကို တွေ့ဖူးပါတယ်။

အဲသည်လိုပြောလို့ ဟန်ကျပြီ။ ငါတော့ တစ်ခါလောက်ပဲ သတ်သေရမှာ သေလိုက်ဦးမဟဲ့လို့များတော့ မအောက်မေ့ပါလေနဲ့။ သတ်သေတယ်ဆိုတာဟာ တကယ်တော့ ဒေါသဦးစီးတဲ့စိတ်နဲ့ သေတာဖြစ်လို့ ဖြစ်ပေါ်လာမယ့် ဆိုးကျိုးက ကြီးပါတယ်။ ဒေါသစိတ်မပြင်းထန်ဘဲနဲ့ ကိုယ့်ကိုယ်ကို သေအောင်မသတ်နိုင်ပါဘူး။ စိတ်ပညာစာအုပ်တွေ



ထဲမှာ ပါတဲ့အတိုင်းဆိုရင် ကိုယ့်ကိုယ်ကို သတ်သေတဲ့သူများဟာ အခွင့်သာရင် သူများကိုလည်း သတ်နိုင်တဲ့အထိ ဒေါသစိတ် ပြင်းထန်စွာ ခံစားနေရတတ်သူများ ဖြစ်တယ်လို့ ဆိုပါတယ်။ သူများကို သတ်ပစ်ချင်လောက်အောင် စိတ်ဆိုးနေတဲ့အချိန်၊ မသတ်ချင်ရင်လည်း တစ်သက်လုံး တနုံ့နုံ့နဲ့ စိတ်ဆင်းရဲနေစေချင်လောက်အောင် စိတ်ဆိုးနေတဲ့အချိန်မှာ ကိုယ့်ကိုယ်ကို သတ်ဖြစ်သွားတာဖြစ်ပါတယ်။ ဒေါသစိတ် လွန်ကဲစွာနဲ့ သေဆုံးတဲ့သူဟာ ငရဲကိုကျတတ်ပါတယ်။ ငရဲက လွတ်တော့ရော လူပြန်ဖြစ်မဖြစ်က မသေချာသေးပါဘူး။ အပါယ်လေးဘုံမှာ ကျင်လည်ရတတ်ပါသေးတယ်။ သေသေချာချာ စဉ်းစားကြည့်ရင် အဖန်ငါးရာငါးကမ္ဘာထက်တောင်မှ ဆိုးရွားတဲ့အဖြစ်မျိုးကို ခံရတတ်ပါတယ်။

တကယ်တော့ အဲသည်လို စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်နေတဲ့သူများနဲ့ ကျွန်မ စကားပြောပေးဖူးပါတယ်။ တချို့ဆိုရင် လူကိုတောင် မမြင်ဖူးပါဘူး။ တယ်လီဖုန်းဆက်ပြီးတော့ သူဟာ ကိုယ့်ကိုယ်ကိုသတ်သေတာ သုံးကြိမ်တောင် ရှိပြီ။ အထမမြောက်ခဲ့ဘူး။ သိပ်လည်း စိတ်ညစ်နေတယ်။ အဲသည်တော့ ကျွန်မစာအုပ်တစ်အုပ်ကို သူငယ်ချင်းတစ်ယောက်ကနင် သိပ်စိတ်ဆင်းရဲနေရင် ဖတ်ကြည့်လိုက်ပါ။ သက်သာသွားလိမ့်မယ်ဆိုပြီး ပေးဖတ်လို့ ဖတ်လိုက်ဖူးတယ်။ သူငယ်ချင်းပြောသလို စိတ်သက်သာသွားတယ်။ အဲဒါကြောင့် ကျွန်မဖုန်းနံပါတ်ကို ရှာပြီး ဆက်လိုက်တာပါလို့ ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်လို စကားမျိုးကို ကြားတဲ့အခါမှာ ကျွန်မ ထိတ်ထိတ်ပျာပျာ ဖြစ်သွားပါတယ်။ အဲသည်တော့ သမီးရယ် နောက်ကို အဲသည်လို လုပ်ချင်စိတ်ပေါ်လာရင် အန်တီဆီကို ဖုန်းဆက်လိုက်ပါ။ ဆက်ဖြစ်အောင်ဆက်ပါ။ ညသန်းခေါင်မှာ ဖြစ်ဖြစ် မနက် ၂ နာရီမှာဖြစ်ဖြစ် ဆက်သာဆက်၊ အားမနာနဲ့ လို့ ပြောလိုက်ပါတယ်။ တကယ့်စေတနာမေတ္တာနဲ့ ပြောလိုက်တာ ဖြစ်ပါတယ်။ လူတစ်ယောက်ယောက်ဟာ စိတ်ဓာတ် သိပ်ကျနေတယ်ဆိုရင် သူ့စကားကို ဂရုတစိုက် နားထောင်ပေးတဲ့သူရှိဖို့ လိုပါတယ်။ စကားမပြောချင်ရင်လည်း မပြောဘဲ အသာစောင့်ကြည့်ရင်း ဂရုစိုက်တဲ့သူရှိနေပါတယ် ဆိုတာကို ပြသဖို့လိုအပ်ပါတယ်။ ကျွန်မက အဲသည်လို ဂရုစိုက်လိုက်တာနဲ့တင် ကလေးမကလေးဟာ တော်တော် စိတ်သက်သာရာ ရသွားမယ်လို့ ကျွန်မယုံကြည်ပါတယ်။

တစ်ခါတော့ ညဘက်မှာ သူဖုန်းဆက်ပါတယ်။ ကျွန်မဟာ သူ့တယ်လီဖုန်းကို ကောက်ကိုင်ပြီးတဲ့နောက် မပိတ်ဘဲ ထားခဲ့တဲ့ ကွန်ပျူတာကိုတောင် ပြန်မပိတ်ရပါဘူး။ ခဏလေး နော်၊ ကွန်ပျူတာ ပိတ်လိုက်ဦးမယ်လို့ပြောရင် သူ့စိတ်မှာ အနှောင့်အယှက်ဖြစ်သွားမှာစိုးလို့ပါပဲ။ ငိုရင်းရှိုက်ရင်း သူပြောတဲ့စကားတွေကတော့ သူများအတွက်ဆိုရင် ဘာမှမဟုတ်လောက်ပေမယ့် စိတ်ငယ်နေတဲ့သူအတွက်တော့ တော်တော်ဆိုးနေမှာပေါ့လေ။ သူ့ကို နားမလည်ကြဘူး။ အမြဲပဲ နှိမ်တယ်။ ဂရုလည်းမစိုက်ကြဘူးစတဲ့ အကြောင်းတွေဖြစ်ပါတယ်။ ကျွန်မ



က သူမှန်တယ်လည်း မပြောပါဘူး။ တခြားသူတွေ မှန်တယ်၊ ဒါမှမဟုတ် မှားတယ်လည်း မပြောဖြစ်ပါဘူး။ စကားကို သူပြောချင်သလောက် ပြောတာကို ဟုတ်လား။ အေး ပြောပါဦး ဆိုတဲ့စကားတွေလောက်ပဲ ပြောပြီး နားထောင်ပေးခဲ့ပါတယ်။

စကားပြောရင်း ဖုန်းကျသွားတော့လည်း ကျွန်မ ဘာသာ ကွန်ပျူတာရှေ့ကို ပြန်ရောက်လာတာပေါ့။ သို့ပေမယ့် အလုပ်မလုပ်ဖြစ်သေးခင်မှာ သူ့ဆီက တယ်လီဖုန်းပြန်လာပါတယ်။ သူ့ဆယ်လူလာက ဘက်ထရီကုန်သွားလို့ ပြောင်းထည့်နေရတာကြောင့် ခဏပြတ်သွားတာပါတဲ့။ နောက်ဆက်ပြောတဲ့စကားတွေမှာ ငိုတာရှိုက်တာ နည်းသွားပြီ ဖြစ်ပါတယ်။ ကျွန်မက အဲသည်ကလေးမကလေး အနေအထားကို မှန်းကြည့်ပြီး သမီး ထမင်းစားပြီးပြီလားလို့ မေးလိုက်ပါတယ်။ မစားရသေးဘူးလို့ဖြေတော့ သိပ်နောက်ကျနေပြီ။ တစ်ယောက်ယောက်ကို စားစရာတစ်ခုခုလုပ်ခိုင်းပြီး အခန်းထဲလာပို့ခိုင်းလိုက်ပေါ့။ ပြီးရင် မျက်နှာပါသစ် ဘုရားဝတ်ပြုပြီး အိပ်ပျော်အောင် အိပ်လိုက်နော်လို့ ပြောပြီး နှုတ်ဆက်လိုက်ပါတယ်။ စာဖတ်သူများ စိတ်ဝင်စားကြမှာပါပဲ။ သူဟာ နောက်ထပ် ကျွန်မဆီကို ဖုန်းမဆက်ပါဘူး။ သတ်သေတယ်လည်း မကြားရပါဘူး။ သူကလေးဟာ အင်မတန်ပြည့်စုံချမ်းသာတဲ့ မိသားစုဝင်တစ်ယောက် ဖြစ်ပါတယ်။ ကျွန်မဟာ သူဖုန်းဆက်မှသာ နားထောင်ပေးတဲ့သူ ဖြစ်ပါတယ်။ သူနဲ့ဆက်သွယ်ဖို့ စိတ်မကူးပါဘူး။ လူတွေမှာ လိုအပ်ရင် တဝ အားပေးမှု ဖြည့်ပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



တာပဲ ကောင်းပါတယ်။ အထူးသဖြင့် သိပ်ပြီးပြည့်စုံတဲ့သူများဟာ အဲသည်လို ကိုယ့်စိတ်ကို ကိုယ့်ဘာသာချမ်းသာအောင် မထားနိုင်တတ်ပါဘူး။ သူတို့မှာလည်း စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်တွေ ရှိနေတတ်တယ်လေ။

ဘယ်လိုပဲဖြစ်ဖြစ်ပါ။ ဘာကိုပဲလိုချင်နေသည်ဖြစ်စေ လောဘတရားတို့၊ ဣဿာ၊ မစ္ဆရိယတို့က ဦးစီးနေတတ်တာကိုး။ ဒေါသကဖြစ်ပြီပေါ့။ အဲသည်ဒေါသတရားကို ပြေသွားအောင် ကူညီတာဟာ အတော်လုပ်သင့်တဲ့ ကိစ္စဖြစ်ပါတယ်။ သို့ပေမယ့် သူ့ကိစ္စကို ကိုယ့်ကိစ္စဖြစ်အောင်အထိတော့ ဝင်မပါလေနဲ့။ ရှုပ်ကုန်လိမ့်မယ်လို့ ပြောချင်ပါတယ်။

ဒေါသပြေပျောက်အောင် လုပ်တဲ့နည်းတွေ အများကြီး ရှိပါတယ်။ စိတ်ဝင်စားစရာကိစ္စတွေမှ လူ့လောကမှာ အပုံပဲ။ အဲသည်လိုအလုပ်တွေနဲ့ စိတ်ကိုမအားအောင် အလုပ်ပေးထားလိုက်ရင်လည်း ပြီးတာပါပဲ။ ဒေါသကို ပယ်သတ်နိုင်တာကလည်း မေတ္တာပဲရှိတော့ မေတ္တာစိတ်ကိုမွေးနိုင်အောင် လေ့ကျင့်ပေးရင်လည်း ကောင်းတာပါပဲ။ တကယ်တမ်းတော့ 'ပြဿနာအရပ်ရပ်ရဲ့ အကြောင်းတရားဟာ အားလပ်နေခြင်း' ဖြစ်ပါတယ်။ လူက အလုပ်များရင်တောင်မှ စိတ်ထဲမှာ အရေး[illegible]ယ်ကြီးတဲ့ ကိစ္စများမရှိလို့ တောင်တောင်အီအီတွေ တွေးပြီး ဒေါသတွေဖြစ်ကြ၊ ပေါက်ကွဲကြနဲ့ ပိုဆိုးတဲ့ပြဿနာများ ပွားလာရတာပါပဲ။ မနေ့တစ်နေ့က သရဲကားတစ်ခုကို ဟိုလှည့်သည်လှည့် လှည့်နေရင်း တစ်ကွက်လောက် ကြည့်လိုက်မိပါ



တယ်။ တော်တော်ကောင်းတဲ့ စကားကလေးတစ်ခုကို ကြားမိပါတယ်။ လောကမှာ မကောင်းဆိုးဝါးတွေ နေစရာနေရာ ရှိသေးလို့လားလို့ ဇာတ်လိုက်မင်းသမီးက မေးပါတယ်။ မင်းသားက စိတ်ထားယုတ်ညံ့တဲ့သူများရဲ့ နှလုံးသားဟာ မကောင်းဆိုးဝါးများ လုံခြုံစွာခိုအောင်းနိုင်တဲ့ နေရာပဲတဲ့။

စာဖတ်သူတို့ရေ

စဉ်းစားစရာကောင်းတဲ့ စကားလေးပဲနော်။ လူဖြစ်လာရပြီး လူ့လောကမှာ ကိုယ့်အတွက် နေစရာ နေရာတစ်နေရာမှတောင် မရှိဘူးလို့ ယူဆပြီး စိတ်ငယ်နေရင် ကိုယ့်နှလုံးသားကို ကိုယ်ပြန်ပြီးဖွင့်ကြည့်လိုက်ပါ။ စိတ်နဲ့ဖွင့်ခိုင်းတာပါနော်။ နှလုံးသားထဲမှာ မကောင်းဆိုးဝါးများ ခိုအောင်းနေတာများ တွေ့ရင် နှင်ထုတ်လိုက်ပါ။ သူတို့နဲ့အတူ သေချင်လောက်အောင် ဖြစ်နေတဲ့ ကိုယ့်စိတ်ဆိုးစိတ်ညစ်တွေလည်း ပါသွားပါလိမ့်မယ်။ ပြီးတော့မှ နှလုံးသားအသစ်နဲ့ လူ့အဖြစ်ကို ချစ်လိုက်စမ်းပါ။ နေပျော်သွားပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com

# လူတွေမှာ သိပ်အားကောင်းတဲ့ အသက်ဓာတ်ရှိတယ်

ကျွန်မငယ်ငယ်ကတည်းက စာမျိုးစုံကို ဖတ်လေ့ရှိခဲ့ပါတယ်။ အဲသည်လိုဖတ်တဲ့အထဲမှာ စစ်အတွင်းက ဖမ်းမိတဲ့ မြန်မာတော်လှန်ရေးသမားတစ်ယောက်ကို ဖက်ဆစ်များက စစ်ဆေးတော့ ဘယ်လိုနှိပ်စက်ခဲ့တယ်ဆိုတာကို မျက်မြင်တွေ့ခဲ့ရတဲ့ မြန်မာလူမျိုး ရဲအရာရှိဟောင်းတစ်ဦး ရေးသားခဲ့တဲ့ဆောင်းပါးတစ်စောင်ပါပါတယ်။ ဇာတ်လမ်းအတိုင်း ပြောရရင် ရဲအရာရှိရဲ့ကျောင်းနေဘက်ဖြစ်တဲ့ တော်လှန်ရေးသမားကို ဖမ်းမိတော့ သူတို့သတင်းရထားတဲ့အတိုင်းဆိုရင် တော်လှန်ရေးသမားဟာ ရဲအရာရှိနဲ့ တစ်မြို့တည်းသားပဲ။ သူငယ်ချင်းလည်း သူငယ်ချင်းဆိုတော့ သူတို့ဖမ်းမိထားတဲ့သူ ဟုတ်မဟုတ်ကို ခေါ်ပြီးမေးရမယ်ဆိုပြီး သူ့ကိုခေါ်လိုက်တာဖြစ်ပါတယ်။ ရဲအရာရှိကလည်း သူ့ကိုခေါ်ပြီဆိုကတည်းက ဘာကြောင့်ခေါ်တယ်ဆိုတာကို ရိပ်မိပြီးသားဖြစ်ပါတယ်၊ ရိပ်မိလို့လည်း ကြိုတင်ပြီး သူ့ကိုယ်သူ ထိန်းသိမ်းဆောက်တည်ထားနိုင်ခဲ့ပါသတဲ့။ စစ်ဆေးနေတဲ့ နေရာကိုရောက်တော့ မင်းကြည့်စမ်း၊ သူဟာ မင်းတို့မြို့က မင်းသူငယ်ချင်းမဟုတ်ဘူးလားလို့ မေးတော့



သူက ဒဏ်ရာရလပ္ပနဲ့ လဲနေတဲ့သူအနားကို သွားပြီး သေသေချာချာ ကြည့်ပါသတဲ့။ တကယ်တော့ သူ့သူငယ်ချင်းမှန်းသိပြီးသားပါ။ သို့ပေမယ့် သူငယ်ချင်းကိုလည်း ကာကွယ်နိုင်အောင် သူ့ကိုလည်း အထင်မမှားအောင် သူက သူငယ်ချင်းခေါင်းကို ခြေထောက်နဲ့ကော်ပြီး ကြည့်တာမျိုးတွေ ဘာတွေလည်း လုပ်ရတာပေါ့။

နောက်တော့မှ သူက ဖက်ဆစ်အရာရှိများကို သိပ်တူတာတော့ အမှန်ပဲ။ သို့ပေမယ့် ကျွန်တော့သူငယ်ချင်းမေးအောက်မှာပါတဲ့ မှဲ့နက်ကြီးတစ်လုံး သူ့မှာ မပါဘူးလို့ ပြောရတာပေါ့လေ။ သူ့သူငယ်ချင်းကလည်း ခံရချက်က မသက်သာလို့ လဲနေပေမဲ့ သတိကမလစ်သေးတော့ သူ့ကို ကာကွယ်နေတယ်ဆိုတာကို သိနေတာပေါ့။ ဒါမှလည်း သူ့ဘက်က အထိုက်အလျောက် ပြန်ပြီးသတိထားနိုင်မှာပေါ့လေ။

အဲသည်လိုသူ့သူငယ်ချင်း တော်လှန်ရေးသမား မဟုတ်ဘူးဆိုတာကို ပြောပေမဲ့၊ ဖက်ဆစ်တို့ထုံးစံက အပြစ်မဲ့တဲ့သူတစ်ရာပဲသေသေ အပြစ်ရှိတဲ့သူတစ်ယောက် လွတ်မသွားရေးက အဓိကဆိုတဲ့သဘောနဲ့ ထပ်ပြီးနှိပ်စက်ကြပြန်တာပါပဲတဲ့။ အမျိုးစုံနှိပ်စက်လို့ လူတစ်ကိုယ်လုံး ဖွဲ့အိတ်လိုပုံနေပြီဆိုတော့ သူတို့ထွက်သွားကြပါသတဲ့။ ဖက်ဆစ်အရာရှိများ မရှိတော့တဲ့အချိန်မှာ သူ့သူငယ်ချင်းကို ရေခိုးတိုက်တဲ့အကြောင်းကိုလည်း ကျွန်မမှတ်မိပါတယ်။ ရဲအရာရှိ (အဲသည်အချိန်တုန်းကတော့ ပုလိပ်ပဲခေါ်တာပါ။ ကျွန်မက ရဲလို့ရေးတာက သူဟာ

www.burmeseclassic.com

www.burmeseclassic.com



မြန်မာအချင်းချင်း ရိုင်းပင်းလို့ ရေးတာဖြစ်ပါတယ်)ရဲ့ အတွေးကို သေသေချာချာ မှတ်မိနေပါတယ်။ သူတွေးမိတာက လူဆိုတာ အင်မတန်မှ သေလွယ်တဲ့သတ္တဝါ ဖြစ်ပါတယ်တဲ့။ မတော်တဆ ခြေချော်ပြီး ကျသွားလို့ ရှိရင်တောင်မှ အခန့်မသင့်ရင် နောက်စေ့နဲ့ ကျောက်ခဲစတဲ့ မာကျောတဲ့အရာနဲ့ ထိခိုက်ပြီး သေသွားတာတို့အစရှိတဲ့ မတော်တဆမှုနဲ့ သေနည်းအမျိုးမျိုး ရှိပါတယ်တဲ့။ အခုလိုခေါင်းတစ်ခုလုံးလည်း ရောင်ကိုင်းနေအောင် ထုထောင်းထားတာကိုခံထားရပြီး ပြန်တောင်မှ မပြောချင်တဲ့ နှိပ်စက်နည်းအမျိုးမျိုးနဲ့ နှိပ်စက်တာတောင်မှ မသေဘဲ အသက်ရှင်နေသေးတယ်ဆိုရင် လူမှာ စိတ်ဓာတ်ပြင်းထန်နေသရွေ့ သိပ်ပြီးအင်အားကောင်းတဲ့ အသက်ဓာတ်ရှိနေပါကလားဆိုတာကို တွေးမိပါတယ်တဲ့။

ကျွန်မကလည်း အလယ်တန်းကျောင်းသူဘဝမှာ ဖတ်မိတဲ့ ဆောင်းပါးထဲက အဲသည်လို စိတ်ဓာတ်ပြင်းထန်ရင် ဝေဒနာများကို ကျော်လွှားနိုင်လောက်တဲ့ အင်အားကြီးမားတဲ့ အသက်ဓာတ် လူတွေမှာရှိတယ်ဆိုတာကို မှတ်သားမိပါတယ်။ ဓာတ်သိမ်းကလည်း ကောင်းပါတယ်။ ဖက်ဆစ်တွေ ဆုတ်ခွာဖို့ ရုတ်ရုတ်သဲသဲဖြစ်နေတဲ့အချိန်မှာ အဲသည်တော်လှန်ရေးသမားဟာ လွတ်မြောက်သွားခဲ့ပါတယ်။

စကားနှစ်ခုကို မရောအောင် သေသေချာချာ ပြန်ပြောပါရစေ။ မတော်တဆမှုဖြစ်ပြီး သေဆုံးသွားတာကတော့ ကိုယ်ခန္ဓာက အရေးကြီးတဲ့ ချက်ကောင်းကိုထိပြီး သေသွားတာ



ဖြစ်ပါတယ်။ မတော်တဆမှုမှာတော့ ကိုယ်ခန္ဓာပျက်ယွင်းမှုက ကြီးကျယ်လို့ သေသွားတာကိုး။ နှိပ်စက်ခံရတာကတော့ တစ်စတစ်စ ပြင်းထန်လာတဲ့ သဘောရှိပါတယ်။ ချက်ကောင်းတွေကို ပထမ မထိသေးဘဲ မေးလို့ကောင်းအောင် နှိပ်စက်တာကိုး။ နောက်မှ ပြင်းပြင်းထန်ထန် နှိပ်စက်တဲ့သဘောရှိပါတယ်။ အဲသည်တော့ စိတ်ဓာတ်ခိုင်မာစွာနဲ့ ထိန်းထားရင် အသက်ဓာတ်က အင်အားကောင်းနေဆဲမှာ လွတ်မြောက်နိုင်ခြေရှိပါတယ်။ ဘာပဲဖြစ်ဖြစ် လူတွေဟာ သေချင်လည်း ဖျတ်ခနဲဆိုပေမယ့် ရှင်ချင်ရင်လည်း ထိန်းထားလို့ရနိုင်လောက်တယ်ဆိုတာကိုတော့ သိထားဖို့ လိုအပ်ပါတယ်။

မကြာခဏတွေ့ဖူးထားတဲ့ သေအံ့မူးမူး လူမမာများထပြီးထိုင်တဲ့ ဖြစ်ရပ်များထဲမှာ အသက်ဓာတ်ကို စိတ်အင်အားနဲ့ ထိန်းထားနိုင်လို့ မသေတာတွေ၊ ပြန်ကောင်းလာတာတွေကို တွေ့နေရပါတယ်။ ကျွန်မနဲ့သွေးသားရင်းချာ လူမမာ တစ်ယောက်ဟာ ကိုယ်တိုင်တောင်မှ လမ်းမလျှောက်နိုင်တော့တဲ့အထိ လေဖြတ်ထားပါတယ်။ စကားလည်းမပီ၊ သတိလည်း မကောင်း၊ ကိုယ်လက်အင်္ဂါတွေလည်း မလှုပ်ရှားနိုင်တော့တဲ့အထိ ဖြစ်သွားပါတယ်။

ဒါပေမဲ့ သတိတော့ မလွတ်ပါဘူး။ အခုန သတိမကောင်းဘူးဆိုတာက နာမည်တွေမေ့တာတို့ လူတွေမေ့တာတို့ကို ပြောတာပါ။ သတိမလစ်တာကတော့ သူနေမကောင်းဘူးဆိုတာကို သိနေတာပါပဲ။ မေ့မြောသွားခြင်း မရှိတာကို

www.burmeseclassic.com

ပြောတာဖြစ်ပါတယ်။ သူ့စိတ်က သိပ်မာကျောပါတယ်။ သူမသေချင်ဘူး။ အဲသည်တော့ သူ့ဘာသာသူ လှုပ်ရှားနိုင်သလောက် လှုပ်ရှားပါတယ်။ ဆေးထိုးဆေးစားတဲ့ အလုပ်များကိုလည်း လုပ်တာပေါ့လေ။ မကြာခင်မှာ သူဟာ အကိုင်အတွယ်နဲ့ မတ်တတ်ရပ်နိုင်ပါတယ်။ တစ်ဆင့်ပြီး တစ်ဆင့်ကြိုးစားလိုက်တော့ မကြာခင်မှာ ပြန်ပြီးလမ်းလျှောက်နိုင်တဲ့အထိ ဖြစ်လာပါတယ်။

အဲသည်လို သာဓကတွေထက် ထူးခြားတဲ့သာဓကများကိုတောင် သိနေတဲ့ ကြုံဖူးနေတဲ့သူတွေ အများကြီးရှိမှာပါပဲ။ ဆရာဝန်ကြီးများနဲ့ တွေ့ဆုံမေးမြန်းပြီး စာရေးရရင် ပိုပြီး စိတ်ဝင်စားဖွယ် ကောင်းပါလိမ့်မယ်။ သို့ပေမယ့် ကြုံဖူးသမျှအဖြစ်အပျက်ကို သာဓကအဖြစ်ထားပြီး ပြောရရင် လူတွေမှာ သိပ်ပြီးအားကောင်းတဲ့ အသက်ဓာတ်ရှိတယ်။ အဲသည်အသက်ဓာတ်ကို ရှင်သန်အောင် စိတ်အင်အားနဲ့လည်း ထိန်းဖို့လိုတယ်။ ကံ စိတ် ဥတု အာဟာရ အကြောင်းတရားလေးပါးစလုံးတော့ လိုတာပါပဲ။ အာဟာရထဲမှာ ဆေးကိုထည့်ရမယ် ဖြစ်ပါတယ်။ ကျန်မကတော့ အသက်ရှင်ဖို့ စိတ်ဓာတ်ပြင်းထန်တဲ့ မိမိအသက်ကို မိမိရှင်အောင် ကြိုးစားနေတဲ့သူဆိုရင် စိတ်ပျက်အားလျော့ပြီး သေသွားတာကမှ ကောင်းတယ်လို့ အယူလွဲနေတဲ့သူများထက် ကျန်းမာရေးလည်းကောင်းမယ်၊ အသက်လည်း ရှည်မယ်လို့ ယုံကြည်ပါတယ်။

စိတ်ပညာစာအုပ်များမှာလည်း ဖတ်ဖူးထားတာ ရှိပါ



တယ်။ တစ်ကိုယ်တည်းသမားများထက် မိသားစုနဲ့ သားသမီးနဲ့ တွယ်တာရမယ့်သူနဲ့ နေထိုင်ရတဲ့သူဟာ ပိုပြီးအသက်ရှည်တတ်ပါတယ်တဲ့။ တချို့ကတော့ နေရတာ အဆင်မပြေလို့ စိတ်ဆင်းရဲနေတုန်း ဒီလိုစာမျိုးကိုဖတ်မိလို့ကတော့ ပိုပြီးတောင်မှ စိတ်တိုဦးမှာ ဖြစ်ပါတယ်။

စိတ်ပညာစာအုပ်ထဲက အဆိုက လူအများကိုတွေ့ဆုံပြီး စာရင်းဇယားနဲ့တကွ သုတေသနပြုထားတာဆိုတော့ ခိုင်မာတဲ့အဆိုဖြစ်ပါတယ်။ တွယ်တာရမယ့်သူများ ရှိနေရုံနဲ့တော့လည်း အသက်ရှည်ချင်မှ ရှည်မှာပေါ့လေ။ သူ့အနေနဲ့ အဲသည်လူတွေကို မေတ္တာထားပြီး ထိန်းသိမ်းစောင့်ရှောက်ပေးရမယ့်တာဝန်တွေ၊ ပြုစုပျိုးထောင်ရမယ့် တာဝန်တွေ ရှိနေတယ်ဆိုတာကို ကိုယ်တိုင်လက်သင့်ခံတဲ့ စိတ်ထားရှိမှ ကိုယ့်ကိုယ်ကိုစောင့်ရှောက်မှာ ဖြစ်ပါတယ်။ စိတ်အင်အား ပိုပြီးကောင်းမှာဖြစ်ပါတယ်။ မိသားစုအသိုင်းအဝိုင်းကလည်း စောင့်ရှောက်မှာဖြစ်ပါတယ်။

အဲသည်လို *အင်အားကြီးမားတဲ့ အသက်ဓာတ်ကို* မစောင့်ရှောက်ချင်တော့လောက်အောင် သေချင်နေတယ်ဆိုတာကတော့ လူ့သဘာဝကနေပြီး တိမ်းစောင်းသွားပြီလို့ဆိုရမှာဖြစ်ပါတယ်။ အဲသည်လိုဖြစ်တာကလည်း တစ်ခဏလောက်သာ ကြာတတ်ပါတယ်။ အဲသည်လို တစ်ခဏအချိန်ကလေးမှာ မိမိအနားမှာ ကလျာဏမိတ္တတစ်ယောက်ယောက် ရှိနေတယ်ဆိုရင်တော့ သေဖြစ်မှာမဟုတ်ပါဘူး။ တစ်နည်းဆိုရင်

www.burmeseclassic.com



လည်း စိတ်ပြောင်းဖို့ကောင်းတဲ့ အခြေအနေသစ်တစ်ခုခုနဲ့ ကြုံတွေ့တဲ့အခါမှာ စိတ်ပြောင်းသွားတတ်ပါတယ်။ အဲဒါကြောင့် တစ်ခါတုန်းက သူ့မှာ စိတ်ညစ်စရာ များလွန်းလို့ ရေထဲခုန်ဆင်းပြီး သတ်တောင်သေချင်တယ်လို့ ပြောတဲ့ ပြည့်စုံကြွယ်ဝသူ တစ်ယောက်ကို ကျွန်မက သတ်သေချင်ရင် သာကေတ တံတားကနေပြီးတော့ ခုန်ချဖို့ မစဉ်းစားပါနဲ့။ ကိုယ်တိုင်ကားမောင်းပြီး စစ်ကိုင်းတံတားကို ရောက်အောင် သွားပါ။ အဲသည်တံတားကို ရောက်သည်အထိ သေချင်စိတ် မကုန်သေးဘူးဆိုရင်လည်း ရေထဲခုန်ဆင်းလိုက်ပေါ့လို့ ရယ်ရယ်မောမောနဲ့ အကြံပေးလိုက်ရပါတယ်။ ပတ်ဝန်းကျင် ပြောင်းရင် စိတ်လည်းပြောင်းသွားမှာဖြစ်သလို သူပြန်လာတဲ့ အချိန်မှာလည်း သတ်သေချင်စိတ်ပေါ်လောက်အောင် တွန်းပို့နေတဲ့ အခြေအနေတွေကလည်း ပြောင်းသွားလောက်ပြီ ဖြစ်ပါတယ်။ အရေးကြီးတာကတော့ ရတောင့်ရခဲ လူ့ဘဝကို စွန့်ပစ်ချင်စိတ်ဆိုတာ သဘာဝမကျတဲ့စိတ် ဖြစ်တယ်။ တစ်ခဏလေး စောင့်လိုက်ရင် အားလုံးကောင်းသွားမှာပဲလို့သာ နှလုံးသွင်းလိုက်ပါ။ တကယ်လည်းကောင်း သွားမှာဖြစ်ပါတယ်။

# ကိုယ့်ကိုယ်ကို ပြန်မထူနိုင်ရင် သေတတ်တယ်

ကျွန်မက အပြင်ကိုထွက်ခဲပါတယ်။ သို့ပေမယ့် အပြင်က လာတဲ့သတင်းတွေကို တယ်လီဖုန်းကတစ်ဆင့် ရနေတတ်ပါတယ်။ နေကောင်းထိုင်သာရှိရဲ့လားလို့ မေးရင်း ကြုံလို့ပြောမိတဲ့စကားတွေကလည်း သတင်းကိုသယ်ဆောင်တဲ့နေရာမှာ တကယ်ထိရောက်ပါတယ်၊ တချို့ကတော့ ရင်ဖွင့်တာပါ။ သူတို့ကိုယ်ရေးကိုယ်တာ ဟုတ်ချင်မှပဲဟုတ်ပါမယ်။ သို့ပေမဲ့ လူ့လောကပြဿနာများနဲ့ ပတ်သက်နေပါတယ်။

အခုတလောမှာ နိုင်ငံတကာသတင်းများထဲက အေ့ဒ်စ်နဲ့ပတ်သက်တဲ့ သတင်းများကို ကြည့်ရှုနားထောင်ရပါတယ်။ အဲသည်ရောဂါက လိင်မှုကိစ္စပွေတဲ့သူ၊ မူးယစ်ဆေးဝါး သုံးတဲ့သူများမှာ အဖြစ်များတယ်ဆိုပေမဲ့ အပြစ်မဲ့တဲ့သူများက အကူးစက်ခံရတတ်ပါတယ်။ အိမ်ထောင်ဖက်ဆီက မိခင်လောင်းက ကူးစက်တာကိုခံရပြီး ကလေးကလေးက လူ့လောကထဲ ရောက်တာနဲ့ ရောဂါသယ်ကလေးဖြစ် နေပြီဆိုတော့ ကြေကွဲစရာကိစ္စကြီးလို့ ပြောရပါမယ်။ တချို့သူများကတော့ ဆေးထိုးအပ်ကတစ်ဆင့် ကူးစက်တာ၊ ခေါင်းရိုးတဲ့ သင်တုန်းဓားက

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆင့် ကူးစက်တာစသည်ဖြင့် ယုံနိုင်စရာမရှိပေမယ့် တကယ်ဖြစ်နေတဲ့ ကူးစက်နည်းမျိုးစုံနဲ့ ကူးစက်နေတာကို ကျွန်မတို့သိကြ စာနာကြ အရေးဂရုပြုကြပါတယ်။

ဆယ်စုနှစ်တစ်ခု မရှိတရှိအချိန်လောက်က ကျောင်းတွေ တက္ကသိုလ်တွေကို ဆရာဝန်ကြီးများကိုယ်တိုင် လိုက်လံပြီး ဟောပြောကြတဲ့အခါတုန်းက အဲသည်လို ရောဂါမျိုးက ကာကွယ်ဆေးမရှိဘူး။ ကုသရမယ့်ဆေးလည်း မဖော်စပ်နိုင်သေးဘူးလို့ ဟောပြောသွားပါတယ်။ အခုတော့ ကုသနိုင်တဲ့ဆေးဖော်စပ်နိုင်ပြီလို့ ပြောတာပါပဲ။ ဆေးက ဈေးကြီးလွန်းလို့ အများပြည်သူ မသုံးစွဲနိုင်သေးဘူးလို့ သိရပါတယ်။

ကျွန်မကတော့ ဆရာဝန်ကြီးများပြောတဲ့ ကာကွယ်ဆေး မရှိဘူးဆိုတာကို ဆန့်ကျင်ချင်လို့မဟုတ်ပါဘူး။ ဖော်စပ်ထားတဲ့ဆေး မရှိတာကို လက်ခံပါတယ်။ သို့ပေမယ့် ကျွန်မတို့ယဉ်ကျေးမှုစွမ်းအားကတော့ ဆေးတစ်ပါးအဖြစ် သုံးနိုင်ပါတယ်ဆိုတဲ့အကြောင်းကို ဆောင်းပါးရေးခဲ့ဖူးပါတယ်၊ ခေါင်းစဉ်ကို 'ယဉ်ကျေးမှုစွမ်းအား ဆေးတစ်ပါးမှတ်ပါ'လို့ ပေးထားပါတယ်။ ကျွန်မတို့ယဉ်ကျေးမှုမှာ အမျိုးသားနဲ့ အမျိုးသမီးတို့ဟာ လက်မထပ်ရခင်အချိန်မှာ မငြိစွန်းအောင် နေကြပါတယ်။ မေတ္တာမျှနေတဲ့သူချင်း လေးစားမြတ်နိုးစိတ်လည်းရှိတတ်တော့ မိမိကိုယ်ကိုသန့်စင်အောင် ထိန်းတတ်ပါတယ်။ စိတ်ကိုလျှော့ပြီး နေချင်သလို မနေတတ်ကြပါဘူး။ ဒီစာကိုဖတ်တဲ့လူငယ်တွေက တောမှာသွားပြော၊ အခုအချိန်မှာ ဒါမျိုး



တွေမရှိဘူးလို့ပြောရင် တောမှာသွားပြောရင်တောင် အကြောင်းထူးပါ့မလားမသိဘူးလို့ ဆောင်းပါးရှင်က စိုးရိမ်နေပါတယ်။

သို့ပေမယ့် မြန်မာနိုင်ငံတည်ရှိနေသလို သုဉ်းမသွားသေးတဲ့ ယဉ်ကျေးမှုက ထိန်းသိမ်းတဲ့သူများအပေါ်မှာ မူတည်ပြီး ရှင်သန်နေတာပါပဲ။ တချို့လူများအတွက်ကတော့ အပိုတွေလို့ ပြောစရာပေါ့။ တချို့လူများအတွက်ကတော့ မဖြစ်ဘူး၊ ကိုယ့်ဘဝကို ကိုယ်ထိန်းသိမ်းမှုဖြစ်မယ်။ အမှားမဖြစ်အောင် ထိန်းပါမှ ဘဝလှနိုင်မယ်လို့ သတိထားပြီး ထိန်းတတ်ကြပါတယ်။ မိသားစုဖြစ်လာတဲ့အခါမှာ သားရယ် သမီးရယ်လို့ ထွန်းကားလာရင် ဒုက္ခမရောက်ရလေအောင် မသင့်တော်တဲ့ အနေအစားမျိုးကို ရှောင်တတ်ကြပါတယ်။ အဲသည်တော့ ရောဂါဆိုးတွေကို ကာကွယ်ပြီးသားဖြစ်သွားတာပေါ့။ တကယ်တော့ မိသားစုကိုချစ်တတ်တာ လူစိတ်စင်စစ် ဖြစ်ပါတယ်။ မိသားစုဘဝစမှပဲ လူပီသလာတတ်ကြတာကိုး။

အခုနက ယဉ်ကျေးမှုတွေဘာတွေ လာပြောနေတယ်၊ အပိုတွေလို့ ပြောတတ်တဲ့သူများမှာ အပိုဒုက္ခများ များတတ်ပါတယ်။ ဒီကနေ့ပဲ ကြားရတဲ့အကြောင်းတစ်ခု ရှိပါတယ်။ စာနဲ့ရေးတာပေမယ့် ဖတ်ရတဲ့သူများကိုတောင် အားနာပါတယ်။ ကန်တော့ပါရဲ့နော်။ ပြောပါရစေတော့ ကိုယ်ခန္ဓာဖျက်ချတာကြောင့် သေသွားတဲ့ အသက် ၁၈၊ ၁၉ လောက်သာရှိသေးတဲ့ အရွယ်ကောင်းကလေးမတွေ၊ သားမွေးမြောတဲ့အထိ ပြင်းထန်စွာ ဝေဒနာခံစားနေရသူတွေ ဖျက်စီမျက်နှာညှိုးငယ်

www.burmeseclassic.com



စွာနဲ့ ပြုစုနေတဲ့ သားချင်းတွေ၊ ပြုစုမယ့်သူမရှိဘဲ လူသူမသိဘဲ သေသွားတဲ့သူတွေရဲ့ အကြောင်းဖြစ်ပါတယ်။

ယဉ်ကျေးမှုစွမ်းအားကို ဆေးတစ်ပါးလို့မမှတ်ဘဲ စိတ်လေလေနဲ့ မိမိကိုယ်ကို ခပ်လျော့လျော့ထားပြီး ပေါ့ပေါ့တန်တန် နေမှသာ ခေတ်မီတယ်လို့ ထင်တဲ့သူတွေဟာ အဲသည်လို အပိုကိစ္စများနဲ့ ဒုက္ခမြားမြောင်တဲ့ လူ့ဘောင်ကနေ ထွက်ခွာတာတောင်မှ မသက်မသာ ရက်စရာနည်းနဲ့ ထွက်ခွာတတ်ကြပါသေးတယ်။

မိမိတို့ အရှေ့တိုင်းက နိုင်ငံများမှာ မိမိတို့ကိုယ်ပိုင်ယဉ်ကျေးမှုကို ထိန်းတတ်ကြပါတယ်။ သို့ပေမယ့် ခေတ်မီအောင် ကမ္ဘာကြည့် ကြည့်မြင်တာ များသွားတော့လည်း အနောက်နိုင်ငံများမှာလို ခပ်ပေါ့ပေါ့ နေတတ် စားတတ်လာကြပါတယ်။ သို့ပေမယ့် နိုင်ငံတိုင်းမှာလည်း လူငယ်တိုင်းဟာ ပေါ့တန်စွာ မနေတတ်ပါဘူး။ ထိန်းသိမ်းပြီး နေတတ်တဲ့သူများ ရှိပါတယ်။ တစ်ခုတော့ရှိပါတယ်၊ ဘယ်ဒေသမှာမဆို အကောင်းနဲ့အဆိုးမှာ အဆိုးက များတတ်တယ်လေ။ များတတ်လို့ပဲ သူတို့ဆီမှာ ဒုက္ခတွေ ပွေနေတတ်ကြတာပါပဲ။ မြန်မာနိုင်ငံလူများကလည်း ကမ္ဘာအရပ်ရပ်နဲ့ အဆက်အဆံများလာတဲ့အခါမှာ အတုယူတတ်လာတဲ့ အနေအစားများ ရှိတတ်ပါတယ်။ အဝတ်ကို လော်လီစွာဝတ်ဆင်မှ ခေတ်မီတယ်ထင်တာ၊ မိန်းကလေးမိန်းမငယ်များ သောက်တတ် စားတတ်လာကြတာစတဲ့ပေါ့တန်တဲ့အလေ့အထများကို အဟုတ်မှတ်နေတတ်ကြ



ပါတယ်။ အဲသည်လိုဖြစ်လာတော့ ပိန်းကောမ ဦးထောင်ထောင် ကျောက်ဆောင်နဲ့ငြိဆိုတာမျိုး ဖြစ်လာတတ်ပါတယ်။ အလုပ်ခွင်က ကြွယ်ဝတဲ့သူများနဲ့ဖြစ်စေ၊ အကြောင်းကြောင်းနဲ့ နီးစပ်လာတဲ့သူများနဲ့ဖြစ်စေ ရင်းနှီးကျွမ်းဝင်စွာ ပေါင်းသင်းလာတတ်ကြပါတယ်။

စာရေးသူကတော့ ချမ်းသာကြွယ်ဝတဲ့ အသက်အရွယ်ရပြီးသူများဟာ စည်းစိမ်အမျိုးမျိုးကို ခံစားကြတဲ့အခါမှာ သားသမီးချင်း စာနာထောက်ထားတဲ့စိတ်ထားကြဖို့ ပြောချင်ပါတယ်။ မိန်းကလေးများကလည်း စိတ်ကူးမယဉ်သင့်တဲ့ ကိစ္စမှာ စိတ်ကူးမယဉ်ကြဖို့ သတိပေးချင်ပါတယ်။ ပိုက်ဆံချမ်းသာတဲ့ သူဌေးများ သူဌေးသားများနဲ့ ဆင်းရဲသူမိန်းကလေးများ အကြောင်းပါတတ်ကြပါတယ်။ သို့ပေမဲ့ အင်မတန်မှ အရေအတွက်နည်းပါတယ်။ အကြောင်းတော့ပါပါရဲ့၊ တရားမဝင်ဘူးဆိုရင် မိန်းကလေးပဲ နစ်နာတတ်ပါတယ်။ အဲသည်လို နစ်နာတဲ့အခါမှာ မိမိကိုယ်ကိုမိမိ ပြန်လည်ထူမနိုင်ရင် တော်ပါလေရဲ့။ မထူမနိုင်ရင် သိပ်ပြီးအခက်ကြုံရတတ်ပါတယ်။ ဆေးရုံခုတင်ပေါ်မှာ မြောနေတဲ့မိန်းကလေးများကို မြင်ခဲ့ရတဲ့ ဆရာဝန်မကလေး ပြောသလိုမျိုးဆိုရင် ပြန်ပြီးထူမနိုင်တဲ့အနေအထားကို ပြန်ရောက်ဖို့ အင်မတန်မှ ဝေးကွာတဲ့အခြေအနေမှာ ရှိနေပါတယ်။

စာရေးနေရင်း တစ်ခုသတိရလာတာ ရှိပါတယ်။ အဲဒါကတော့ ဆယ်စုနှစ် ဘယ်နှစုလောက်ကလဲ ကမှန်း မသိပါဘူး။

www.burmeseclassic.com



အင်္ဂလိပ်လိုရေးထားတဲ့ ဆောင်းပါးများကို ဖတ်မိပါတယ်။ ရေးတဲ့သူက Pearl S. Buckဖြစ်ပါတယ်။ သူက အာရှမှာ အမေရိကန်များ ဝင်ရောက်တိုက်ခိုက်ခြင်းခံရတဲ့ နိုင်ငံတစ်ခုကို ရော အမေရိကန်စစ်တပ်များ အပန်းဖြေတာကို လက်ခံတဲ့ နိုင်ငံတစ်ခုကိုရော စစ်အပြီးမှာ ရောက်တဲ့အခါ ဆံပင်အဝါ မျက်လုံးအပြာနဲ့ လေလွင့်နေတဲ့ ကလေးတွေကို တံတားတွေ အောက်မှာ ကျုံးကျော်တဲတွေထဲမှာစသည်ဖြင့် တွေ့လိုက်တော့ တော်တော်စိတ်မချမ်းသာပါဘူးတဲ့။ ဒီကလေးတွေဟာ အမေရိကန်တပ်သားများက သူတို့မှာ ကိုယ်ဝန်ရှိပြီလို့ဆိုရင် လက်ထပ်နိုးနိုးဆိုတဲ့ မျှော်လင့်ချက်ထားပြီး ရင်းနှီးအောင် နေလိုက်ကြတဲ့ ဒေသခံမိခင်များက မွေးတာပဲ။ ဖခင်များ ဖြစ်နိုင်ချေရှိတဲ့သူများလည်း ရှိနိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ် ရန်ပုံငွေ ထူထောင်ပြီး အဲသည်လို ဘယ်သူကမွေးမှန်း ဘယ်သူနဲ့မွေးမှန်း မသိတဲ့သူကလေးများကို ကူညီကြပါစို့ဆိုတဲ့ ဆောင်းပါးများကို ရေးခဲ့တာဖြစ်ပါတယ်။ သူ့အတွေ့အကြုံများကို ထပ်ပြီး ရေးပြန်တဲ့ဆောင်းပါးတွေထဲမှာ စစ်ပြန်တချို့ဟာ ငွေထည့်ဖို့ နေနေသာသာ အဲသည်လိုရေးတာတောင်မှ လက်မခံပါဘူးတဲ့။ သူတို့က ကင်းလို့လားဆိုတော့ ဒီကိစ္စဟာ သူတို့ဘက်မှာ တာဝန်မရှိဘူး။ ကလေးမယူသင့်ဘဲနဲ့ ယူလိုက်တဲ့မိန်းကလေးတွေမှာပဲ တာဝန်ရှိတယ်လို့ ပြောတတ်ကြပါသတဲ့။ ပါးလ်အက်စ် ဘတ်လည်း လူမှုရေးအကျိုးဆောင်ဖို့ ကြိုးစားရင်း တော်တော်စိတ်ဆင်းရဲသွားပုံ ရပါတယ်။ သူတို့လူမျိုးတွေရဲ့



ကရုဏာကင်းမဲ့တဲ့ စကားများကို ကြားရတာ မသက်မသာ ဖြစ်သွားလို့ပါပဲ။

ပြောရင်တော့ မကိုခင်မှ ဥကိုခင်တယ် ဆိုတာမျိုးလို ပေါ့။ မိန်းကလေးများ စဉ်းစားနိုင်အောင် ပြောတာဖြစ်ပါတယ်။ ယုယကြင်နာစွာဆက်ဆံပြီး လိုချင်တာကလေးတွေ ဝယ်ပေးကာ လူကြီးလူကောင်းပီသတဲ့ ရုပ်သွင်နဲ့ သူတစ်ယောက်ဖြစ်တာနဲ့ ငါ့ကို တကယ်မေတ္တာထားတာပဲ၊ ငါ့ကို ယူမှာပဲလို့ အစွန့်စားလွန်တတ်ကြတဲ့သူများ သတိထားကြစေလိုပါတယ်။ တချို့သူများဟာ လိုချင်တာရအောင် ဘယ်လိုဆွဲဆောင်ရမလဲ ဆိုတဲ့အတတ်ပညာကို တတ်ပါတယ်။ တကယ်အစစ်အမှန် မေတ္တာထားတယ်ဆိုရင် လက်ထပ်ဖို့ခွင့်တောင်းပြီးမှ လက်ထပ်ပြီးမှ ရင်းနှီးသင့်တဲ့အတိုင်းအတာကိုရောက်အောင် နေကြမှာပါပဲ။ တည်ကြည်တဲ့ယောကျ်ားများဟာ မေတ္တာမျှရုံမျှမိတဲ့ အချိန်မှာ လွန်အောင်မနေတတ်ကြပါဘူး။ မိန်းကလေးဘက်ကလည်း ထိန်းသိမ်းရပါမယ်။

မိန်းကလေးများကို သတိပေးချင်တာက သူများကိုမှီခိုပြီး ကြီးပွားအောင်လုပ်တဲ့နေရာမှာ အောင်မြင်တယ်ဆိုတာက အရေအတွက်နည်းပါတယ်။ အထူးသဖြင့် နယ်ကျွံလို့လွန်ရင် မိန်းကလေးမှာသာ အလဲလဲအပြိုပြို ဖြစ်သွားတတ်ပါတယ်။ သူက အထုပ်အထည်ကို ပိုက်ရတဲ့ လွယ်ရတဲ့သူဆိုတော့ သူတစ်ယောက်ပဲ အပြစ်ရှိသလိုလိုနဲ့ သောကပေါင်းလဲ ခံစားရတတ်ပါတယ်။ ကျန်းမာရေးသာမက လူမှုရေးအရလည်း

www.burmeseclassic.com

www.burmeseclassic.com



အထိခိုက်ကြီးထိခိုက်တတ်ပါတယ်။ ဖိစီးလာတဲ့ အရှိန်တွေများလွန်းရင် အလဲလဲအပြိုပြို ဖြစ်သွားတတ်ပါတယ်။ ပြန်မထနိုင်ရင်တော့ အရှက်သည်းစွာ ဒုက္ခကြီးစွာနဲ့ သေတတ်ပါတယ်။ လူမသေလည်း ဘဝသေသွားမှာဖြစ်ပါတယ်။ နောက်ဆုံးတော့လည်း **'ယဉ်ကျေးမှုစွမ်းအား ဆေးတစ်ပါးမှတ်ပါ'** နဲ့ နိဂုံးချုပ်ရမှာပါပဲ။

## ပြဿနာတစ်စုံတစ်ရာကြောင့် မသေသင့်ဘဲ သေရတာ အပြစ်ကြီးတယ်

တချို့လူတွေဟာ မိမိကိုယ်ကို သနားတဲ့စိတ်မွေးပြီး ဆွေးတဲ့အကျင့်ကို မွေးထားတတ်ပါတယ်။ အဲသည်လိုလူမျိုးဟာ လောကကြီးကို တယ်ပြီးအပြစ်တင်တတ်တာပဲ။ လောကကြီးကိုက မတရားပါဘူးကွာ။ ငါလိုချင်တာ ငါဖြစ်ချင်တာ ဘာမှဖြစ်မလာဘူး။ ငါ့မှာချည်း ဒုက္ခတွေဖြစ်နေရတယ်လို့ ညည်းညူနေတတ်ကြပါတယ်။ တကယ်တော့ မိမိနေထိုင်တဲ့ ပတ်ဝန်းကျင်တစ်ခုလုံးဟာ တိုးတက်ရာလမ်းစတွေ ရှာဖွေပြီး ကိုယ့်ကိုယ်ကို အကောင်းဆုံးဖြစ်အောင် မွေးမြူနိုင်တဲ့ ကျယ်ပြောတဲ့ နေရာဒေသကြီးတစ်ခု ဖြစ်ပါတယ်။ သို့ပေမဲ့ မိမိကိုယ်ကို သနားစိတ်မွေးပြီး ဆွေးနေရတာကို အကောင်းမှတ်နေတတ်တဲ့ သူက ထွက်ပေါက်တို့ တိုးတက်ရာလမ်းတို့ကို မမြင်တတ်တော့ပါဘူး။

တကယ်လို့ အဲသည်လိုနေတာကို ပြောင်းလဲပေးပြီး တက်ကြွအောင် လန်းဆန်းအောင် ဆွေးနွေးအားပေးနိုင်တဲ့ သူများကို ကလျာဏမိတ္တများအဖြစ် ပေါင်းသင်းနိုင်ခွင့် ရမယ်ဆိုရင်တော့ အဲသည်လို ဆွေးမြေ့နေရာ လုံလောက်တဲ့

www.burmeseclassic.com



အကြောင်း ဘာမှမရှိဘူး။ ကိုယ့်မှာရှိတဲ့ ကိုယ်အား စိတ်အားများကို တိုးတက်အောင်မွေးမြူပြီး ကြိုးစားလိုက်ရင် အခုကိုယ်ဖြစ်ချင်တာထက်တောင် ဖြစ်လာဦးမယ်ဆိုတဲ့ အမြင်သစ်ကို မြင်လာနိုင်ပါတယ်။ အဲသည်လိုလူမျိုးက မိမိကိုယ်ကိုလည်း အကြောင်းမဲ့ သနားမနေသလို သူများက သနားတာကိုလည်း မကြိုက်တတ်ကြပါဘူး။ တကယ်လည်း ဟုတ်တယ်လေ။

ကျွန်မက ကျွန်မကိုယ်ကျွန်မရော ကျွန်မထက်ငယ်တဲ့သူများကိုရော သတိပေးတတ်တဲ့ စကားရှိပါတယ်။ လူတွေထဲမှာ သနားလိုက်တာဟယ်၊ စိတ်မကောင်းလိုက်တာနော် ဆိုတဲ့စကားကိုပြောပြီး တစ်ဖက်သားမျက်ရည်ကို ချူယူချင်တဲ့လူအရေအတွက် အတော်ကလေးများတယ်။ အဲသည်တော့ကိုယ့်မှာ အခက်အခဲတစ်ခုခု စိတ်ဒုက္ခတစ်ခုခုကို ကြုံတွေ့နေရပြီလို့ဆိုရင် သူများရှေ့မှာ မျက်ရည်တစ်စက်မှ မကျစေနဲ့။ ကိုယ့်မျက်နှာကိုစေ့စေ့ကြည့်ပြီး ကိုယ့်ရဲ့မျက်နှာက အကြောတစ်ချောင်းချောင်းလောက်များ နာကျင်လို့ လှုပ်သွားတယ်ဆိုရင်တောင်မှ ရင်ထဲမှာ ဒိုးပတ်ဝိုင်းလှည့်နေတတ်တဲ့သူတွေအများကြီးရှိတတ်တယ်။ အဲသည်တော့ မျက်နှာကို ပုံမှန်အနေအထားနဲ့ နေတတ်အောင် ကြိုးစားလို့ သတိပေးတတ်ပါတယ်။

တကယ်တော့ ကျွန်မလို စိတ်တိုတတ်တဲ့သူများအတွက် အဲသည်လို နေနိုင်ဖို့ဆိုတာ တော်တော်ခက်ပါတယ်။ သို့ပေမယ့် အသနားမခံချင်ဘူးလေ။ ကိုယ့်ကိုယ်ကိုလည်း မသနားနဲ့။ အဲသည်လို အခြေအနေကနေပြီး လွတ်မြောက်



အောင် ကြိုးစားရမယ်ဆိုရင် ကိုယ်ရောစိတ်ပါသွင်းပြီး အလုပ်လုပ်လိုက်ပါ။ လုပ်သင့်တဲ့အလုပ်ကို ကြိုးစားပမ်းစား လုပ်လိုက်တာနဲ့ အလုပ်လည်းပြီးမယ်။ သောကလည်း ပြေပျောက်သွားမှာ သေချာပါတယ်။

အရေးကြီးတဲ့အချက်က မိမိစိတ်ကို အားလျော့စေတဲ့ ဆွေးမြည့်တဲ့ စိတ်ဓာတ်ကျတဲ့ လမ်းပျောက်တဲ့ နေရာကနေပြီး တက်ကြွတဲ့ မာန်ကြီးတဲ့ ခံနိုင်ရည်ရှိတဲ့ တည်ကြည်တဲ့နေရာကိုရောက်အောင် ကိုယ့်ဘာသာအားစိုက်ပြီး ကြိုးစားဖို့ လိုအပ်ပါတယ်။ ဘာဖြစ်လို့ သူများတကာက ကိုယ့်ရှေ့မှာ ကျောသပ်ရင်သပ်နဲ့ သနားတာကို လက်ခံပြီး မျက်ရည်ကျပြမလဲ။ ကိုယ့်ကို ကျောခိုင်းသွားတာနဲ့ သူ့မျက်နှာက ပြုံးဖြီးဖြီးကြီးဖြစ်သွားမှာသေချာတယ်။ ပြီးတော့ ကြားပြီးပလားလို့ မေးရင်း ကိုယ့်အတင်းကို ပြောဦးမှာလေ။

အဲသည်လိုဆိုတော့ လူတိုင်းဟာ ကိုယ့်မှာရှိတဲ့ပြဿနာကို ချပြလို့မဖြစ်လောက်အောင် ဆိုးနေသလားလို့ မေးရင် မဟုတ်ပါဘူးလို့ ဖြေရမှာပဲ။ ကိုယ့်ကို မချစ်နိုင်တဲ့ ကိုယ်ကြီးပွားတိုးတက်မှာကို မြင်ချင်နေတဲ့သူက ဟန်ကောင်းကောင်းနဲ့ ချော့ပြီး အောက်ကိုဆွဲချသွားမှာကို မလိုလားအပ်လို့ အဲသည်လိုလူမျိုးများကို ကိုယ့်ပြဿနာနဲ့ပတ်သက်လို့မသိစေသင့်ပါဘူး။ နောက်တစ်ချက်ကတော့ ကိုယ့်ကိုချစ်တဲ့ ကိုယ့်ကိုကောင်းစေချင်တဲ့ မိဘဆရာသမားများ မိတ်ဆွေကောင်းများကိုလည်း တော်ရုံတန်ရုံပြဿနာကို ဘာဖြစ်လို့ပြောရမလဲ။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကြောင့် သူတို့စိတ်ဆင်းရဲသွားရင် ကိုယ်က နောက်တစ်ဆ ပြန်ပြီးစိတ်ဆင်းရဲနေရဦးမယ်။ အရေးကြီးတာက ပြဿနာ ရှင်က ကိုယ်လေ။ ကိုယ်က ပြဿနာကို အသိဆုံးသူဖြစ်တယ်။ အဲသည်တော့ ပြဿနာကို အစုန်အဆန် သုံးသပ်စဉ်းစားရင် ကိုယ်နဲ့လိုက်ဖက်တဲ့အဖြေကို ကိုယ်သိနိုင်ပါတယ်။

ကိုယ့်ကိုချစ်တဲ့သူများက ပြဿနာကို သေသေချာချာ အရင်းအမြစ်ကို စစ်မကြည့်နိုင်ဘဲနဲ့ ကိုယ့်အတွက် နာကျည်းတဲ့စိတ် မခံချင်တဲ့စိတ်နဲ့ ပြဿနာထဲကို ဝင်ပါရင် ကိုယ့်မှာ ပိုပြီးစိတ်ရှုပ်စရာတွေကို ဖြစ်ပေါ်လာနိုင်ပါသေးတယ်။ တကယ် တော့ ပြဿနာတစ်စုံတစ်ရာနဲ့ ကြုံရပြီဆိုကတည်းက ကိုယ့်မှာ အားနည်းချက်ရှိနေလို့ပဲ ဖြစ်ပါတယ်။ အထူးသဖြင့်ကတော့ မသိနားမလည်မှု၊ အစွဲအလမ်းကြီးမှု၊ မတန်မရာ စွန့်စားမှု၊ မိမိပိုင်ဆိုင်တဲ့ အရာများကို ပိုင်ဆိုင်နေတုန်းက တန်ဖိုးကြီးတယ်ဆိုတာ သတိမထားမိလောက်အောင် ညံ့ဖျင်းမှုဆိုတဲ့ ကိုယ့်အားနည်းချက် အကြီးအသေးအလိုက် ပြဿနာများဟာ ဖြစ်ပေါ်လာရတာပါပဲ။

အဲသည်လို ပြဿနာများကြောင့်တော့ ကိုယ့်ဘဝကို ကိုယ့်ဘာသာကိုယ် ပြန်မထိန်းနိုင်တော့လောက်အောင် လက်လျှော့လိုက်ဖို့လည်း မလိုသလို နာကြည်းဆွေးမြည့်နေစရာလည်း မလိုပါဘူး။ ကိုယ့်အနေနဲ့ ဘာဖြစ်ချင်လဲ။ ဖြစ်ချင်တဲ့အတိုင်း ဖြစ်မလာနိုင်တော့ဘူးလား။ ဖြစ်မလာရင်လည်း တခြားနည်းတစ်နည်းနည်းနဲ့ ကိုယ့်ကိုယ်ကို တည်ဆောက်



ရမှာဖြစ်ပါတယ်။ ကိုယ့်ဘဝကိုတော့ အနစ်မွန်းခံလို့ မဖြစ်ပါဘူး။

ဘဝသေအောင် နေသွားဖို့ မဖြစ်သလို ဘဝကို ကိုယ့်ပယောဂနဲ့ကိုယ် အဆုံးသတ်မပစ်သင့်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်အသက်ကို ကိုယ်တစ်ယောက်တည်း မပိုင်လို့ပဲဖြစ်ပါတယ်။ ကိုယ့်ကို ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်ကစပြီး မွေးမြူပေးလိုက်တဲ့သူတွေဟာ ကိုယ်ကို သေချင်သေ ရှင်ချင်ရှင်ဆိုပြီး ပစ္စလက္ခတ်မွေးမြူလိုက်တာ မဟုတ်ပါဘူး။ သူ့အတိုင်းအတာနဲ့သူ မျှော်လင့်ချက်ကြီးကြီးထားပြီး ကြိုးစားပမ်းစား မွေးမြူလိုက်ကြတာ ဖြစ်ပါတယ်။ ကိုယ်က ကိုယ့်ဘဝကို မသေမသပ်နဲ့ ပစ်ထားလိုက်ရင်၊ ကိုယ့်ဘဝကို အနှမြောမရှိ အဆုံးသတ်ပစ်လိုက်ရင် ကျေးဇူးကြွေးတွေကို မျက်ကွယ်ပြုရာကျမှာ ဖြစ်ပါတယ်။

မွေးကျေးဇူး ကျွေးကျေးဇူးကို မဆပ်နိုင်သေးရင်တောင်မှ မွေးမြူပေးထားတဲ့ ကျေးဇူးဂုဏ်များကို ထောက်ထားပြီး မိမိအသက် မိမိဘဝကို ရှင်သန်အောင်မွေးမြူဖို့ သင့်ပါတယ်။ မိဘများဟာ သူများကိုလည်း ပြောရခက်ပြီး မသက်မသာခံစားနေရမယ်ဆိုရင် ကျေးဇူးကန်းရာကျပါတယ်။ အပြစ်ဖြစ်နိုင်ပါတယ်။ ဘယ်သူမျက်နှာမှ မထောက်ရင်တောင် မိဘမျက်နှာကိုတော့ ထောက်ပြီး မိမိကိုယ်ကိုမိမိ ရှင်အောင်မွေးစေချင်ပါတယ်။ မိဘပြီးတော့ ဆရာသမားများအကြောင်းကိုလည်း တွေးလိုက်ပါဦး။ ဆရာသမားများကလည်း မိမိတို့တပည့်

www.burmeseclassic.com

www.burmeseclassic.com



သားမြေးများကို မိမိတို့ထက်ပောင် ပိုမိုတိုးတက်စေချင်တဲ့ စေတနာနဲ့ သင်ကြားပေးလိုက်ကြပါတယ်။ အဲသည်ကျေးဇူးကို ပြန်လည်မဆပ်နိုင်သေးရင်တောင်မှ ဆရာသမားများ မျက်နှာ ပျက်ရမယ့်ကိစ္စကို မလုပ်သင့်ပါဘူး။ လောကကြီးမှာ အဖြစ်က မျိုးစုံပါတယ်။ ဘယ်လိုအဖြစ်မျိုးနဲ့ပဲ ရင်ဆိုင်ရသည်ဖြစ်စေ မိဂုဏ်ဘဂုဏ်ကို မထိခိုက်အောင် စောင့်ရှောက်နိုင်ဖို့ သူတို့ရဲ့အညွှန့်အညှောက်ဖြစ်တဲ့ မိမိကိုယ်ကို စောင့်ရှောက်ပါ။

## အတုယူမှားပြီး မိမိကိုယ်နဲ့ မိမိဘဝကို ဖျက်ဆီးမပစ်ကြနဲ့

သတင်းစာများထဲက သတင်းများဟာ လူငယ်များ စိတ်ကို များစွာလွှမ်းမိုးနိုင်တယ်ဆိုတာကို ကျွန်မငယ်ငယ်ကတည်းက လူကြီးတွေပြောတဲ့ စကားများထဲမှာ ကြားရဖူးပါတယ်၊ မှတ်သားရဖူးပါတယ်။ ဥပမာဆိုရင် ရည်းစားကို မိဘများက သူတစ်ပါးနဲ့ မင်္ဂလာဆောင်ပေးတယ်ဆိုရင် မင်္ဂလာအခမ်းအနားထဲဝင်ပြီး ကိုယ့်ရည်းစားကို ကိုယ်လုပြေးတာမျိုးကို လူငယ်တွေ သိပ်ကြိုက်တတ်ကြတာပေါ့။ နောက်တစ်မျိုးကျတော့ အတုယူမယ့်သာယူတယ်၊ သေတဲ့ကိစ္စဖြစ်နေပါတယ်။ ဘယ်နေ့ကဖြင့် မိန်းကလေးတစ်ယောက် ဘယ်တံတားပေါ်ကနေ ရေထဲကိုခုန်ချသွားတယ်ဆိုတဲ့ သတင်းကို ဟိုတုန်းက သတင်းစာများမှာ ထည့်သွင်းဖော်ပြပြီးတော့ ကိစ္စကမပြီးသေးပါဘူး။ ရည်းစားနဲ့ကွဲတာကြောင့်တို့၊ အဖေမဖော်နိုင်တဲ့ ကလေးကို မွေးရမှာရှက်တာကြောင့်တို့စသည်ဖြင့် အကြောင်းကလေးတွေပါ ထည့်ပေးတတ်ပါတယ်။ သေတာတောင် ကျန်ခဲ့တဲ့သူများလည်း အရှက်ကွဲတယ်။ အသက်ရော အရှက်ပါ ဆုံးရတတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်လောက် မကောင်းတဲ့အကြောင်းကို နောက်ပိုင်းမှာ သတင်းစာများထဲ ထည့်သွင်းဖော်ပြခွင့် ပိတ်လိုက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲသည်သတင်းများ ပါပြီးတဲ့နောက်မှာ ရေထဲခုန်ချတဲ့အမှုတွေ ပိုများလာလို့ ဖြစ်ပါတယ်။ ဒါ့အပြင် သေကြောင်းကြံစည်မှုများကို ရုပ်ရှင်များထဲမှာ ထည့်သွင်းဖော်ပြခွင့် ပိတ်လိုက်ပါတယ်။ ကျွန်မတစ်ယောက်တည်း အမြင်နဲ့ ပြောရရင် အဲသည်လို သေကြောင်းကြံစည်မှုပါဝင်တဲ့ ဇာတ်လမ်းများကို ပိတ်ပင်ထားတာ ကောင်းတယ်လို့ ထင်ပါတယ်။ လူငယ်များအနေနဲ့ သိပ်စိတ်ဓာတ်ကျတဲ့အခါမှာ မဟုတ်တာကို အဟုတ်ထင်ပြီး အတုခိုးမှားမှာ စိုးရလို့ဖြစ်ပါတယ်။

ကိုရီးယားဇာတ်ကားများကို ကျွန်မကြည့်ဖြစ်ပါတယ်။ အဲသည်လိုကြည့်တဲ့အခါမှာ ဆင်းဆင်းရဲရဲ ရုန်းကန်နေရပေမယ့် ကိုယ့်ကိုယ်ကိုယ် သေကြောင်းလည်း မကြံ၊ သူတစ်ပါး အမအစနဲ့ တိုးတက်ဖို့၊ ဒါမှမဟုတ် ထွက်ပေါက်ရဖို့လည်း မကြိုးစားဘဲ မိမိအင်အားနဲ့မိမိ တက်ကြွစွာ ရုန်းကန်လှုပ်ရှားတတ်ကြတဲ့ လူငယ်များအကြောင်းကို ကြည့်ရတာ သိပ်သဘောကျဖို့ကောင်းပါတယ်။

သို့ပေမယ့် ကိုရီးယားကားထဲမှာဖြစ်ဖြစ် တစ်ခါက ကြည့်ရတဲ့ ဂျပန်ကားထဲမှာဖြစ်ဖြစ် သူဌေးသားနဲ့ ဆင်းရဲသူကလေး ရတဲ့ဇာတ်တွေပါပါတယ်။ အဲသည်လိုအဖြစ်ဟာ ဖြစ်တောင့်ဖြစ်ခဲ ဖြစ်တတ်တာမို့ မစွန့်စားသင့်ကြောင်း ရေး



ခဲ့ပြီးပါပြီ။ မိန်းကလေးတွေ ကိုယ့်ကိုယ်ကိုယ် သတ်သေတဲ့အခန်းများပါတဲ့ ကိုရီးယားဇာတ်ကားတွေက ပြောစမှတ်ကလေးတွေ ဖြစ်နေလို့ အယူမမှားကြဖို့ သတိပေးတဲ့စကား ပြောချင်ပါတယ်။ မြန်မာပရိသတ်အတွင်းကို ထိုးဖောက်လာတဲ့ ဂျွန်စောတို့ အွန်စောတို့ပါတဲ့ ဇာတ်ကားကစပြီး ကိုယ့်ကို မချစ်နိုင်တဲ့သူကို ကိုယ့်ဘက်ပြန်ဆွဲချင်လို့ လက်ကောက်ဝတ်ကို ဓားနဲ့လှီးပြီး သေကြောင်းကြံတဲ့ မိန်းကလေးဇာတ်ရုပ်တစ်ရုပ်ပါလာပါတယ်။ သူကလည်း မသေအောင် သတ်သေတဲ့သူဖြစ်ပါတယ်။ စိတ်ပညာစာအုပ်များထဲမှာ မိမိကိုယ်ကို သတ်သေသူများဟာ တကယ်တော့ တခြားသူကို ဒုက္ခပေးချင်လို့ ကိုယ်လိုချင်တာကို ရချင်လို့ သတ်သေချင်ယောင်ဆောင်ကြတာပါပဲတဲ့။ တကယ်တမ်းသေချင်ရင် လူတွေ့နိုင်မယ့်နေရာ၊ သူချစ်နေတဲ့သူဆီကို သတင်းပြန်ရောက်မယ့်နေရာမှာ သေကြောင်းကြံမှာ မဟုတ်ပါဘူး။ အဲသည်ဇာတ်ကားထဲမှာ နောက်ဆုံးတော့လည်း သေကြောင်းကြံစည်တဲ့သူပဲ အရှုံးသမား ဖြစ်သွားရတာပါပဲ။

နောက်တစ်ခါ ကြည့်မိတဲ့ ဇာတ်ကားထဲမှာလည်း မိန်းကလေးတစ်ယောက်ဟာ သူက တစ်ပြန်စီး ပိုးပန်းနေတဲ့ ယောကျ်ားကလေးရဲ့အိမ်ရှေ့မှာ ကားရပ်ပြီး အိပ်ဆေးသောက်ခဲ့ပါတယ်။ နောက်တော့ ဆေးရုံကို ကောင်လေးက ပို့ပေးပါတယ်။ ဆေးရုံကိုသာ ပို့ပါတယ်။ ယောကျ်ားကတော့ မရပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



အခုနောက်ဆုံးရေးချင်တဲ့ သတ်သေသူကတော့ 'တုံ့မယူလို'ဆိုတဲ့ ဇာတ်ကားထဲမှာပါတဲ့ မိန်းကလေးက သူနဲ့အပြန်အလှန်ချစ်နေကြတဲ့ ငယ်ချစ်ကောင်လေးက သူ့ကိုရှောင်နေတာကို သူကစိတ်ဆိုးတယ်။ ကောင်လေးက သူ့ကို မိန်းကလေးအမေက ဘယ်လိုမှ သဘောကျမှာမဟုတ်ဘူး။ သူဟာ ရဲမှတ်တမ်းမှာလည်း လူဆိုးစာရင်းဝင်သွားပြီဆိုတော့ သူနဲ့ဖြတ်လိုက်တာက မိန်းကလေးအတွက် ပိုကောင်းမယ်ဆိုပြီး ဖျောင်းဖျပါတယ်။ မိန်းကလေးက ရှင် ကျွန်မကို မမြင်ချင်ရင် နောက်ကို မမြင်စေရပါဘူးလို့ ပြောပြီး လှည့်ထွက်သွားပါတယ်။ ပြီးမှ ရေထဲဆင်းသေမယ်ဆိုပြီး ရေထဲဆင်းသွားတာကိုး။ သူတို့ရေကလည်း တိမ်ပါတယ်။ တော်တော်ကြာသွားနေတာတောင် မိန်းကလေးရဲ့ခါးလောက်ထိ ရေမမြုပ်သေးပါဘူး။ ကောင်ကလေးကလည်း ယောင်လည်လည်နဲ့ ထွက်သွားပြီး မော်တော်ဆိုင်ကယ်ပေါ်ကို မတက်ခင်မှာ လှည့်ကြည့်လိုက်ပါတယ်။ မိန်းကလေးကို မမြင်တော့မှ ပြူးပြူးပျာပျာနဲ့ လှည့်ကြည့်တော့ ရေထဲကိုရောက်နေတာ တွေ့လိုက်ပါတယ်။ ချက်ချင်းလိုက်ဆယ်ရတာပေါ့။ ကမ်းပေါ်ရောက်တော့ စိုရွှဲနေတဲ့ကြားက ငိုရင်း ရန်တွေ့နေတဲ့မိန်းကလေးကို ကြည့်ရင်း ကျွန်မစိတ်ထဲမှာ တွေးမိတာက အင်း ဇာတ်ကားထဲမှာလည်း ဖြစ်တယ်၊ ကောင်လေးကလည်း ခွဲကြစို့လို့သာ ပြောရတယ်။ သူကိုယ်တိုင်ကလည်း ကောင်မလေးကို သိပ်ချစ်တဲ့သူဖြစ်တယ်။ ပြန်လှည့်ကြည့်မိတာကလည်း မြန်ပေလို့ပဲ။ နို့မဟုတ်ရင်တော့ သေသွားနိုင်တယ်လို့ စဉ်းစားမိပါတယ်။



ကိုယ့်ကို မချစ်နိုင်လို့ ခွာသွားတဲ့သူဟာ သိပ်ချစ်ပါလျက် ခွာသွားသူရှိသလို သိပ်ချစ်ပါတယ်၊ ဒါပေမဲ့ အမေ့ကို ကြောက်တယ်ဆိုတဲ့ မဟုတ်တဲ့စကားကို မျက်ရည်ခံထိုးပြီး ပြောရင်း ခွာချင်လို့ ခွာသွားတဲ့သူလည်း ရှိပါတယ်။ အဲသည်စကားမျိုးကို မိန်းကလေးကဖြစ်ဖြစ် ယောက်ျားကလေးကဖြစ်ဖြစ် ပြောတတ်ပါတယ်။ ချစ်လျက်နဲ့ ခွဲရတာပါဆိုတဲ့စကားဟာ တကယ်တော့ ယုံစရာလည်း မဟုတ်ပါဘူး။ အကြောင်းအကျိုး ဆက်စပ်တွေးတောပြီးမှ ခွဲသင့်လို့ ခွဲတဲ့သူဟာ ဘယ်တော့မှ တစ်ဖက်သားကို အဲသည်လို စိတ်ဆင်းရဲကျန်ရစ်စေမယ့် စကားကို မပြောတတ်ပါဘူး။

စိတ်အားငယ်တတ်တဲ့သူများကို စိတ်ဒုက္ခပေးချင်လို့ မျက်ရည်ကျပြတတ်တဲ့သူများဟာ ကျန်ရစ်ခဲ့တဲ့သူ ဘာပဲဖြစ်ဖြစ် ဂရုစိုက်မယ် မထင်ပါလေနဲ့။ အဲသည်တော့ မိန်းကလေးရော ယောက်ျားကလေးပါ စဉ်းစားရမယ့်အချက်က သွေးပူနေတုန်းမှာ ဘယ်လိုဆုံးဖြတ်ချက်မှ မချဘဲ (အထူးသဖြင့် သတ်သေဖို့ မစဉ်းစားဘဲ) စိတ်ကိုတည်ငြိမ်အောင် ထိန်းထားဖို့ကိစ္စက အရေးကြီးတယ်။ ဘယ်သူ့ကို ပြောပြပြီး စိတ်ငြိမ်အောင် ကူညီပါလို့ အကူအညီတောင်းရမလဲဆိုတာကို သေသေချာချာ စဉ်းစားဖို့ လိုအပ်ပါတယ်။ ကလျာဏမိတ်ဆွေ မဖြစ်နိုင်တဲ့သူများကိုတော့ စကားဦးတောင်မှ မသန်းပါလေနဲ့။ ဘယ်သူ့ကိုမှ စိတ်ချလက်ချ မတိုင်ပင်နိုင်ဘူးဆိုရင် ကိုယ့်ကိုယ်ကိုသာ အားကိုးပါ။ ပထမဆုံး စိတ်တည်ငြိမ်သွားပြီဆိုရင် လုပ်လက်စအလုပ်များထဲကို စိတ်အာရုံစိုက်ပြီး လုပ်စေချင်ပါတယ်။

www.burmeseclassic.com



တစ်ခုတော့ ရှိတာပေါ့လေ။ ဘာကိုမှ မယ်မယ်ရရ မလုပ်တဲ့သူများမှာ အချိန်ပိုတွေ ရှိနေတတ်ပါတယ်။ အဲဒါကြောင့် နိုင်ငံကြီးများက နာမည်ကျော် မင်းသား မင်းသမီး (အစစ်တွေ) တောင်မှ မဟုတ်တဲ့အလုပ်ကို လုပ်ရင်း ဘဝသေသွားတာတွေ အသက်ပါဆုံးရှုံးသွားတာတွေ ရှိတတ်ပါသေးတယ်။ အဲသည်လိုဖြစ်တာက အပြည့်စုံကြီး ပြည့်စုံနေတာကြောင့် တာဝန်ဆိုတာ မသိတတ်တော့ဘဲ စိတ်လေသွားတာရယ်၊ ငွေကြေးအရှိန်အဝါနဲ့ လုပ်ချင်ရာကို လုပ်ခွင့်ရနေတာကြောင့် စိတ်သာမက လူပါလေသွားတာပါပဲ။ လေတယ်ဆိုရင် လွင့်တတ်ပါတယ်။

အရေးကြီးတာက ဘဝတန်ဖိုးကို အပြည့်အဝနားလည်တဲ့သူ တန်ဖိုးအပြည့်ရအောင် နေထိုင်ချင်တဲ့သူ ဖြစ်ရပါမယ်။ အဲသည်လိုဆိုရင် တစ်ယောက်ယောက်က ကိုယ့်ကိုပစ်သွားရင်လည်း ဩော် ဒါမျိုးကို ငါတစ်ယောက်တည်း ကြုံရတာမှ မဟုတ်ဘဲပဲ။ အဲ ငါကတော့ သူများလို အရှုံးမပေးဘဲ ဘဝတန်ဖိုးကို အပြည့်ယူပြနိုင်စွမ်းရှိတဲ့သူ ဖြစ်တယ်ဆိုတာ ပြရသေးတာပေါ့လို့ စိတ်ကိုထိန်းပြီး အားအင်ထုတ်ကာ အလုပ်လုပ်လိုက်စမ်းပါ။

ကိုယ်က တက်လေလေ ကိုယ့်ကို စွန့်ပစ်ခဲ့တဲ့သူက လွတ်တဲ့ငါး ကြီးလေလေဖြစ်ကာ နောက်ဆုံးတော့ သူသေသွားပါလိမ့်မယ်။ လူမသေလည်း ဘဝသေလိမ့်မပေါ့။ ကိုယ့်ဘက်ကတော့ သူသေလေသလား၊ ရှင်လေသလားတောင်မှ



ခေါင်းထဲမထည့်နဲ့တော့၊ ခွဲကတည်းက တစ်ခါတည်းသေပြီလို့သာ အောက်မေ့လိုက်တော့။ မတော်လို့ လာတွေ့ရင်လည်း တစ္ဆေဆိုတာ ရှိသေးသကိုးလို့သာ တွေးလိုက်စမ်းပါလို့ ပြောချင်ပါတယ်။ အရေးကြီးတာကတော့ တရားသောနည်းနဲ့ ကိုယ့်ဘဝကို ရှင်သန်အောင် ကိုယ့်အသက်ကို ရှင်သန်အောင် မွေးမြူဖို့ပဲ ဖြစ်ပါတယ်။ ဒါမှလည်း မိဘကျေးဇူးသိတတ်တဲ့ လူစင်စစ် ဖြစ်လာပါမယ်။

www.burmeseclassic.com

www.burmeseclassic.com

# မသေလို့ ပျော်ရ သြော် ကောင်းစွတကား

အရင်တစ်ပတ်က ရေးခဲ့တဲ့အထဲမှာ လူ့ဘဝဆိုတာ ပြည့်စုံနိုင်ခဲလို့ လိုတရနေတဲ့ ပုံပြင်ဆန်သောဘဝကို ပိုင်ဆိုင်သူ သူဋ္ဌေးကတော်များ၊ မင်းသမီးများဟာ မလျော်သောသေခြင်းနဲ့ သေခဲ့ကြရတဲ့အကြောင်း တင်ပြခဲ့မိပါတယ်။ သူတို့မှာက စိတ်ချမ်းသာခြင်းကလွဲလို့ ကျန်တဲ့ပိုင်ဆိုင်မှုများကတော့ ဆယ်သက်စားတောင် မကုန်အောင်ဖြစ်နေပါတယ်။ ကားစီးရတာများ ပျင်းတောင်ပျင်းသေးတယ်လို့ ပြောနိုင်လောက်အောင် ကိုယ်ပိုင်လေယာဉ် အသေး အကြီး၊ ရဟတ်ယာဉ်စသည်တို့နဲ့ သွားလာနေနိုင်ပါတယ်။ အခုတလောမှာ ဂြိုဟ်တုသတင်းတစ်ခုက မှန်မှန်ထုတ်လွှင့်နေတဲ့ မိုက်ကယ်ဂျက်ဆင်ရဲ့ အကြောင်းကို ကြည့်ရင်လည်း အားကျစရာမကောင်းလောက်အောင် ချမ်းသာကြွယ်ဝနေတာကို မြင်ရပါတယ်။ အားကျစရာမကောင်းဘူးဆိုတာ မဟုတ်တာပြောတယ်လို့များ မထင်ပါလေနဲ့။ ဘယ်အရာမဆို လိုတာထက် ပိုတယ်ဆိုရင် မကောင်းတတ်ပါဘူး။ မိုက်ကယ်ဟာ ပြည့်စုံလွန်းတော့လည်း အရေးအကြီးဆုံးကိစ္စမှာ လမ်းချော်နေပါတယ်။ အဲဒါကတော့ ပုံမှန်မဟုတ်တဲ့ အကျင့်အကြံများ များလာတာပါပဲ။ လူအများ



လက်မခံတဲ့ အကုသိုလ်မှုများကို လုပ်မိတဲ့သူဟာ မဟုတ်ပါဘူးလို့ ဘယ်လောက်ပဲ ငြင်းနေသည်ဖြစ်စေ စိတ်ချမ်းသာမှုကင်းနေတယ်။ သူလုပ်တဲ့အလုပ်တွေဟာ သူများစွပ်စွဲသလို မဟုတ်ပါဘူးလို့ သူ့ကိုယ်သူ ကာကွယ်တဲ့စကားကိုသာ ပြောနေပေမယ့် အားမရှိဘူးဆိုတာ သိသာနေပါတယ်။

အဲသည်လိုအဖြစ်များစွာဟာ သူတို့ဆီက ချမ်းသာပေ့ဆိုတဲ့သူများရဲ့ ဘဝများထဲက ဟာကွက်ကြီးများ ဖြစ်ပါတယ်။ အဲသည်လို ချမ်းသာကြွယ်ဝသူ ထင်ရှားကျော်ကြားသူများရဲ့ အကြောင်းကို ဖတ်ဖူးတော့လည်း တယ်ကြောက်စရာ ကောင်းပါ့ကလား။ ငွေကြေးများစွာဝင်တဲ့ အနုပညာသည်တွေ၊ သူဋ္ဌေးကြီးတွေဟာ သူတို့ရဲ့လုံခြုံရေးအတွက် ငွေကြေးများစွာ အကုန်အကျခံပြီး သက်တော်စောင့်များ ငှားထားရပါတယ်။ သတ်တဲ့သူများဘက်ကလည်း အကြောင်းပြချက်အမျိုးမျိုးနဲ့ သတ်တယ်ဆိုတာကို ဖတ်ရဖူးပါတယ်။ တချို့ကဆိုရင် သိပ်သဘောကျပြီး ကိုးကွယ်တဲ့စိတ်နဲ့နေရင်း စိတ်ရူးထပြီး သတ်တာဆိုတော့ တော်တော်ကာကွယ်ရခက်တာပါပဲ။ အဲသည်လို သက်တော်စောင့်များ ငှားရုံမက စိတ်ဆင်းရဲတာကို ဖြေဖျောက်နိုင်ဖို့ စိတ်ရောဂါကု ဆရာဝန်များနဲ့ တွေ့ကြရပါတယ်။ ပြီးတော့လည်း ကိုယ်အဆင့်နဲ့ လိုက်လျောအောင် ဖော်ရဆင်ရတာကလည်း ငွေကြေးများစွာ ကုန်ကျပါတယ်တဲ့။ အဲသည်တော့ သူတို့ဆီမှာလည်း ဝင်တော့စည်တီး ထွက်တော့ ခေါင်းမြီးခြုံ ဆိုတဲ့အဖြစ်တွေ အများကြီးရှိပါတယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်လို ကြွယ်ဝပြီး ရုပ်ဝတ္ထုအနေနဲ့ အဘက်ဘက်က ပြည့်စုံပေဆိုတဲ့သူတွေဟာ စိတ်ချမ်းသာမှုမရှိပါဘူး။ အဲသည်တော့ စိတ်ချမ်းသာနိုးနိုးနဲ့ စိတ်ကိုလွှတ်ပြီး အာရုံများ ခံစားလေလေ စိတ်ဒုက္ခရောက်လေလေ ဖြစ်နေပါတယ်။ အဲသည်လိုဖြစ်ရတာကလည်း လူ့သဘာဝကို နားမလည်နိုင်လို့ ဖြစ်ပါတယ်။ လူ့ဘဝရဲ့ သဘာဝကိုက ပြည့်စုံနိုင်ခဲတယ်ဆိုတာကို မသိကြပါဘူး။ လိုအပ်လာရင် တင်းတိမ်ရောင့်ရဲတတ်တဲ့စိတ်ကို မွေးမြူတတ်ရမယ် ဆိုတာကိုလည်း မသိကြပါဘူး။ အဲသည်တော့ စိတ်အေးချမ်းမှု ကင်းနေတတ်ကြတာပါပဲ။ အဲသည်တော့ တချို့သော စည်းစိမ်ရှင်များဆိုရင် ဆေးစွဲနေကြပါတယ်။ အရက်သေစာ စွဲနေတတ်ပါတယ်။

အဲသည်လိုပြောလို့ ချမ်းသာတာ မကောင်းဘူးလို့ ဆိုလိုတာမဟုတ်ပါဘူး။ ချမ်းသာအောင် ကြိုးစားရင်း တစ်ဖက်က ပြန်လည်စွန့်လွှတ်ဖို့ စိတ်အင်အားလိုပါတယ်။ မိမိတို့လို ငွေရေး ကြေးရေးအရ အဆင်မပြေတဲ့သူများအတွက် စာနာတဲ့သဘောနဲ့ ပြန်လည်စွန့်လွှတ်ပေးကမ်းနိုင်မယ်။ လှူဒါန်းနိုင်မယ်ဆိုရင် တင်းကျပ်တဲ့စိတ်မျိုးကို ခံစားသည်ပိုးနေရမှာ မဟုတ်ပါဘူး။ ပီတိကြောင့် စိတ်သက်သာသွားကြရမှာ ဖြစ်ပါတယ်။ ဘယ်လိုပဲ ကုစားနေသည်ဖြစ်စေ ဘဝမှာတော့ စင်းလုံးချော မဖြစ်နိုင်တာ များပါတယ်။ အဲသည်လို စင်းလုံးမချောတဲ့အခါမှာ သည်းခံစိတ်မွေးပြီး စိတ်အေးအောင် နေတတ်ကြရမှာ ဖြစ်ပါတယ်။



ကျွန်မတင်ပြခဲ့တာတွေက ယေဘုယျဆန်လွန်းနေတဲ့အတွက် တချို့က တရားတွေလာဟောနေတယ်။ တကယ်တော့ ပစ္စည်းချမ်းသာတယ်ဆိုရင် စိတ်လည်းချမ်းသာမှာပေါ့လို့ ပြောချင်ကြပါလိမ့်မယ်။ အဲဒါကြောင့် ဥပမာပေးချင်ပါတယ်။ အင်မတန်မှ ချမ်းသာတဲ့ အရစ္စတိုတယ် ဆိုကရေးတီး အိုနားဆစ်ဆိုရင် မသိတဲ့သူ မရှိလောက်ပါဘူး။ သူဟာ အောက်ခြေကနေပြီး တက်လာတဲ့သူဖြစ်ပါတယ်။ သူဟာ ပထမဇနီးသည်ကို အပျိုမဖြစ်ခင်ကတည်းက ပိုးပန်းတဲ့သဘောနဲ့ ပန်းခြင်းပို့တာတို့ လက်ဆောင်ပို့တာတို့တွေ လုပ်နေတော့ အဲသည်ကလေးမရဲ့ဖခင်ဖြစ်သူ သူဌေးကြီးက ငါ့သမီးဟာ ကလေးပဲရှိသေးတယ်ကွလို့ ပြောပါသတဲ့။ အဲသည်တော့ သူဌေးကလေးအိုနားဆစ်က ကျွန်တော်စောင့်ပါမယ်ခင်ဗျာလို့ ပြောပြီး နှစ်အတန်ကြာစောင့်ကာ သူကလေးနဲ့ လက်ထပ်ထိမ်းမြားပြီး ယူခဲ့ပါသတဲ့။ သိပ်လှပတဲ့ နတ်သမီးပုံပြင်တစ်ပုဒ် ဖြစ်ပါတယ်။ သို့ပေမယ့် ကလေးနှစ်ယောက်ရတဲ့အခါမှာ သူတို့ကွာရှင်းကြပါတယ်။ အဲသည်အမျိုးသမီးဟာ နောက်အိမ်ထောင်ပြုပါတယ်။ သူကလည်း သူဌေးသမီး၊ သူဌေးဇနီးဟောင်းဖြစ်တော့ ကြွယ်ဝပါတယ်။ နောက်ထပ်ထိမ်းမြားတဲ့သူကလည်း မြို့စားတစ်ယောက် ဖြစ်ပါတယ်တဲ့။ မင်းညီမင်းသား အနွယ်တော်ပေါ့နော်။ အမျိုးသမီးအမည်ရှေ့မှာတောင်မြို့စားကတော်ဆိုတဲ့ ဂုဏ်ပုဒ်ကိုထည့်ပြီး ရေးကြ ပြောကြရပါတယ်။ အဲသည်လိုဆိုတော့ ပထမပုံပြင် ပျက်

www.burmeseclassic.com



သွားတယ်ဆိုရင်လည်း မထောင်းသာလှဘူးလို့ ဆိုရပါမယ်။ သို့ပေမယ့် အဲသည်အမျိုးသမီးဟာ သူ့ကိုယ်သူ သတ်သေလိုက်ပါတယ်တဲ့။ ကိုင်း အဲသည်လောက်ဆိုရင် ချမ်းသာတဲ့သူတိုင်း သောကမကင်းဘူးဆိုတာကို သဘောပေါက်နိုင်လောက်ပါတယ်။

သူ့သမီး ခရစ်တီနာ အိုနားဆစ်ကလည်း ဖခင်ကြီးရဲ့ အချစ်တော်ဖြစ်တဲ့အတွက် သူတို့ပိုင် ဇိမ်ခံသင်္ဘောကြီးကို တောင်မှ ခရစ်တီနာလို့ အမည်ပေးထားခဲ့ပါသတဲ့။ သူတို့မှာ စကော်ပီယံလို့ခေါ်တဲ့ ကျွန်းကလေးတစ်ကျွန်းကို အပိုင်ဝယ်ထားပါတယ်။ နေချင်တဲ့အချိန်မှာ သွားနေဖို့ ဖြစ်ပါတယ်။ ကုန်သင်္ဘောအုပ်စုကြီးကလည်း အကြီးကြီးပိုင်ပါတယ်။ လေယာဉ်ကုမ္ပဏီလည်း ရှိပါသေးတယ်။ ဘယ်လောက်ချမ်းသာတယ်ဆိုတာ ပြောမပြနိုင်လောက်အောင်ပါပဲ။ ဖြစ်ချင်တော့ ခရစ်တီနာရဲ့အစ်ကိုက သူတို့ပိုင် လေယာဉ်ကုမ္ပဏီက လေယာဉ်ကို စီးပြီး ခရီးထွက်တဲ့အခါ လေယာဉ်ပျက်ကျလို့ သေဆုံးသွားပါတယ်။ အဲသည်တော့ ခရစ်တီနာတစ်ယောက်ပဲ ဖခင်ကြီးအနီးမှာ ကျန်ရစ်ခဲ့ပါတယ်။ သူဟာ စိတ်မချမ်းသာစရာတစ်ခုနဲ့ ထပ်ပြီးကြုံရပြန်ပါတယ်။ သူ့ဖခင်ဟာ အမေရိကန် သမ္မတကတော်ဟောင်း ဂျက်ကလင်းနဲ့ လက်ထပ်လိုက်ပါတယ်။ ဖခင်နဲ့သမီးအကြားမှာ စိမ်းသွားပါတယ်။ အဲသည်နောက်တော့ ခရစ်တီနာက ယောကျ်ားတစ်ယောက်ပြီး တစ်ယောက် ယူပါတော့တယ်။ တစ်ယောက်ပြီး တစ်ယောက်နဲ့



ကွဲပါတယ်။ နောက်ဆုံးတော့ သူပိုင်ကျွန်းတို့ အိမ်တို့ အများကြီးရှိပါလျက်နဲ့ အာဂျင်တီးနားမှာရှိတဲ့ သူငယ်ချင်း တစ်ယောက်ရဲ့ အိမ်မှာ နှလုံးရောဂါနဲ့ ရုတ်တရက်ဆုံးပါးသွားခဲ့ပါတယ်။ အသက်က လေးဆယ်မပြည့်သေးပါဘူး။

ကျားကြီးရင် ခြေရာကြီးပါသတဲ့။ လုပ်ချင်ရာကို လုပ်နိုင်တိုင်း လိုက်လုပ်ရင်း လူရောစိတ်ရော ပင်ပန်းလွန်းလို့ သေဆုံးသွားရတာပါပဲ။ စိတ်ဆိုတာက လိုချင်တာကို အမြဲရနေရင်လည်း လောဘက ရပ်ပြီးသွားတယ်၊ အနားသတ်ပြီးသွားတယ်လို့ မပြောနိုင်ပါဘူး။ လောဘစိတ်ကို မိမိဘာသာ သတ်ပါမှ ဒေါသက နောက်ကလိုက်မလာမှာဘဲ နေမှာဖြစ်ပါတယ်။ ရုပ်ဝတ္ထုပစ္စည်းနဲ့ စိတ်ကိုခေတ္တခဏသာ နှစ်သိမ့်နိုင်မှာ ဖြစ်ပါတယ်။ နောက်တော့ အသစ်လိုချင်ဦးမှာပါပဲ။ ကိုယ့်ဘာသာကိုယ် ကလနားသတ်ပြီး မရပ်လို့ကတော့ ဆုံးမှာမဟုတ်တော့ပါဘူး။ လောဘမဆုံးတော့ အသက်ဆုံးတာ မြန်မှာပါပဲ။

တကယ်တော့ လူတိုင်းမှာ သေချင်ပက်ကျိဖြစ်တယ်လို့ ပြောနိုင်တဲ့ အကျပ်အတည်းတွေ ရှိတတ်ပါတယ်။ အဲသည် အကျပ်အတည်းများကြောင့် သေတောင်မှ သေချင်တယ်ဆိုတဲ့ စိတ်မျိုး ဖြစ်ပေါ်လာတတ်ပါတယ်။ ထွက်ပေါက်အမှန်ကို မရနိုင်တော့ ဖြစ်သလိုတိုးထွက်ချင်တဲ့ သဘောဖြစ်ပါတယ်။ အဲသည်လို ပြဿနာများပေါ်ခဲ့ရင် မိမိတို့ကိုးကွယ်ယုံကြည်မှု အလိုက် စိတ်ကို နှစ်သိမ့်အေးချမ်းစေတဲ့ အဆုံးအမများကို ခံယူစေလိုပါတယ်။ စိတ်ကိုဖြေလျှော့တဲ့နည်းတွေကို သုံးစေ

www.burmeseclassic.com

www.burmeseclassic.com



လိုပါတယ်။ ကလျာဏမိတ္တများနဲ့ တွေ့ဆုံစေချင်ပါတယ်။ အများသူငါ ဘယ်လိုများနေကြပါလိမ့်လို့ လေ့လာစူးစမ်းစေလိုပါတယ်။ အဲသည်လိုနဲ့ ထွက်ပေါက်မဟုတ်တဲ့ နေရာကနေပြီး တိုးထွက်တဲ့နည်းလမ်းကို မေ့သွားမှာဖြစ်သလို ကိုယ်က အကြီးကြီးထင်နေတဲ့ ပြဿနာကလည်း သူ့အလိုလို အထုံးများပြေပြီး အဆင်ပြေသွားပါလိမ့်မယ်။

ဘဝဆိုတာ ရေသေကန်လိုမျိုးမှ မဟုတ်တာ။ ကိုယ့်ဘာသာကို တိုးတက်အောင် ကြိုးစားနေတဲ့သူများအဖို့ ဘဝဟာ အမြဲရှင်သန်ပြောင်းလဲနေတာကလား။ အဲသည်တော့ တစ်ချိန်ချိန်မှာ ကိုယ်မျှော်လင့်မထားတဲ့ တစ်ဆစ်ချိုးအကွေ့မျိုးများနဲ့ ကြုံပြီး တိုးတက်ပြောင်းလဲသွားနိုင်ပါတယ်။ ပျော်စရာတွေ တစ်ပုံတစ်ပင်နဲ့ ကြုံတွေ့နိုင်ပါတယ်။

အဲသည်တော့ မိတ်ဆွေများ ဆွေမျိုးများအချင်းချင်း မတွေ့ရတော့ဘူးလို့ ထင်နေတာကနေပြီး ပြန်တွေ့ရတဲ့အခါ မသေလို့တွေ့ရ မေ့နိုင်ပါ့မလားလို့ ပြောပြီး ဝမ်းသာကြရပါတယ်။ မသေလို့ တွေ့ရ မေ့နိုင်ပါ့မလားဆိုတဲ့ စကားအသွားအလာလို မသေလို့ပျော်ရ သြော် ကောင်းစွတကားလို့ ပြောမိကြမှာ သေချာ ပါတယ်။ မပြောချင်ရင်တောင်မှ တော်သေးရဲ့ စိတ်ညစ်တုန်းက မသေဖြစ်လို့ တော်သေးတာပေါ့လို့ တွေးမိကြမှာ သေချာပါတယ်။

## မသတ်ဘဲနဲ့လည်း သေတတ်တယ်

လူ့အသက်ဆိုတာ ရခဲတယ်။ အဖိုးတန်တယ်။ ဘယ်လောက် တန်ဖိုးရှိသလဲဆိုရင် တန်ဖိုးဖြတ်လို့တောင် မရအောင် တန်ဖိုးရှိတယ်လို့ ပြောရမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အသက်ဆိုတာကို လုပ်ယူလို့မှ မရဘဲပဲ။ အသက်က သေသွားရင် ပြန်သွင်းလို့ရတယ်လို့ ဆိုတာကလည်း ပုံပြင်တွေထဲမှာသာ တွင်ကျယ်တာပါ။ လက်တွေ့မှာတော့ ဆုံးသွားပါပြီလို့ ခေတ်မီနည်းများနဲ့ စမ်းသပ်ပြီးလို့ ဆရာဝန်များက ဆုံးဖြတ်ပြီးရင် ဆရာရယ် မသေပါစေနဲ့။ မသေအောင် လုပ်ပေးပါနော်လို့ လူနာရှင်က သွေးရူးသွေးတန်းနဲ့ တောင်းပန်ရင်တောင်မှ ဆရာဝန်က သတိထားပါခင်ဗျာလို့ သတိပေးရုံကလွဲလို့ ဘာမှ တတ်နိုင်မှာ မဟုတ်ပါဘူး။

ခေတ်နောက်ကျတဲ့နေရာများမှာ အသက်က သိပ်ရှည်နေပြီး အစားအသောက်များလည်း ကျွေးတိုင်းစားတဲ့သူ အိုမင်းမစွမ်းဖြစ်နေတယ်ဆိုရင်တောင်မှ ဖုတ်ဝင်နေတာလားလို့ ထင်တတ်ကြသေးတာပါ။ ဖုတ်ဝင်တယ်ဆိုတာလည်း သေသေချာချာ လေ့လာမယ်ဆိုရင် ပြောကြတာပဲဆိုတဲ့ မရေမရာ စကားကို ပြန်ကြားရမှာ ဖြစ်ပါတယ်။ ကျွန်မတော့ အနားကိုလာတဲ့သူ

www.burmeseclassic.com

www.burmeseclassic.com



တွေဆိုရင် ဖုတ်ဝင်တဲ့သူတွေက လက်ကလေးနဲ့ လျှောက်ပြီး စမ်းနေတတ်တယ်လို့ ဆိုတဲ့စကားကို ကြားတာနဲ့ ငါတော့ အသက်ကြီးရင် သတိထားမှပဲလို့ စဉ်းစားမိပါတယ်။ အသက်ကြီးတဲ့သူက အားငယ်နေလို့ လျှောက်ပြီးစမ်းနေတာ ဖြစ်ပါလိမ့်မယ်။ ဖုတ်သွေးစုပ်နေတယ်လို့ ပြောလို့မဖြစ်ပါဘူး။

နောက်တစ်ခုလည်း ပြောစရာရှိပါသေးတယ်။ တောရွာများမှာ သေတယ်ဆိုပြီး သတ်မှတ်တယ်ဆိုတာ ကျွမ်းကျင်တဲ့သူက သတ်မှတ်တာ ဟုတ်ချင်မှဟုတ်မှာဆိုတော့ ပြန်ပြီး ထလာတဲ့သူများ ရှိတတ်ပါတယ်။ စိတ်ဆင်းရဲစရာကောင်းတာက အသုဘချသွားပြီး သုသာန်အရောက်မှာ ခေါင်းကို ပြန်ဖွင့်ကြည့်ခါမှ ပြန်ပြီးသတိရနေတဲ့ လူနာက ထလာခဲ့လို့ လူတွေက ပြေးကြရတာလည်း ကြားဖူးပါတယ်။ ပရိသတ်ထဲမှာ သိတတ်နားလည်သူ သြဇာရှိသူများပါရင်တော့ ဝိုင်းပြီး ခဲနဲ့ပေါက်တာကို တားမြစ်မှာပဲ။ များသောအားဖြင့်တော့ ပြန်ထလာတဲ့သူဟာ သူမသေသေးပါဘူးလို့ ဘယ်လောက်ပဲ ပြောပြော လူတွေက သွေးရူးသွေးတန်းနဲ့ ခဲနဲ့ပေါက်ကြတာကြောင့် သေရရှာတယ်လို့လည်း တစ်ခါမက ကြားခဲ့ဖူးပါတယ်။ လူတွေဟာ သေခြင်းကို အဲသည်လောက် ကြောက်တတ်တာပါ။

တစ်ခါတုန်းက ဆရာတော်တစ်ပါးနဲ့ သေခြင်းအကြောင်းကို လျှောက်ထား ပြောဆိုနေခဲ့ဖူးပါတယ်။ ဆရာတော်က ကိုယ်တွေ့ဖြစ်ရပ်ကလေးကို မိန့်တော်မူပါတယ်။ မြို့တစ်မြို့မှာ



တရားသွားဟောရင်း အသုဘကိုဖိတ်တော့ မြို့ခံကျောင်းက ဆရာတော်များနဲ့အတူ ကြွခဲ့ပါတယ်တဲ့။ သုသာန်ထဲလည်း ဝင်ရော နောက်တစ်ခါလာဦးမလားလို့ အသံနေအသံထားနဲ့ လူတစ်စုကအော်ပြီး နောက်က ခေါင်းထမ်းလာတဲ့သူတွေဆီကို ခဲနဲ့ပေါက်ကြပါလေရောတဲ့။ ခေါင်းထမ်းလာတဲ့သူများက လည်း မလာပါဘူး။ မလာတော့ပါဘူးလို့ ပြန်အော်ပါသတဲ့။

ဘုန်းကြီးတို့ဆီကို ခဲတွေရောက်လာတော့ ခေါင်းပြောင်ပြောင်တွေပေါ် ခဲကျရင် မလွယ်လှဘူးလို့ တစ်ဦးနဲ့ တစ်ဦး သတိပေးရင် ခပ်သုတ်သုတ်ကြွခဲ့ရတယ် ဒကာမကြီး။ နောက်မှမေးကြည့်တော့ သေခြင်းတရားကို နောက်တစ်ခါ မလာအောင် တားမြစ်တာဆိုပဲ။ ဪ ခက်လိုက်တာနော်။ ရပ်ဓလေ့ ရွာဓလေ့ကို တားမြစ်ရလည်းအခက်။ တကယ်တော့ အဲသည်လို ခဲနဲ့ပေါက်နေတဲ့ကြားက သေနေကြတာဟာ လူနေကျပ်ရင် ကျပ်သလို စိပ်တာပါပဲ။ သေခြင်းဆိုတဲ့ တရားက လူပုဂ္ဂိုလ် နတ်ပုဂ္ဂိုလ်လို သတ္တဝါမှမဟုတ်ဘဲ။ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝဆိုတာ သတ္တဝါများ မရှောင်နိုင်တဲ့ တရားများပဲ။ အဲသည်လိုအဖြစ်မျိုး ထပ်မဖြစ်စေချင်ရင် တရားသာ နာနာ အားထုတ်ရမှာမဟုတ်ဘူးလားလို့ မေးခွန်းနဲ့ နိဂုံးချုပ်တော်မူတဲ့ ဆရာတော်ဆိုစကားကို လေးမြတ်စွာနားထောင်ရင်း သေခြင်းနဲ့ပတ်သက်လို့ တော်တော်ကြောက်သွားပါတယ်။ အထူးသဖြင့် နေရင်းထိုင်ရင်း ခဲနဲ့ပေါက်ခံပြီး ဒုတိယ သေရတဲ့ အဖြစ်မျိုးဟာ ဝဋ်ကြီးလိုသာ ခံရတာဖြစ်လို့ကြောက်စရာ အကောင်းဆုံး ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တချို့သော မြို့ရွာများမှာ အသုဘအဖြစ်မခံတဲ့ ရပ်ကွက်တွေ ရှိပါတယ်။ အဲသည်လို အသုဘဖြစ်ရင်ကော ဘာဖြစ်သလဲ။ တကယ်တော့ အဲသည်လမ်းထဲမှာ နေတဲ့သူများ သေဆုံးတော့ရော လမ်းတစ်လျှောက်ကနေပြီး သယ်သွားရမှာ မဟုတ်ဘူးလား။ သေခြင်းတရားကို ရှောင်တဲ့နည်းတွေက အဲသည်လောက် သဘာဝမကျဖြစ်နေလောက်အောင် သေခြင်းကို ကြောက်နေတဲ့အထဲမှာ သေချင်နေတဲ့သူများဟာ တဒင်္ဂ စိတ်ကလေးကို မထိန်းနိုင်လို့ပဲ သေချင်သွားတာ ဖြစ်ပါတယ်။ တကယ်တော့ ဒေါသဖုံးလွှမ်းပြီး ဆိုးကျိုးများကို မမြင်နိုင်အောင် ကန်းလို့ပဲ အဲသည်လိုဖြစ်တာပါပဲ။

အရှက်နဲ့ လူလုပ်တာ၊ အသက်နဲ့ လူလုပ်တာမဟုတ်ဘူးဆိုတဲ့စကားကို ကြားဖူးကြသူ များပါတယ်။ အရှက်ကို သူတစ်ပါးကဲ့ရဲ့တာ ခံရခြင်း၊ လျှော့ကျနိမ့်ပါးခြင်း၊ သိမ်ငယ်ခြင်းတို့ကြောင့် ဖြစ်ပေါ်လာတဲ့ ခံစားမှုအနေနဲ့ ဖွင့်ဆိုမလား။ မကောင်းမှုပြုရမှာ ရှက်ခြင်း၊ မကောင်းမှုကို ကြောက်ခြင်းဆိုတဲ့ ဟိရီဩတ္တပ္ပနဲ့ ဖွင့်မလား။ တကယ်တော့ ဒုတိယအဖွင့်က မမှားနိုင်တဲ့အဖွင့် ဖြစ်ပါတယ်။ ဘုရားဟောတရားထဲမှာ ပါလို့ပါပဲ။ သေသေချာချာတွေးကြည့်ရင်လည်း အမှန်တရား ဖြစ်ကြောင်း သိနိုင်ပါတယ်။

သူတစ်ပါးကဲ့ရဲ့တာကို ခံရခြင်း၊ မဟုတ်မမှန် စွပ်စွဲတာကို ခံရခြင်းနဲ့ ပတ်သက်လို့လည်း မြတ်စွာဘုရားက နတ္ထိ လောကေ အနန္ဒိတော လို့ ဖွင့်ဆိုထားပါတယ်။ လောကေ၊



လောက၌။ အနန္ဒိတော၊ အကဲ့ရဲ့လွတ်သောသူသည်။ နတ္ထိ၊ မရှိတဲ့။ သိပ်ကိုရှင်းပါတယ်။ မြတ်စွာဘုရား ဖြစ်တော်စဉ်တွေကို ဖတ်ကြည့်ရင်လည်း သုန္ဒရီလို မိန်းမ၊ စိဉ္စမာနလိုမိန်းမများက စွပ်စွဲတာကို ခံခဲ့ရဖူးပါတယ်။ မဟုတ်တဲ့တွက် ကဲ့ရဲ့ခြင်းများဟာ ပေါ်သွားတာပါပဲ။ အရေးကြီးတာက ကဲ့ရဲ့ခံရတဲ့သူက မမှားဖို့ပဲ လိုအပ်ပါတယ်။

ဒီဆောင်းပါးခေါင်းစဉ်က မသတ်ဘဲနဲ့လည်း သေတတ်တယ်ဆိုတာက ကိုယ်ခန္ဓာရှင်သန်ခြင်းကို ဖြတ်တောက်ဖို့ မလိုပါဘူး။ အနေမတတ်ရင် မြန်မြန်လည်းသေမယ်။ အသေလည်းဆိုးမယ်။ ကိုယ်ခန္ဓာက မသေပေမယ့် ဂုဏ်သိက္ခာက ကိုယ်ကိုယ်တိုင် ကျူးလွန်တဲ့အပြစ်ကြောင့် လျှော့ကျသွားတယ်လို့ဆိုရင်လည်း သေတာပါပဲ။ မကောင်းမှုကို မကြောက်တတ် မရှက်တတ်တဲ့သူဆိုတာ ကြာလာတော့လည်း ဖုံးမရ ဖိမရနဲ့ ပေါ်သွားတတ်တော့ အသက်ရှင်ပါလျက်နဲ့ သေသွားတတ်ပါတယ်။ လူများက ဆေးဖော်ကြောဖက် မလုပ်ချင်တတ်တော့ပါဘူး။ အောင်မယ် မထင်နဲ့။ အဲသည်လိုလူမျိုးတွေ ပြန်လည်ရှင် သန်ကြီးပွားနေတာကို တွေ့ဖူးတယ်လို့ ပြောတဲ့သူတွေလည်း ရှိမှာပါပဲ။ စာရေးသူလည်း တွေ့ဖူးပါတယ်။ စောင့်ပြီးကြည့်မနေနဲ့၊ သတိရတဲ့အခါမှာ ဖျတ်ခနဲကြည့်လိုက် နေရာမှာ မရှိတော့တာကို တွေ့ရပါလိမ့်မယ်။ ဘယ်သူကမှ သူ့ကို နေရာကဖယ်တာ မဟုတ်ပါဘူး။ သူ့ဘာသာသူ မနေနိုင်တော့လို့ ထွက်သွားရတာပါပဲ။ မသတ်ဘဲနဲ့လည်း သေတတ်တဲ့ အဲသည်လိုမျိုးတွေလည်း ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## လူတွေ စိတ်ဓာတ်မကျဖို့
## ပတ်ဝန်းကျင်မှာလည်း တာဝန်ရှိတယ်

မိမိကိုယ်ကို သတ်သေတဲ့သူများဟာ ကိုယ်ရည်ကိုယ်သွေးမှာ အနာအဆာပါနေတာကြောင့် မိမိကိုယ်ကို သတ်သေတာဖြစ်တယ်ဆိုတဲ့ အဆိုကို စိတ်ပညာစာအုပ်တစ်အုပ်ထဲမှာ ဖတ်ရဖူးပါတယ်။ တကယ်တော့ ဘုရား ရဟန္တာများ တကယ့်ကို မင်ဆိုက် ဖိုလ်ဆိုက်ဖြစ်နေတဲ့ အရိယာနွယ်ဝင်များကလွဲလို့ ကျန်တဲ့ ပုထုဇဉ်များရဲ့ ကိုယ်ရည်ကိုယ်သွေးဟာ အရည်အချင်းပြည့်မီတယ်လို့ ဘယ်လိုမှ မပြောနိုင်ပါဘူး။ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်က ပုထုဇနော ဥမ္မတ္တကော ပုထုဇဉ်တိုင်းဟာ (တစ်နည်းနည်းနဲ့) ရူးနေတဲ့သူများဖြစ်တယ်လို့ မိန့်တော်မူပါတယ်။ တစ်နည်းဆိုရင်တော့ ပုထုဇဉ်များရဲ့ ကိုယ်ရည်ကိုယ်သွေးဟာ သူ့အတိုင်းအတာနဲ့သူ မပြည့်မီတဲ့ ကိုယ်ရည်ကိုယ်သွေး ဖြစ်တယ်လို့ဆိုရင်လည်း မှန်ပါတယ်။

အဲသည်ကိုယ်ရည်ကိုယ်သွေး အပိုအလိုများကို ညှိပေးနိုင်တာဟာ သတိနဲ့ ပညာ ဖြစ်ပါတယ်။ ပညာဆိုလို့ စာသင်ရာက ရလာတဲ့သုတပညာများကို ဆိုလိုတာမဟုတ်ပါဘူး။ အမှားနဲ့အမှန်ကို ထိုးထွင်းသိမြင် ဆင်ခြင်နိုင်တဲ့ သတိနဲ့တွဲနေ



တဲ့ ပညာဖြစ်ပါတယ်။ မိမိကိုယ်ကို စစ်စစ်ဆေးဆေးနဲ့ ငါတွေးတာ ဟုတ်ပါရဲ့လား။ ငါပြောတာ ဟုတ်ပါရဲ့လား၊ ငါလုပ်တာ ဟုတ်ပါရဲ့လားလို့ သတိအမြဲထားနေတဲ့သူဟာ ကိုယ်ရည်ကိုယ်သွေး ကျဆင်းမှု နည်းပါးတတ်ပါတယ်။ စိတ်ပညာစာအုပ်တွေထဲမှာလည်း ရယ်စရာလိုလိုနဲ့ စိတ်ဝင်စားစရာကောင်းတဲ့ အဆိုအမိန့်တစ်ခု ပါပါတယ်။

လူတွေဟာ ငါများ ရူးနေသလားလို့ တွေးရင် မရူးသေးပါဘူးတဲ့။ ရူးနေတဲ့သူများဟာ သူတို့ကိုယ်ကိုသူတို့ ဘယ်တော့မှ ရူးသွပ်တယ်လို့ မထင်ပါဘူးတဲ့။ ဟုတ်တာပေါ့လေ။ ဘဝင်ကိုင်တယ်ဆိုတာ သဘာဝကနေပြီး အနည်းနဲ့အများ တိမ်းစောင်းနေတဲ့သူများမှာ ဖြစ်တတ်တဲ့စိတ်ပဲလေ။ ကိုယ့်ကိုယ်ကို အရှိထက်ပိုပြီး အထင်ကြီးတာ၊ သူများကို ရှိတာထက် ပိုပြီး အထင်သေးတာဟာ ဘဝင်သမားများရဲ့ အလေ့အထ ဖြစ်ပါတယ်။

သူ့စိတ်က သူများစိတ်ထက် လွင့်တက်မြင့်မောက်နေတက်လေတော့ ကျစရာရှိရင်လည်း အထိန်းအကွပ်မရှိ ကျသွားတတ်ပါတယ်။ အမြင့်က ကျရတာဆိုတော့ အရှိန်ပြင်းတတ်ပါတယ်။ အဲသည်လို အရှိန်ပြင်းရင် အကျနာတာပေါ့။ အဲသည်လို အကျနာလာရင် ဒဏ်ရာကပြင်းတော့လူဆိုရင်လည်း အမြင့်ကိုပြန်တက်ဖို့ ခက်သွားတတ်ပါတယ်။ စိတ်ဆိုတာလည်း အဲသည်လိုပါပဲ။ တလူလူနဲ့ မြင့်နေရာက ကျသွားရင် စိတ်ကျရောဂါ ဝင်တတ်ပါတယ်။ အဲသည်လိုလူမျိုးတွေ

www.burmeseclassic.com

www.burmeseclassic.com



ခဏခဏတွေ့ဖူးတယ် မဟုတ်လား။ ပြောလိုက်ရင် စီးလားနင်းလားနဲ့။ သူမှ ဝင်ငွေများတာ၊ အဆင့်မြင့်မြင့် နေတတ်ထိုင်တတ်တာ၊ သူ့ကို လူတွေက မနာလိုဖြစ်နေတာစသည်စသည်ဖြင့် မဟုတ်တာတွေကို ပြောနေတတ်ပါတယ်။ သိပ်ချမ်းသာတဲ့သူများဟာ သိုသိုသိပ်သိပ် နေတတ်ပါတယ်။ သူ့ထက်ကောင်းတဲ့ ပစ္စည်းများကို သုံးနေရင်တောင်မှ ကြည့်ပါဦး၊ ဘယ်လောက်တောင် ပေးရတာ။ ဘယ်ကိစ္စကို ဆောင်ရွက်လိုက်တာ ဘယ်လောက်ရတယ်လေ ဆိုတာမျိုးတွေကို မပြောတတ်ပါဘူး။

အဲသည်လိုလူမျိုးတွေ စိတ်ကျရောဂါကို ခံစားရတဲ့အခါမှာ လူကိုယ်တိုင် ပစ်လဲသွားတတ်တာကို တွေ့ရဖူးပါတယ်။ ငိုလိုငို ရယ်လိုရယ်နဲ့၊ များသောအားဖြင့်တော့ သူ့ပတ်ဝန်းကျင်က လူတွေက မကောင်းဘူးဆိုတဲ့စကားကို ပြောတော့တာပါပဲ။ အဲသည်လိုဘဝင်မျိုးအပြင် လူကြီးမှန်းမသိ လူငယ်မှန်း မသိ ငါသည်ကားဟုဆိုရင် ဆိုတဲ့ဘဝင်တွေကလည်း များရှာသားပါပဲ။

အဲသည်လို စိတ်အနေအထား တိမ်းစောင်းနေတဲ့သူများဟာ ပတ်ဝန်းကျင်က မကောင်းရင် ပိုပြီးဆိုးသွားတတ်ပါတယ်။ သူ့အဖြစ်က သိပ်ချစ်စရာမကောင်းပေမယ့် တကယ်တော့ သူလည်းလူသားတစ်ယောက် ဖြစ်ပါတယ်။ သူများနဲ့မတူဘဲ သူများကို စိတ်အနှောင့်အယှက်ဖြစ်စေတဲ့ အပြောအဆိုအပြုအမူတွေ ရှိနေတာက ကိုယ်နဲ့မသိခင် သူဖြတ်သန်းခဲ့ရတဲ့



ဘဝအတွေ့အကြုံများက ပုံသွင်းပေးသလို ဖြစ်နေတတ်ပါတယ်။ အဲသည်တော့ အဲသည်လိုလူမျိုးကို မေတ္တာပေးဝေနိုင်တဲ့ နားလည်မှုပေးဝေနိုင်တဲ့ ကလျာဏမိတ္တအဖြစ် ဆက်ဆံပေးနိုင်ရင်တော့ ကောင်းပါတယ်။ တကယ်တော့လည်း များနှင့်လွယ်ကူလှတဲ့ ကိစ္စမဟုတ်ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ်ပါလေ။ နားလည်မှုထားပြီး စကားပြောပေးရင်း ပြုံးရွှင်ရယ်မောလာရင် သူ့ဘာသာသူ အေးအောင်နေတတ်လာပြီဆိုရင် ကိုယ့်ကို မေ့သွားလည်း စိတ်မဆိုးပါနဲ့။ စိတ်မမှန်ခင်က ကိုယ့်ကို တွယ်တာတယ်။ ကိုယ့်ကို မှီခိုတယ်။ အခု မေ့သွားပြီဆိုတော့ သူစိတ်မှန်သွားပြီပေါ့လို့သာ တွေးပြီး ဝမ်းသာလိုက်ပါတော့။

အဲသည်လို ကလျာဏမိတ္တများ ရှိနေရင် တော်တော်တန်တန် ကိုယ်ရည်ကိုယ်သွေး မပြည့်တဲ့သူဟာ သူ့ဘာသာသူ ပြင်ဆင်ပြီး နေသွားနိုင်လောက်ပါတယ်။ အဲသည်လိုမှမဟုတ်ဘဲ မိသားစုထဲမှာ နားလည်မှုမရဘဲ အမြဲလို မေတ္တာငတ်နေမယ်၊ အနှိမ်ခံနေရမယ်ဆိုရင် စိတ်ဆင်းရဲစရာတွေ များစွာဆက်လက်ဖြစ်ပေါ်လာနိုင်ပါတယ်။ စိတ်ဆင်းရဲနေတဲ့သူကို ပိုပြီးနှိမ်တာဟာ လူကောင်းတွေရဲ့အလုပ် မဟုတ်ပါဘူး။ တစ်ခါတုန်းက နာရေးကြော်ငြာတစ်ခုကို ဖတ်လိုက်ရပါတယ်။ ကွယ်လွန်သူကို ညွှန်းထားတဲ့ ချစ်လှစွာသော ညီမောင်ဆိုတဲ့ စကားကို တွေ့လိုက်ရတဲ့အခါ ကျွန်မစိတ်မကောင်းဖြစ်နေရာက ပြုံးလိုက်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆုံးသွားသူဟာ သိပ်ပြီး စိတ်မပြည့်ရှာပါဘူး။ သို့သော် သွက်သွက်ခါနေတာ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လည်း မဟုတ်ပါဘူး။ ကောင်းစွာ သိတတ်နားလည်ပါတယ်။ အဲ ခပ်ကြောင်ကြောင်တော့ ဖြစ်နေတာပေါ့။ အခြေကြီး အနေ ကြီး မိသားစုက မွေးလာတဲ့သူပါ။ သို့ပေမယ့် ငယ်စဉ်ကတည်း က စာသင်တာ သိပ်မတတ်ဘူး။ အတန်းသိပ်မရဘူး။ အဲသည် တော့ သူဟာ ဘာမှလည်းမလုပ်နိုင်ဘဲ မိဘများ အခြေအနေ ပျက်ယွင်းသွားပြီး ဆုံးပါးသွားကြတဲ့အခါမှာ အစ်ကိုလတ်နဲ့ လိုက်နေရပါတယ်။ အစ်ကိုလတ်တို့ ခေတ်တုန်းကတော့ မိ ဘများက လျှမ်းလျှမ်းတောက်နေတုန်း ဖြစ်ပါတယ်။

အစ်ကိုလတ်ဟာ ဧည့်သည်လာရင် သူ့ကို ဝရန်တာ မှာ ထုတ်ထားပြီး ဧည့်ခန်းထဲဝင်မလာအောင် ဧည့်ခန်းတံခါး ပိတ်ထားပါသတဲ့။ ဘာဖြစ်လို့ ထမင်းစားခန်းနဲ့ အိပ်ခန်းများ ထဲကို ထည့်မထားသလဲတော့ ကျွန်မ မသိပါဘူး။ ကျွန်မက သူတို့ဆွေမျိုးတွေပြောတာကို ပြန်ကြားရတာ ဖြစ်ပါတယ်။ အဲသည်ညီငယ်ဟာ စိတ်ဆင်းရဲစွာနဲ့ သေသွားရတာပါ။ ပိုပြီး သွက်သွက်လည်မသွားတာပဲ ကံကောင်းသေးတယ်လို့ ပြောရ ပါမယ်။

မိသားစုပတ်ဝန်းကျင်ဟာ ပတ်ဝန်းကျင်ထဲမှာ အရေး အကြီးဆုံး ဖြစ်ပါတယ်။ သေခါမှ လူကြားကောင်းအောင် ချစ်လှစွာသောတွေ ဘာတွေထည့်လည်း သေသူက မသိတော့ ပါဘူး။ မသေခင်မှာ ကြော် သနားပါတယ်လို့ မေတ္တာနဲ့ ဆက်ဆံနိုင်ရင် အကောင်းဆုံးဖြစ်ပါတယ်။

ကျွန်မ စထားခဲ့တဲ့စကားကို ပြန်ဆက်ရရင်တော့ မိမိ



ကိုယ်ကို သတ်သေတာဟာ ပထမဆုံး အပြစ်တင်ရမှာကတော့ မိမိအသက်ကို မနှမြောတဲ့သူပဲဖြစ်ပါတယ်။ သဘာဝကနေ သွေဖည်နေလို့ပါပဲ။ အဲသည်လို အဖြစ်ဆိုးမျိုးကိုရောက်အောင် တွန်းပို့နေတဲ့ မိသားစုကိုလည်း အပြစ်တင်ရတော့မှာပါပဲ။ စိတ်ဓာတ်ကျတတ်တဲ့သူကို မိသားစုပတ်ဝန်းကျင်က နား မလည်နိုင်တာ ဆန့်ကျင်တာ အထင်အမြင်သေးတာဟာ သူ့ကို သေတွင်းရောက်အောင် တွန်းပို့ခဲ့တာပဲဖြစ်ပါတယ်။ လက်တွေ့ ခံစားနေရတဲ့ သူများအနေနဲ့ သည်းခံပြီး မေတ္တာထားပါလို့ ပြောတာ လွယ်တယ်။ ဘယ်လောက်အခံရ ဆိုးသလဲဆိုတာ ခံစားဖူးမှ သိမယ်လို့ ပြောချင်ကြမှာပါပဲ။

ဟုတ်ပါတယ်။ စိတ်က သဘာဝကျကျမရှိဘဲ တိမ်း စောင်းနေပြီဆိုမှတော့ တွေးတောတာ ပြောတာဆိုတာ လုပ် တာတွေက မမှန်နိုင်ပါဘူး။ အနီးရှိလူများကို ဒုက္ခပေးတတ် တာကိုက စံလွဲနေသူများရဲ့ သဘာဝဖြစ်ပါတယ်။ သို့ပေမယ့် ပိုဆိုးမသွားအောင် သေချာစွာစောင့်ရှောက် သွန်သင်ပေးထား ရင် သတ်သေတဲ့အထိတော့ ဖြစ်မသွားနိုင်လောက်ပါဘူး။ အထူးသဖြင့် အပယ်ခံထားရတယ်ဆိုတဲ့ ခံစားချက်ကို မခံစား ရအောင် သတိထားပြီး စောင့်ရှောက်ဖို့လိုပါတယ်။ ပတ်ဝန်း ကျင်ဟာ ကောင်းစွာမွေးမြူစောင့်ရှောက်ခြင်းကို ပေးစွမ်းနိုင် တယ်ဆိုရင် တိမ်းစောင်းမှုဟာ ပြန်လည်တည်ငြိမ်တတ်သွားပြီး သဘာဝကျတဲ့စိတ်အထားကို ပြန်လည်ပိုင်ဆိုင်လာတတ်ပါ တယ်။

www.burmeseclassic.com

# မမှန်တဲ့နည်းနဲ့ သေခြင်းဟာ ထွက်ပေါက်မဟုတ်ဘူး

မိမိကိုယ်ကို သတ်သေတဲ့သူများလို့ ပြောလိုက်ရင် ငယ်ရွယ်တဲ့ အထူးသဖြင့် စိတ်ထားနုနယ်တဲ့ မိန်းကလေး မိန်းမငယ်များကိုသာ ပြေးမြင်လိုက်တတ်ကြပါတယ်။ သို့ပေမယ့် လောကကြီးက ဆန်းကြယ်လေတော့ ယောကျ်ားရင့်မာကြီးတွေလည်း သတ်သေတတ်တယ်ဆိုတာ သိရပါတယ်။ သတ်သေတယ်လို့ဆိုတဲ့နေရာမှာ အချစ်ရေး မပြေလည်တာကြောင့်ချည်းတော့ သတ်သေတာ မဟုတ်ပါဘူး။ လောကကို ရင်မဆိုင်နိုင်လောက်အောင် စိတ်အင်အားလျော့ပါးသွားတာကြောင့် သတ်သေတာတွေလည်း ရှိပါတယ်။ ပမာဏအားဖြင့် သေးတာလည်း ရှိတာပေါ့။ ဥပမာ ဆရာသော်တာဆွေရေးတဲ့ ကျွန်တော့်ဘဝဇာတ်ကြောင်းထဲမှာ မိမိကိုယ်ကို သတ်သေတဲ့ လူတစ်ယောက်အကြောင်းကို ဖတ်လိုက်ရပါတယ်။ ဆရာသော်တာဆွေနဲ့ ခင်မင်တဲ့သူတစ်ယောက်ဟာ စိတ်တိုစိတ်ဆတ်တဲ့ လူတစ်ယောက် ဖြစ်ပါတယ်တဲ့။ မြင်းလှည်းမောင်းတဲ့ အဲသည်လူကို မြင်းနဲ့ မြင်းလှည်းပိုင်ရှင်က သူလုပ်ရမယ့်တာဝန်ကို ကျေပွန်အောင် မလုပ်ရကောင်းလားဆိုပြီး ကြိမ်းမောင်းပါသတဲ့။



အဲသည်လိုကြိမ်းမောင်းတာကို ရှက်လှတယ်လို့ဆိုပြီး အဲသည်မြင်းလှည်းသမားဟာ သူ့ကိုယ်သူ သတ်သေသွားပါသတဲ့။ ကြည့်ပါဦးတော့။ ဘယ်လိုမှ အဓိပ္ပာယ်မရှိတဲ့ ခံစားချက်ဖြစ်ပါတယ်။ မသေသင့်ဘဲနဲ့ သေရတာပဲပေါ့။

သူ့ကိုယ်ရည်ကိုယ်သွေးကို နည်းနည်းပြန်ပြီး စဉ်းစားရင် စိတ်သိပ်ဆတ်တယ်ဆိုတာကို တွေ့ရပါတယ်။ ဘယ်အရာမဆို ဆတ်ရင် ကျိုးလွယ်ပါတယ်။ စိတ်ဆတ်တဲ့သူဆိုတာ ဒေါသကြီးတဲ့သူ ဖြစ်ပါတယ်။ အဲသည်လို ဒေါသကြီးတဲ့သူဟာ ဖျတ်ခနဲစိတ်အကျမှာ ထိန်းမရတော့ဘဲ သတ်သေလိုက်တာပါပဲ။ ဆရာသော်တာဆွေကလည်း သူ့မှာအပြစ်ရှိလို့ ဆူတာကလေးနဲ့ သတ်သေတာကို သဘောမကျတဲ့လေသံနဲ့ ရေးထားပါတယ်။ အများသူငါက လက်ခံတဲ့ပုံမှန်စိတ်ထားရှိတဲ့ သူများကတော့ သူ့လုပ်ရပ်ကို ဩော် ဖြစ်ရပလေလို့ ကရုဏာနဲ့ပြောမယ့်အစား အောင်မလေးဟဲ့ ဖြစ်မှဖြစ်ရပလေ၊ ဒါကလေးနဲ့များလို့ ပြောကြမယ်ထင်ပါတယ်။

မကြာခင်က နိုင်ငံကြီးတစ်နိုင်ငံက ပညာကြီးမားတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်ဟာ နိုင်ငံရေးသမားများရဲ့ အရှုပ်တော်ပုံထဲကို ဆွဲထည့်ခြင်းခံရပြီး သူ့သိက္ခာ သူ့အမည်ထိခိုက်သွားတာကို ခံခဲ့ရပါတယ်။ အဲသည်လိုခံရတာကို လူရိုးကြီး တစ်ယောက်ဖြစ်တဲ့ လက်နက်ပါရဂူကြီးဟာ မခံစားနိုင်ရှာတော့ပါဘူး။ အဲသည်တော့ ကိုယ့်ကိုယ်ကို သတ်သေသွားခဲ့ပါတယ်။ အဲသည်ကိစ္စက တကယ့်ကို တိုင်းစက်မကောင်းစရာ

www.burmeseclassic.com



ကိစ္စဖြစ်ပါတယ်။ အခုထက်တိုင် အဲသည်ကိစ္စနဲ့ ပတ်သက်ပြီး ဖြေရှင်းလို့မပြီးသေးပါဘူး။ ပညာရှင်ကြီးကို သတ်သေစေတဲ့အထိ တွန်းပို့လိုက်တဲ့ နိုင်ငံရေးသမားဟာ အကျပ်အတည်းနဲ့ ရင်ဆိုင်နေရပါတယ်။

ကျွန်မပြောချင်တာကတော့ သိပ်ရိုးသားတဲ့ ပညာရှင်ကြီးနဲ့ပတ်သက်ပြီး ပြောချင်တာပါ။ တကယ်လို့သာ ရှက်စရာကိစ္စက သူ့အပြစ်မဟုတ်ဘူး။ သူ့ကိုစေခိုင်းလို့သာ လုပ်ရတာဖြစ်တယ်။ အဲသည်လို သူ့ကိုစေခိုင်းတယ် ဆိုတာကိုလည်း ပေါက်ကြားရမှာမဟုတ်ဘဲ ပေါက်ကြားစေခဲ့တယ်။ အဲသည်တော့ ရှက်စရာကောင်းတာက သူမဟုတ်ဘူး။ နိုင်ငံရေး ကျားကွက် ရွှေ့တဲ့သူဖြစ်တယ်လို့ စဉ်းစားပြီး တင်းခံလိုက်မယ်ဆိုရင် အမှန်တရားပေါ်ပေါက်လာတဲ့အခါမှာ သူ့အပြစ်လို့ သတ်မှတ်ပြောဆိုနေကြတာတွေဟာ နေလာနှင်းပျောက် ဖြစ်သွားမှာပါပဲ။

တကယ်တော့ သိပ်ပြီးသိသိပ်ဖုံးဖိတတ်တဲ့သူ မပွင့်လင်းတဲ့သူများဟာ ခံစားချက်က ပွင့်ထွက်မသွားတော့ ရုတ်တရက် ပေါ်ပေါက်လာတဲ့ စိတ်ဆင်းရဲမှုကို မတွန်းလှန်နိုင်ကြပါဘူး။ တကယ်တော့ လူသူအများ ကဲ့ရဲ့ခြင်းဆိုတာကလည်း ၇ ရက်လောက်သာ ခံတာပါလေ။ ချီးမွမ်းတာကိုခံရလည်း စိတ်မြောက်မသွားဘဲ ထိန်းနိုင်တယ်ဆိုရင် ကဲ့ရဲ့တာကို ခံရလည်း စိတ်မကျဘဲ ထိန်းနိုင်ရမယ် ဖြစ်ပါတယ်။ အဲသည်လို ဖြစ်ဖို့ဆိုတာကလည်း ပြောတော့သာလွယ်တာပါ။



တကယ့်တကယ်တော့ အတော်လေးကျင့်ပြီး ယူရမှာဖြစ်ပါတယ်။

တစ်ခါတုန်းကလည်း စိတ်ရောဂါနဲ့ပတ်သက်တဲ့ ဝတ္ထုတစ်ပုဒ်ကို ဖတ်လိုက်ရပါတယ်။ ကွင်းဆင်းလေ့လာပြီး ရေးတဲ့ဝတ္ထုဖြစ်တယ်လို့ ဆိုပါတယ်။ ဝတ္ထုထဲက ဇာတ်ကောင်ဟာ ဆင်းရဲလွန်းလို့ ဆွေမျိုးများရဲ့အထောက်အပံ့နဲ့ ကျောင်းတက်နေရပါတယ်တဲ့။ ဆွေမျိုးတစ်ယောက်တည်းက ထောက်ပံ့တာမဟုတ်ဘဲ တစ်ယောက်ချင်းက နည်းနည်းစီစုပြီး ထောက်ပံ့တာကို ယူရတာဖြစ်ပါတယ်။ သူက အတန်းဖော်မိန်းကလေးနဲ့ စာတိုက်မှာ တွေ့ပါတယ်။ ငွေနည်းနည်းကလေး ထုတ်ယူတာကို မိန်းကလေးမြင်သွားမှာလည်း သူက စိုးရိမ်သေးတာပါ။ အဲသည်လို သိမ်ငယ်ဆင်းရဲစွာနေရင်း တက္ကသိုလ်မှာ သူယူရတဲ့ ဘာသာရပ်ကလည်း စိတ်ပညာဖြစ်ပါသတဲ့။ နောက်တော့ သူ့ကိုဆက်ပြီး မထောက်ပံ့နိုင်တော့တဲ့အကြောင်း ဆွေမျိုးတစ်ယောက်ဆီက စာလည်းရပြီးရော သူ့ကိုယ်သူ သတ်သေလိုက်ပါတယ်တဲ့။ ဘဝအမောများကို သရုပ်ဖော်တဲ့ဝတ္ထု တစ်ပုဒ်ပေါ့လေ။

စာရေးသူကတော့ အဲသည်လိုထွက်ပေါက်ပိတ်နေတဲ့ ဇာတ်ကြောင်းများကို ဖတ်တိုင်း ထွက်ပေါက်ကြီးကို မျှော်ပေးပြီး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်နေတဲ့ သူများကို မြင်နေရပါတယ်။ တကယ်တော့ အခုနဇာတ်လမ်းထဲက ကျောင်းသားဟာ စာပေးစာယူနဲ့ ဘွဲ့ယူလို့ရတဲ့အချိန်မှာ ဘာဖြစ်လို့ မရှိမဲ့ရှိမဲ့နဲ့

www.burmeseclassic.com



ဆင်းရဲတဲ့အဆွေအမျိုးများကို မှီခိုချင်ရတာပါလဲ။ အလုပ်တစ်ခုကို ရှာပြီးလုပ်ရင်း စာပေးစာယူတက်လို့ ရပါတယ်။ အလုပ်လုပ်နေလို့ ချက်ချင်းမတက်နိုင်ရင်လည်း နောက်မှ တက်လို့ရတာပါပဲ။ စာရေးသူနဲ့ ဆယ်တန်းအထိ အတူတူနေခဲ့တဲ့ သူငယ်ချင်းတွေဟာ ကျားကုတ်ကျားခဲ ကြိုးစားရင်း အင်မတန်မှ နောက်ကျတဲ့အချိန်လို့ ပြောနိုင်တဲ့အချိန်ရောက်မှ စာပေးစာယူသင်တန်းကို တက်ခွင့်ရခဲ့ပါတယ်။ အခုဆိုရင် ဘွဲ့နှစ်ခုလောက်စီ ရပြီးနေပြီဖြစ်ပါတယ်။

တကယ်တော့ အသက်ရှင်နေခြင်းကိုက ထွက်ပေါက်ကြီးတစ်ခု ဖြစ်ပါတယ်။ နည်းနည်းအားထည့်လိုက်ပါ။ ကျပ်တည်း ကျဉ်းမြောင်းတဲ့ နေရာကနေပြီး လွတ်သွားပါမယ်။ ပြီးတော့ ဆက်လက်အားထည့်ထားပါ။ ကိုယ့်အနေနဲ့ ဘယ်လိုမှ လှမ်းလို့မရနိုင်လောက်ဘူးလို့ ထင်ရတဲ့နေရာကို ရောက်မှန်းမသိ ရောက်သွားတာကို တွေ့ရပါလိမ့်မယ်။

တစ်ခုပဲ ပြောချင်ပါတယ်။ ဘာမှမလုပ်ဘဲ ထိုင်ပြီး စိတ်ဆင်းရဲစရာတွေချည်း တွေးမနေနဲ့။ ပြောမနေနဲ့။ စိတ်ဆင်းရဲစရာဆိုတာ ကိုယ့်စိတ်ထဲကို အပြင်ကဝင်လာတာမဟုတ်ဘူး။ ကိုယ့်စိတ်ထဲတင် မွေးမြူလို့ ဖြစ်လာတာပါ။ ပြီးတော့ ကိုယ့်စိတ်ပြတင်းကိုဖွင့်ပြီး အပြင်က စိတ်ညစ်စရာတွေ ဝင်လာတာကို မတားဆီးဘဲ လက်သင့်ခံလို့ ပွားလာတတ်တဲ့သဘော ရှိပါတယ်။ အရေးကြီးတာက မသေခင်မှာ ကိုယ်ဖြစ်ချင်တာတွေ ဖြစ်လို့ရပါသေးတယ်။ အချိန်အတိုင်းအတာ တစ်ခုထိ



တော့ စောင့်ရမှာပေါ့။ သို့ပေမယ့် ထိုင်ပြီးစိတ်ညစ်ရင်း စောင့်လို့တော့ မရဘူးလေ။ ဘဝခရီးလမ်းကို လျှောက်လှမ်းရင်းသာ စောင့်လိုက်ပါ။ ဘယ်လိုနည်းနဲ့မှ ထွက်ပေါက်မတွေ့ဘဲ မနေပါဘူး။

မသေခင်မှာ မိမိထင်ထားတာထက် လုပ်ဆောင်နိုင်တဲ့ အရည်အသွေးတွေကလည်း တိုးတက်လာဦးမှာပါ။ ဘဝခရီးကို ကျားကုတ်ကျားခဲ အားထည့်ပြီး လျှောက်လှမ်းနေကြသူများအတွက် အားအင်တွေ တိုးပွားလာမှာသေချာပါတယ်။ အဲသည်တော့ မှားယွင်းတဲ့ထွက်ပေါက်ကိုများ မရွေးချယ်မိပါစေနဲ့။ သူများကြောင့် သေတဲ့သူမရှိပါဘူး။ ကိုယ်ညံ့လို့သာ ကိုယ်သေတတ်တာပါ။ လောကကြီးက တရားကို မတရားဘူးလို့ အောက်မေ့လာရင် အဲသည်မတရားမှုကို တရားမှုနဲ့အနိုင်ယူရမယ်လို့ ကိုယ့်ကိုယ်ကို အားပေးလိုက်ပါ။ သေချင်စိတ် ပျောက်သွားလောက်အောင် အားပြည့်လာပါလိမ့်မယ်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## မိမိကိုယ်ကို သတ်သေတဲ့နည်းကို ဘဝကိုဆောက်တည်ခြင်းနဲ့ အစားထိုးပါ

ပြီးခဲ့တဲ့ဆောင်းပါးတစ်ခုတည်းမှာ ပတ်ဝန်းကျင်ဟာ စိတ်နဲ့ ပတ်သက်လို့ ပြဿနာရှိနေတဲ့သူများကို ပုံမှန်စိတ်ပြန်ရအောင် ပတ်ဝန်းကျင်မှာလည်း တာဝန်ရှိတယ်လို့ တင်ပြခဲ့ပါတယ်။ ပတ်ဝန်းကျင်က လူများအပေါ်မှာ တော်တော်လွှမ်းမိုးနိုင်ပါတယ်။ အားကောင်းတဲ့သူများကတော့ ပတ်ဝန်းကျင်ကို မှန်ကန်တဲ့နည်းနဲ့ အံတုပြီး မိမိကိုယ်ကို ကောင်းစွာဆောက်တည်နိုင်ပေတာပေါ့။ စိတ်ဓာတ်အပြောင်းအလဲ မြန်တဲ့သူ ဟန်ချက်မညီတဲ့သူများရဲ့ တုံ့ပြန်မှုက သူများကိုဒုက္ခပေးတဲ့သူ၊ သတ်တဲ့သူများ ဖြစ်သွားနိုင်ပါတယ်။ ထို့အတူ မိမိကိုယ်ကို သတ်သေတဲ့သူများလည်း ဖြစ်သွားနိုင်ပါတယ်။ တစ်ခါတလေကျရင် နှစ်မျိုးစလုံးကို ကျူးလွန်တဲ့သူ ဖြစ်သွားနိုင်ပါတယ်။

ပဓာနအားဖြင့် အပြစ်တင်ရမှာကတော့ ကာယကံရှင်ရဲ့ ကိုယ်ရည်ကိုယ်သွေးဖြစ်ပါတယ်။ သို့ပေမယ့် ယာယီအားဖြင့် မှားယွင်းစွာတွေးခေါ်မှုကို ထိန်းသိမ်းပေးနိုင်တဲ့ မေတ္တာစိတ် ကရုဏာစိတ်ကြီးမားသူများရဲ့ နွေးထွေးတဲ့အပြောအဆို အပြုအမူများကြောင့် ဆိုးဆိုးရွားရွားကိစ္စများ မဖြစ်ပွားဘဲ ကောင်း



သွားတတ်တာလည်း ရှိပါတယ်။ အဲသည်လို ကူညီဖေးမပြီး ဟောပြောဆွေးနွေး အကြံပေးသူများဟာ သတိတော့ထားရပါမယ်။ သူမရှိရင် စိတ်ဓာတ်က ပြန်ပြီးကျမသွားအောင် ထိန်းတတ်ဖို့ သွန်သင်ပေးရမှာ ဖြစ်ပါတယ်။ မိမိကိုယ်ကို အားကိုးတဲ့စိတ် မိမိကိုယ်ကိုဆောက်တည်နိုင်တဲ့ အစွမ်းအစ တိုးတက်လာအောင် သွန်သင်ပေးရမှာ ဖြစ်ပါတယ်။

စိတ်ဝင်စားစရာကောင်းတာက သိပ်ဆင်းရဲတဲ့သူများထဲမှာ ကိုယ့်ကိုယ်ကို သတ်သေတဲ့အရေအတွက် နည်းပါးတတ်ပြီး စားနိုင်သောက်နိုင်နဲ့ အလုပ်ရယ်လို့ မယ်မယ်ရရမရှိ။ တာဝန်ရယ်လို့လည်း ကြီးကြီးမားမား မရှိတဲ့သူများမှာ သတ်သေတဲ့သူ အရေအတွက်များပြားတတ်တာပါပဲ။ တစ်နည်းပြောရရင် စိတ်လေတဲ့သူများဟာ ပျင်းလွန်းတော့ သေချင်လာရောဆိုပါတော့။ အဲသည်လိုလူများကိုလည်း အသက်ရှင်ခြင်းရဲ့ တန်ဖိုးကြီးမားပုံကို နားဝင်အောင်ပြောပေးနိုင်ရင် သူ့ကိုယ်သူ သတ်သေချင်နေတဲ့စိတ်က လွတ်မြောက်သွားအောင် ကူညီနိုင်ပါလိမ့်မယ်။ တကယ်တော့ တာဝန်သိစိတ်နဲ့ မိမိမိသားစု မိမိအသိုင်းအဝိုင်း မိမိရဲ့ဂုဏ်သိက္ခာကို တန်ဖိုးထားတတ်တဲ့ စိတ်ဟာ မိမိကိုယ်ကို ထိန်းတတ်တဲ့အကျင့်ကို ဖြစ်စေပါတယ်။

တချို့နိုင်ငံများက ရှေးဟောင်းထုံးဓလေ့များဟာ မိမိကိုယ်ကို သတ်သေခြင်းနဲ့ပတ်သက်ပြီး ဂုဏ်တစ်ခုလို့ ယူဆတတ်ကြပါတယ်။ တစ်နည်းဆိုရင် အပြစ်များကို ဆေးကြောခြင်းလို့လည်း ယူဆတတ်ကြပါတယ်။ တစ်ချိန်တုန်းက ဂျပန်

www.burmeseclassic.com



နိုင်ငံမှာ အဲသည်လို မိမိရဲ့အပြစ်ကို ဆေးကြောတဲ့အနေနဲ့ သတ်သေခြင်းကို ဟာရာကီရိ လို့ ခေါ်ပါတယ်။ အခမ်းအနား တစ်ခုအနေနဲ့ သတ်သေခဲ့ကြတာတောင်မှ ရှိပါတယ်။

နောက်ပိုင်းမှာလည်း မိမိကိုယ်ကိုသတ်သေခြင်းနဲ့ ပတ်သက်တဲ့ ကိုင်းညွှတ်မှုဟာ ဂျပန်အများအပြားမှာ ရှိတယ်လို့ ဖတ်ခဲ့ရဖူးပါတယ်။ ခေတ်တွေပြောင်းလာတဲ့အခါမှာတော့ ယဉ်ကျေးမှုဟာ ပြောင်းလဲလာပြီး အဲသည်လို သတ်သေတဲ့ အလေ့အထ နည်းပါးသွားလောက်ပြီထင်ပါတယ်။ ဂျပန် လူငယ်ကလေးတစ်ယောက်ဟာ နက္ခတ်တာရာများကို ညစဉ် ကြည့်ပြီး အသစ်တွေ့ရှိတဲ့ နက္ခတ်များကို သူတို့မျိုးရိုးအမည် ပေးနိုင်ဖို့ ကမ္ဘာ့နက္ခတ်တာရာအဖွဲ့ကို တင်သွင်းတဲ့အကြောင်း ဖတ်ဖူးပါတယ်။ ဘာဖြစ်လို့ အဲသည်လို လုပ်ရသလဲဆိုတော့ သူတို့အဖေဟာ မိသားစုကိုပစ်ပြီး ထွက်သွားတဲ့အတွက် သူ တို့မှာ အရှက်ရပါတယ်တဲ့။ အသစ်တွေ့ရှိတဲ့ နက္ခတ်တာရာ တစ်ခုခုကို အဲသည်အရှက်တရားရနေတဲ့ မျိုးရိုးအမည်နဲ့ ခေါ်ဆိုနိုင်ပြီဆိုရင် မျိုးရိုးဟာ အရှက်မရနိုင်တော့ဘူးလို့ သူ တွေးမိလို့ အဲသည်လို လုပ်တာပါတဲ့။ သူကြိုးစားတဲ့အတိုင်း အသစ်တွေ့တဲ့ ကြယ်တာရာတစ်ခုကို သူတို့မျိုးရိုးအမည် ပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ အဲသည်လို မိမိကိုယ်ကို သတ်သေ မယ့်အစား ကောင်းတဲ့အလုပ်တစ်ခု မိမိကိုယ်ကိုဆောက်တည် တဲ့အလုပ်တစ်ခုနဲ့ အစားထိုးတာဟာ ခေတ်ပြောင်းသွားလို့ လည်း ဖြစ်နိုင်ပါတယ်။ သေခြင်းဟာ အရှက်ကိုပယ်ဖျက်နိုင်တဲ့



ကိစ္စ၊ သေခြင်းဟာ လွတ်မြောက်ခြင်းဆိုတဲ့ အယူအဆကို မြန်မာများကတော့ လက်မခံခဲ့ပါဘူး။

အရင့်အရင် ဆောင်းပါးများထဲမှာလည်း ရေးသား တင်ပြခဲ့ပြီးပါပြီ။ သေခါနီးအချိန်မှာ အယူမလွဲဖို့ သိပ်အရေး ကြီးပါတယ်။ ရိုးရိုးသားသား သေတာတောင်မှ အယူမလွဲ အောင် သိပ်သတိထားရပါတယ်။ ကောင်းတဲ့အာရုံနဲ့ ဘဝ ကူးခဲ့ရင် မကောင်းတဲ့ဒုဂ္ဂတိကို မရောက်နိုင်ဘူးပေါ့။ ကောင်း တာတွေကို အများကြီးလုပ်ထားတဲ့သူများတောင်မှ သေခါ နီးမှာ မကောင်းတဲ့စိတ်ဝင်သွားရင် ဒုဂ္ဂတိကို ရောက်သွားတတ် ပါတယ်။ အဲသည်တော့ သေခါနီးအချိန်ဟာ သိပ်ကိုသိမ်မွေ့ တဲ့ သိပ်အရေးကြီးတဲ့အချိန် ဖြစ်ပါတယ်။

မိမိကိုယ်ကို သတ်သေတဲ့သူများဟာ တစ်ယောက် ယောက်ကို အာဃာတစိတ်ထားပြီး ငါ့ကိုဒီလိုဆက်ဆံတာ၊ ငါ့ကို ဒီလိုဂရုမစိုက်တာ နင်တော့ ငါ့ကိုယ်ငါ သတ်သေသွား ရင် ကြေကွဲရမယ်။ လူတကာ့တဲတွေးခွက်မှာ မျောစေရမယ် ဆိုပြီး အငြိုးတွေ အတေးတွေ ဒေါသတရားတွေနဲ့ သေလိုက်ရင် အရင်းဆုံးပြီး အရှုံးကြီးရှုံးတဲ့အလုပ်ကို လုပ်လိုက်တာဖြစ်ပါ တယ်။

ဘာဖြစ်လို့လဲဆိုတော့ တစ်ဖက်သားဟာ မသေခင်က တောင် ကိုယ့်ကိုဂရုမစိုက်တာ၊ သေမှတော့ ကြေကွဲနေမှာလား။ ဝေးသေးတယ်လို့ ပြောမှာပေါ့။ မပြောလောက်မှ ကိုယ့်အတွက် ဆွေးနေမယ့်အစား ဒေါသဖြစ်ချင်ဖြစ်မယ်။ အထင်သေးချင်

www.burmeseclassic.com

www.burmeseclassic.com



သေးမယ်။ သေတာတောင် ငါ့နာမည်ကို ညစ်ထေးအောင် လုပ်တယ်ဆိုပြီး မုန်းသွားမှာ တော့သေချာတယ်။ မစွန့်စားချင် ကြစမ်းပါနဲ့။ တစ်ဖက်သားက ဘယ်လိုနေမယ် မသိသလို ပတ်ဝန်းကျင်ကရော ကိုယ့်ကိုစုတ်တသပ်သပ်နဲ့ သနားနေမယ် ထင်ပါသလား။ မထင်ပါလေနဲ့။ ရူးလိုက်တာနော်။ မိုက်လိုက်တာနော်လို့ ပြောပြီး ၇ ရက်လည်ပြီးရင် မေ့သွားမှာဖြစ်ပါတယ်။

အဲ ကိုယ်ရည်ရွယ်တဲ့မြားက ကိုယ့်ကိုမွေးလိုက်တဲ့ မိခင်ဖခင်တို့ကိုတော့ ကောင်းစွာထိမှန်မှာ ဖြစ်ပါတယ်။ တသက်သက်ကို ဆွေးသွားကြမှာပါပဲ။ တကယ်လို့ ကိုယ်ရည်ရွယ်တာကလည်း ချစ်သူမဟုတ်ဘူး။ အဲသည်မိဘများကိုပဲ ရည်ရွယ်တာလို့ ဆိုရင်တော့ သတ်သေမှုနဲ့ ငရဲကျတာတောင်မှ မိဘကို ဒုက္ခပေးတဲ့အတွက် ငရဲမှာ ပိုပြီးကြာကြာကျခံရမှာပါပဲ။ ငရဲကလွတ်တော့ရော တိရစ္ဆာန်တို့ ပြိတ္တာတို့ အသူရကာယ်တို့စတဲ့ ဒုဂ္ဂတိဘုံတွေကို ရောက်သွားနိုင်ပါသေးတယ်။

အဲသည်လို အရှုံးကြီးရှုံးရတာက ကိုယ်ကိုယ်တိုင် ဖြစ်နေတဲ့အတွက် မလုပ်သင့်ဆုံးအလုပ် ဖြစ်ပါတယ်။ တကယ်လို့ သူများကို ကလဲ့စားချေချင်သလား။ ကောင်းပါပြီ။ နည်းတစ်နည်း ပေးလိုက်ချင်ပါတယ်။ မိမိကို အထင်အမြင်သေးတယ်လို့ ယူဆရတဲ့ မိသားစုကိုလည်း သူတို့ထင်သလို ကိုယ်မညံ့ဘူးဆိုတာ ပြောချင်သလား။ ကိုယ်က စွဲလမ်းတမ်းတစွာ ချစ်ခင်တာကို မထီမဲ့မြင်လုပ်တဲ့သူကိုပဲ ငါတော့ မှားပြီလို့ တွေးပြီး ဆွေးစေချင်သလား။ အဲသည်လိုဆိုရင်တော့ မိမိကိုယ်



ကို ကောင်းစွာမွေးမြူပြီး တိုးတက်သည်ထက် တိုးတက်အောင် ကြိုးစားပေတော့လို့ ပြောချင်ပါတယ်။ မိမိဘဝဟာ လှပသည်ထက် လှပလာမယ်။ အောင်မြင်သည်ထက် အောင်မြင်လာမယ်ဆိုရင် လွှတ်တဲ့ငါးက ကြီးတယ်ဆိုတဲ့သဘောအတိုင်း ကိုယ့်ကို လက်လွှတ်လိုက်မိတာ မှားပြီဆိုတဲ့ခံစားချက်ကို ခံစားသွားရမှာ ဖြစ်ပါတယ်။ အဲသည်လိုမဟုတ်တောင်မှ ငယ်ငယ်က ငါ့ကိုစွဲလမ်းပြီး မျက်ရည်တရွှဲရွှဲကျနေတဲ့ ကောင်မလေးမဟုတ်တော့ဘဲကိုး (ကောင်လေး မဟုတ်တော့ဘဲကိုး) လို့ တအံ့တသြနဲ့ ကြည့်ပါလိမ့်မယ်။ အဲသည်လိုမှမဟုတ် မကြည့်နိုင်လောက်အောင် သူ့ဘာသာသူ အလုပ်များနေ သိမ်ငယ်နေပါလိမ့်မယ်။ ကိုယ့်အမည်ကိုကြားရင် ဖျားသွားအောင်သာ လုပ်လိုက်ပေတော့။ မိန်းကလေးဖြစ်ရင်လည်း ဥဒုမ္ဗရဒေဝီလို ပြုံးနိုင်ရယ်နိုင်ပါတယ်။ တချို့ကဆိုရင် သေမယ်ဆိုရင်သာ မသနားတာ၊ မသေဘဲ ရှင်သန်ထက်မြက်နေမယ်ဆိုရင် ပြန်လည်ချဉ်းကပ်လာနိုင်ပါတယ်။ အဲသည်အချိန်မှာ ကိုယ့်ခံစားချက်က မူလခံစားချက်နဲ့ ပြောင်းပြန်ဖြစ်နေပါလိမ့်မယ်။ သေချင်တဲ့စိတ် ဝမ်းနည်းတဲ့စိတ်နဲ့ပြောင်းပြန် တစ်ပြန်ချဉ်းကပ်လာသူကို မယူခဲ့မိတာ မရခဲ့မိတာ ကောင်းလိုက်တာလို့ တွေးမိမှာပါပဲ။ သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး ကျွန်မလေ ရှင့်ကိုတာဖြစ်လို့ ချစ်ခဲ့မှန်းတောင်မသိဘူးလို့ အေးအေးကလေး ပြောနိုင်လာပါလိမ့်မယ်။

သူတစ်ပါးဆီက လက်မြှောက်အရှုံးပေးခြင်းကို သေ

www.burmeseclassic.com



ခြင်းနဲ့ လဲလှယ်မယူပါနဲ့။ အောင်မြင်မှုနဲ့ လဲလှယ်ယူပါ။ အစောပိုင်းကပြောခဲ့သလို ပြဿနာက မိသားစုအတွင်းမှာ ရှိတယ်ဆိုရင်လည်း အရှုံးမပေးဘဲ မိမိဘာသာ ရပ်တည်နိုင်အောင်ကြိုးစားပမ်းစား ထူထောင်ရင်း အချိန်က ကုန်မှန်းမသိ ကုန်သွားသလို အနီးစပ်ဆုံး ပတ်ဝန်းကျင်က အယူအဆများကလည်း ပြောင်းလဲသွားတတ်ပါတယ်။ စာရေးသူ ဖြတ်သန်းခဲ့ရတဲ့ ဘဝအဆစ်အပိုင်း အသိုင်းအဝိုင်းကျဉ်းကျဉ်းကလေးထဲမှာကို သားချစ် မညီ သားချီမမျှတဲ့ မိသားစုများကို တွေ့ဖူးပါတယ်။ ကိုယ်တိုင်လည်း သူတို့ကို အဲသည်လိုမဖြစ်သင့်ဘူးလို့ သတိပေးခဲ့တာပါပဲ။ အပြင်က သတိပေးစကားက သိပ်မထိရောက်ပါဘူး။ သူတို့ဘဝမှာ ဘာလုပ်လုပ် မအောင်မြင်တော့တဲ့ အချိန်မှာ သူတို့ တစ်ချိန်လုံးအထင်မကြီးဘဲ အမြဲလိုငေါက်ငမ်းနေခဲ့တဲ့ သမီးအကြီးက ဦးဆောင်ပြီး မိသားစုကို ပြန်လည်အောင်မြင်အောင် ထူထောင်ပေးတာကို ဝမ်းမြောက်ကျေးဇူးတင်လာကြပါတယ်။

တကယ်တော့ ဘဝမှာ အမြဲအောင်မြင်နေတဲ့သူချည်း မရှိနိုင်သလို အမြဲရှုံးနေတဲ့သူချည်းလည်း မရှိနိုင်ပါဘူး။ တချို့သူများမှာတော့ ဘဝက တကယ်ဆိုးပါတယ်။ အတိတ်ကံကျေးကြောင့်လည်း ဖြစ်နိုင်သလို ယခုဘဝမှာ မိမိကိုယ်တိုင် အဆုံးအဖြတ်များလို့လည်း ဖြစ်နိုင်တာပါပဲ။ အခက်အခဲအကျပ်အတည်းထဲကို ရောက်နေရင်တော့ ရုန်းကန်ရမှာ ထွက်ပေါက်ရှာရမှာ ဖြစ်ပါတယ်။ သို့ပေမယ့် မိမိရဲ့အသက်နဲ့ကိုယ်



အိုးစားကွဲပြီးမှ အကျပ်အတည်းက လွတ်ရတယ်ဆိုတာကတော့ သိပ်ရှုံးပါတယ်။ အရေးကြီးတာက မိမိကတစ်ဖန်ပြန်ပြီးအနိုင်ရတာကို ယခုဘဝမှာပဲ မိမိကိုယ်တိုင် ဝမ်းမြောက်ဝမ်းသာ ပြန်လည်ကြည့်ရှု ခံစားနိုင်ခွင့်ကို အရယူသင့်ပါတယ်။ အဲသည်လို အခွင့်အရေးကို ရနိုင်ဖို့ဆိုတာ အသက်ဓာတ်ကအားပြည့်နေဖို့ လိုပါတယ်။

ဒေါက်တာမတင်ဝင်း
(ပညာရေးတက္ကသိုလ်)

BURMESE CLASSIC .com

www.burmeseclassic.com